


# The VOICE Daily




Vol. 5 / No. 140 | Established in 2004 | ၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၂) ရက်၊ (Friday, Sep... ber 22, 2017)

# မြန်မာ - တရုတ် နယ်စပ် စီးပွားရေးဇုန်ဖော်ရန် စီစဉ်

**ရန်ကုန်၊ စက်တင်ဘာ ၂၂**

နှစ်နိုင်ငံအစိုးရများက သဘောတူညီထားပြီးဖြစ်သော မြန်မာ-တရုတ် နယ်စပ်ဒေသ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် ဖော်ဆောင်နိုင်ရန်အတွက် အောက်တိုဘာလဆန်းပိုင်း၌ တရုတ်တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

လတ်တလော ထိုဇုန်ဖော်ဆောင်နိုင်ရန်အတွက် တရုတ်နိုင်ငံဘက်က ညှိနှိုင်းကြားရေးမှူးချုပ်အဆင့်ရှိအဖွဲ့နှင့် မြန်မာနိုင်ငံဘက်ကလည်း ညှိနှိုင်းကြားရေးမှူးချုပ်အဆင့်ရှိ အဖွဲ့တစ်ခုစီ ဖွဲ့စည်းခြင်းများလုပ်ဆောင်နေပြီး ယင်းအဖွဲ့များက အောက်တိုဘာလ၌ မြန်မာနိုင်ငံဘက်တွင် တွေ့ဆုံရန် စီစဉ်နေခြင်းဖြစ်ကြောင်း စာ 2


ဓာတ်ပုံ – အောင်ထက်

# မောင်တော အကြမ်းဖက်မှုတွင် လုံခြုံရေးအပြည့်အဝ မပေးလိုက်နိုင်မှုကို တပ်ချုပ်တောင်းပန်

**ရန်ကုန်၊ စက်တင်ဘာ ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာလ ၂၁ ရက်က မောင်တောမြို့ပေါ်ရှိ အလိုတော်ပြည့် ဘုန်းကြီးကျောင်းတွင် ခိုလှုံနေသည့် ဒေသခံများနှင့်တွေ့ဆုံပြီး မောင်တော အကြမ်းဖက်မှုဖြစ်စဉ်တွင် လုံခြုံရေးအပြည့်အဝ မပေး စာ 3

## ကလေးမြို့တွင် လူဦးရေ တစ်သောင်းနီးပါး ရေဘေးဒဏ်သင့်


စာ 2
ဓာတ်ပုံ – ငြိမ်းသူမင်း

ကလေးမြို့အနောက်မြောက်ဘက်ကျေးရွာများသို့ ဆက်သွယ်သွားလာသည့် ဆည်ကြီးချောင်းတံတား ပျက်စီးသွားသည့်အတွက် ယာယီဝါးတံတားထိုး၍ သွားလာနေကြရသည်

## ပါကစ္စတန်၏ ဘင်္ဂါလီအရေး ကြောင်သူတော်မုဝါဒ
စာ 15


အတိုင်ပင်ခံပုဂ္ဂိုလ်၏မိန့်ခွန်း LED ဘုတ်တွင် ပြသစဉ် မီးပြတ်မှု အရေးယူမည် စာ 25

ထိုင်းဘုရင့်သမီးတော်၏ ထူးချွန်ဆရာဆု ဝက်လက်မှ အလယ်တန်းပြဆရာရရှိ စာ 12

ပိုမိုလွယ်ကူသည့် ကတ်ငွေပေးချေမှုစနစ် CB ဘဏ် မိတ်ဆက် စာ 7

မိုးပျံလမ်းဖောက်လုပ်မည်မှာ မဟုတ်မှန်ဟု ရေဝတီတိုင်းအစိုးရရှင်း စာ 26



ဓာတ်ပုံ – ရဲတပ်ဖွဲ့

## နဂါးလေး (၁) အောင်နိုင်မြင့် မှုးယစ်အမှုမှ ကွင်းလုံးကျွတ်လွတ်၊ အခြားအမှုများဖြင့် အင်းစိန်ထောင်တွင် ဆက်လက်ထိန်းသိမ်း
စာ 2




# ကလေးမြို့တွင် လူဦးရေ တစ်သောင်းနီးပါး ရေဘေးဒဏ်သင့်

**ကလေး၊ စက်တင်ဘာ ၂၁**



ဓာတ်ပုံ- ငြိမ်းသူမင်း

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် မြစ်သာမြစ်ရေစိုးရိမ်ရေမှတ်အထက်သို့ မြင့်တက်နေသည့်အတွက် လူဦးရေ တစ်သောင်းနီးပါးမှာ ရေဘေးဒဏ်သင့်သည့်အတွက် ရေလွတ်ရာသို့ပြောင်းရွှေ့နေရပြီး ဆက်သွယ်သွားလာရေးမှာ ပြတ်တောက်နေဆဲဖြစ်ကြောင်း စစ်ကိုင်းတိုင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနထံမှ သိရသည်။

စက်တင်ဘာလ ၁၉ ရက်နေ့မှ စတင်ကာ စက်တင်ဘာလ ၂၁ ရက်နေ့အထိ မြင့်တက်နေသည့် မြစ်သာမြစ်ရေကြောင့် ကလေးမြို့ရှိ ကျေးရွာ ရပ်ကွက် စုစုပေါင်း ၁၇ ခုမှ လူဦးရေ ၉၈၅၈ ဦးသည် ရေလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်နေရကြောင်း အဆိုပါဌာန ညွှန်ကြားရေးမှူး ဦးစဝီလီဖရန့်က ပြောကြားသည်။

ပြောင်းရွှေ့နေထိုင်ရသူများ အတွက် ကယ်ဆယ်ရေးစခန်း ၁၇ ခု ဖွင့်လှစ်ကာ ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ခြင်း၊ ဆန် ရိက္ခာ ထောက်ပံ့ခြင်းတို့ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းက ပြောဆိုသည်။

ယင်းသို့ ရေကြီးနေခြင်းကြောင့် ကျောင်းသားများ၏အသက်အန္တရာယ်ကို စိုးရိမ်ရသည့်အပြင် ရေဘေးရှောင်သူများကို နေရာချထားပေးရခြင်းများရှိနေသည့်အတွက် စက်တင်ဘာလ ၁၉ ရက်နေ့မှ စတင်ကာ စက်တင်ဘာလ ၂၁ ရက်နေ့အထိ ပိတ်ထားရသည့် စာသင်ကျောင်း ၁၆ ကျောင်းရှိကြောင်း ကလေးမြို့နယ်၊ ပညာရေးမှူးရုံးထံမှ စုံစမ်းသိရှိရသည်။

"ရေပြန်ကျရင်တော့ အစားထိုးဖွင့်လှစ်သင်ကြားပေးမှာပါ" ဟု ကလေးမြို့နယ် ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

မြစ်သာမြစ်ရေသည် စက်တင်ဘာလ ၁၉ ရက်နေ့မှ စတင်မြင့်တက်ခဲ့ရာ စက်တင်ဘာလ ၂၁ ရက်နေ့ နံနက် ၈ နာရီ မိနစ် ၃၀ အချိန်တွင် စိုးရိမ်ရေမှတ် ၁၁၀၀ စင်တီမီတာ အထက် ၁၃၁၃ စင်တီမီတာ အထိရောက်ရှိခဲ့ကာ စက်တင်ဘာလ ၂၁ ရက်နေ့ ညနေတိုင်းထွာချက်အရ ၁၃၀၂ စင်တီမီတာသို့ ရောက်ရှိသည့်အတွက် မြစ်သာမြစ်ရေကျဆင်းနေကြောင်း ကလေးခရိုင်၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

"မြစ်သာမြစ်ရေအမြင့်ဆုံးတက်ခဲ့တဲ့ အနေအထားကနေ အခုပြန်လည်ကျဆင်းနေပါပြီ။ ကလေးမြို့မှာလည်း မိုးကမရွာဘူး။ ချင်းတောင်ပေါ်က မြို့တွေမှာလည်း မိုးရွာသွန်းမှုလျော့သွားပြီဆိုတော့ မြစ်ရေဆက်လက်ကျနိုင်တယ်လို့ ယူဆရပါတယ်" ဟု အဆိုပါဌာန ဦးစီးအရာရှိ ဦးတင်စိုးက ပြောဆိုသည်။

ယင်းသို့ရေကြီးမှုကြောင့် မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးလမ်းဖြစ်သည့် ကလေး- တမူး မိုင် ၉၀ နီးပါးရှည်လျားသည့်လမ်းရှိ ကနန်တံတားတစ်စင်း စက်တင်ဘာလ ၁၉ ရက်နေ့ ညနေက ချိုးကပ်လမ်းပြိုကျခဲ့ရာ ပြန်လည်ပြင်ဆင်မှု မလုပ်ရသေးသော်လည်း စက်လှေဖြင့် လူတစ်ဦးလျှင် တစ်ထောင်ကျပ်နှုန်းဖြင့်ကူးပေးမှုကို စက်တင်ဘာလ ၂၁ ရက်နေ့က စတင်ပြုလုပ်ပေးနေသဖြင့် ကားကြီးကားငယ်များသွားလာ၍ မရသေးသော်လည်း လူများမှ သွားလာ၍ရနေကြောင်း ဒေသခံများက ပြောကြားသည်။

ကလေးမြို့နှင့်တမူးမြို့ ကားလမ်းပေါ်ရှိ ကလေးမြို့နှင့်ကျီကုန်းအကြား ၆ မိုင်ခန့် အရှည် ကားလမ်းမှာလည်း စက်တင်ဘာလ ၂၀ ရက်နေ့မှစတင်ကာ မြစ်သာမြစ်ရေဖုံးလွှမ်းသဖြင့် ကားကြီးကားငယ်များ သွားလာမှုရပ်ဆိုင်းခဲ့ရပြီး စက်တင်ဘာလ ၂၁ ရက်နေ့အထိ ရေဖုံးလွှမ်းနေသဖြင့် မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်မှု ရပ်ဆိုင်းနေခဲ့သည်။

"လူနဲ့ ဆိုင်ကယ်ကတော့ စက်လှေတွေနဲ့ ကူးလို့ရပါတယ်။ စက်လှေကူးခ လူတစ်ဦး နှစ်ထောင်၊ ဆိုင်ကယ်တစ်စီး ငါးထောင် ဆိုတော့ ဈေးကတော့ များတာပေါ့ဗျာ။ ဒါပေမဲ့ မဖြစ်မနေဆိုတော့ သွားနေရတာပေါ့" ဟု ကလေးမြို့နေ ဦးမောင်ကိုက ပြောဆိုသည်။

ကလေးမြို့နယ်အတွင်း မိုးဆက်တိုက်ရွာပြီးတောင်ကျချောင်းရေနှင့် မြစ်ရေများမြင့်တက်ခဲ့ခြင်းကြောင့် ကလေးမြို့နှင့် ကလေးမြို့ အနောက်မြောက်ဘက်ရှိ ကျေးရွာပေါင်း ၂၀ ခန့်သို့ ဆက်သွယ်သွားလာသည့် အရှည်ပေ ၁၀၀ ကျော်ရှိ တံတားသုံးစင်းမှာလည်းပျက်စီးခဲ့၍ သွားလာ၍အခက်အခဲရှိကြောင်း ဒေသခံများက ပြောကြားသည်။

"တောင်ကျ ချောင်းရေဆိုတော့ ဖြတ်ကူးလို့မရသေးဘူး။ လောလောဆယ်ရှိတာစားပေါ့။ တစ်ရက်နှစ်ရက်နဲ့တော့ သိပ်ပြဿနာမရှိဘူး။ ရက်ကြာရင်တော့ စားဝတ်နေရေး ကျန်းမာရေး ခက်ခဲတော့မှာ" ဟု လက်ပံချောင်းကျေးရွာနေ ဦးဂျက်စီကာက ဆိုသည်။

ကလေးမြို့တွင် ယခုတစ်ကြိမ် ရေကြီးမှုသည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်ကကဲ့သို့အခြေအနေအလွန်ဆိုးရွားမှုမရှိသေးသော်လည်း ယခင်က တိုင်တစ်ခုလုံးနစ်မြုပ်ခဲ့သည့် ကလေးမြို့ ဆိုင်းဘုတ်မှာလည်း စက်တင်ဘာလ ၂၁ ရက်နေ့တွင် ၇ ပေကျော်အထိ နစ်မြုပ်ခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။ ■ **R-20**

---

## မျက်နှာဖုံး - မြန်မာ - တရုတ် နယ်စပ် စီးပွားရေးဇုန်ဖော်ရန် စီစဉ်မှ အဆက်

ယင်းဝန်ကြီးဌာနထံမှ သိရသည်။

"တရုတ်-မြန်မာနယ်စပ်တစ်လျှောက်မှာ လုပ်မှာပါ။ ဘယ်နေရာမှာ လုပ်မလဲတော့ သေချာမသတ်မှတ်ရသေးဘူး။ အဲဒီဘက်ဆိုတော့ မူဆယ်-နမ့်ခမ်း-ချင်းရွှေဟော်နယ်စပ် တစ်ခုခုဖြစ်မယ်" ဟု စီးပွား/ကူးသန်း ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ပြောဆိုသည်။

ထိုစီးပွားရေးဇုန်အတွင်း မြန်မာနိုင်ငံဘက်က ကုန်ကြမ်းပေး၍ ကုန်ချောအဖြစ်ထုတ်လုပ်ကာ တရုတ်နိုင်ငံဘက်သို့ တင်ပို့ရောင်းချခြင်း၊ မြန်မာနိုင်ငံတွင် သုံးစွဲခြင်းနှင့် အခြားနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းများကို ပြုလုပ်မည်ဖြစ်ပြီး ယင်းဇုန်ဖော်ဆောင်နိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်ရမည်ဖြစ်ကြောင်း ၎င်းကရှင်းပြပြောဆိုသည်။

ယခုနှစ် မေလအတွင်းက မြန်မာအစိုးရ၏ တရုတ်နိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရတို့ နယ်စပ်ဒေသ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် ဖော်ဆောင်ရန် သဘောတူထားပြီးဖြစ်ရာ မြန်မာနိုင်ငံဘက်က ယင်းဇုန်ကို စီးပွား/ကူးသန်း ဝန်ကြီးဌာနက ဦးဆောင်ဖော်ဆောင်မည်ဖြစ်သည်။

ထိုသို့စီးပွားရေးဇုန်ဖော်ဆောင်မည်ကို ကြိုဆိုသော်လည်း အစိုးရအနေနှင့် မိမိတို့တိုင်းရင်းသားကုန်သည်များ အခွင့်အရေးပိုမိုရရှိစေရေး လုပ်ဆောင်ပေးသင့်ကြောင်း ကုန်သည်အသိုင်းအဝိုင်းက မှတ်ချက်ပြုသည်။

မြန်မာ-တရုတ် ကုန်သွယ်မှုပမာဏသည် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွင်းက အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ ဘီလီယံရှိခဲ့ပြီး မြန်မာနိုင်ငံမှ ပို့ကုန် ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံနှင့် သွင်းကုန် ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနထံမှ သိရသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိကထုတ်ကုန်ဖြစ်သည့် လယ်ယာထွက်ကုန်များကို တစ်နှစ်လျှင် ၈၀ ရာခိုင်နှုန်းခန့်အထိ တင်ပို့ရောင်းချရာ အဓိကဈေးကွက်ကြီးတစ်ခုဖြစ်ကြောင်း၊ မူဆယ်နယ်စပ်မှတင်ပို့နေသော အဓိကလယ်ယာထွက်ကုန်ဖြစ်သည့် ဆန်၊ ပြောင်း၊ နှမ်းတို့ကို မြန်မာနိုင်ငံဘက်က တရားဝင်တင်ပို့နေသော်လည်း တရုတ်အစိုးရဘက်ကမူ တရားဝင်ကုန်စည်များအဖြစ် သတ်မှတ်ထားခြင်းမရှိပေ။

■ **S-04**

---

## နဂါးလေး (ခ) အောင်နိုင်မြင့် မူးယစ်အမှုမှ ကွင်းလုံးကျွတ်လွတ်၊ အခြားအမှုများဖြင့် အင်းစိန်ထောင်တွင် ဆက်လက်ထိန်းသိမ်း

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

သေနတ် ပစ်ခတ်ဖမ်းဆီးနေသည့်ကြားမှ ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ်များကို ကားဖြင့်ဝင်တိုက်ကာ လွတ်မြောက်ထွက်ပြေးခဲ့သူ နဂါးလေး (ခ) အောင်နိုင်မြင့်မှာ ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတွင် ရင်ဆိုင် နေရသောမူးယစ်မှု အပြီးအပြတ်ကွင်းလုံးကျွတ် လွတ်မြောက်ခဲ့သော်လည်း ပစိဖိတ်ဓာတ်ပုံတိုက်ပိုင်ရှင် အမျိုးသားကို ပြန်ပေးဆွဲ ခြိမ်းခြောက် လုယက်မှု၊ လိုင်စင်မဲ့ကား လက်ဝယ်တွေ့ရှိမှုဖြင့် တရားစွဲဆိုခံထားရသောကြောင့် အင်းစိန်အကျဉ်းထောင်တွင် ဆက်လက်ထိန်းသိမ်းထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

နဂါးလေးမှာ မူးယစ်ဆေးဝါး သုံးစွဲထားခြင်း မရှိကြောင်း ဆေးစာနှင့်အတူ မူးယစ်ဆေးဝါး ရောင်းချခဲ့ကြောင်း ခိုင်လုံသည့် အထောက်အထား တစ်စုံတစ်ရာ မရှိသဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၅၈ (၁)အရ အမှုမှ အပြီးအပြတ်လွှတ်လိုက်ပြီး စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းမိခဲ့သူ မျိုးဦးဇော်ကို မူး/စိတ် ပုဒ်မ ၁၉(က) အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ်ကျခံစေရန် စက်တင်ဘာ ၂၁ ရက်တွင် အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

၂၀၁၆ ခုနှစ် မေလပိုင်းက ဒဂုံတောင်မြို့နယ်၊ (၁၉) ရပ်ကွက်၊ လှော်ကားလမ်းရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းမိခဲ့သော မျိုးဦးဇော်ကိုစစ်ဆေးရာ နဂါးလေးက မူးယစ်ဆေးဝါးများ ရောင်းချခဲ့သည်ဟု စွပ်စွဲချက်ဖြင့် ယင်းဆေးပြားများကို အရှေ့ပိုင်းခရိုင် တရားရုံးတွင် မူး/စိတ် ပုဒ်မ ၁၅/ ၁၉(က)/ ၂၁ ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

မူးယစ်မှု၊ လုယက်မှုတို့ဖြင့် တရားခံပြေးအဖြစ် ကြေညာထားသော အသက် ၃၄ နှစ် နဂါးလေး(ခ) အောင်နိုင်မြင့်ကို ၂၀၁၇ ဖေဖော်ဝါရီ ၁၆ ရက်နေ့က ဒဂုံတောင်မြို့နယ်၊ (၂၀) ရပ်ကွက်၊ လှော်ကားလမ်းနှင့် ဥသဖယားလမ်းဆုံတွင် X-TRAIL အမျိုးအစား ခဲရောင်ယာဉ်ကို မောင်းလာသည့် ၎င်းကိုတွေ့ရှိရသဖြင့် ရဲတပ်ဖွဲ့က ပိတ်ဆို့ဖမ်းဆီးစဉ် ၎င်းက အသာတကြည် အဖမ်းမခံသောကြောင့် သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့သော်လည်း ၎င်းက မော်တော်ယာဉ်ဖြင့် ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ်များကို တိုက်ပြေးကာထွက်ပြေးနိုင်ခဲ့သော်လည်း တစ်ပတ်အကြာ ဖေဖော်ဝါရီလ ၂၃ ရက်နေ့က မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ ၎င်း၏ ဆွေမျိုးနေအိမ်တွင် ပုန်းခိုနေစဉ် ရဲတပ်ဖွဲ့က ဖမ်းမိခဲ့သည်။

နဂါးလေးမှာ လွန်ခဲ့သည့် ၁၀ နှစ်ခန့်က ဓားများ ကိုင်ဆောင်မှုဖြင့် ထောင်ဒဏ် တစ်နှစ်ကျခံရသူဖြစ်ပြီး ထောင်မှ ပြန်လည်လွတ်မြောက်ချိန် တာမွေနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့ရှိ နိုက်ကလပ်များတွင် လူဆိုးလူမိုက် လောကသားတို့ကြား ဩဇာအာဏာ လွှမ်းမိုးခဲ့သူ ဖြစ်သောကြောင့် ရှေ့နေဦးကိုနီအား လုပ်ကြံပေးရန် ငွေကျပ်သိန်း ၂၀၀ နှင့် မော်တော်ယာဉ်တစ်စီးပေး၍ ကမ်းလှမ်းခံရသူဖြစ်ကြောင်း ရဲအသိုင်းအဝိုင်းထံမှ သိရသည်။ **S-03**

---

ဝန်ထမ်းအလိုရှိသည်

အမျိုးသမီးဝန်ထမ်း - (၃) ဦး

အဆောင်စီစဉ်ပေးမည်။

[illegible]

# ယာယီရဲချုပ်အောင်ဝင်းဦးကို ရဲချုပ်အဖြစ်အစမ်းခန့်

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

ပြည်ထောင်စု မြန်မာနိုင်ငံတော်သမ္မတက ယာယီရဲချုပ် ရဲမှူးချုပ်အောင်ဝင်းဦးကို စက်တင်ဘာလ ၂၁ ရက်နေ့က စ၍ ရဲချုပ်အဖြစ် နိုင်ငံတော် ဝန်ထမ်းစည်းမျဉ်းအတိုင်း အစမ်းခန့်အပ်လိုက်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒုရဲမှူးကြီးသက်နိုင်က ပြောကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက တာဝန်ပေးအပ်ခဲ့သဖြင့် ယခုနှစ် မေလ ၁ ရက်နေ့တွင် ဒုတိယရဲချုပ်မှ ယာယီရဲချုပ်အဖြစ်တာဝန်ယူပြီး လေးလအကြာတွင် ရဲချုပ်ရာထူးကို နိုင်ငံတော်သမ္မတက အစမ်းခန့်ကာလ အနေနှင့် ခန့်အပ်လိုက်ခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

"နိုင်ငံတော်ဝန်ထမ်းစည်းမျဉ်းအတိုင်း တစ်နှစ်ခန့်ထားတယ်။ တစ်နှစ်ပြည့်ပြီးရင် နိုင်ငံတော်သမ္မတကပဲ အတည်ပြုခန့်အပ်မယ်" ဟု ဒုရဲမှူးကြီး သက်နိုင်က ရှင်းပြသည်။

ရဲချုပ်အောင်ဝင်းဦးသည်စစ်တက္ကသိုလ် အမှတ်စဉ် ၂၆ ဆင်းတစ်ဦးဖြစ်ပြီး CID ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲချုပ်၊ ယာယီရဲချုပ် တာဝန်ထမ်းဆောင်ပြီးနောက် ရဲချုပ်ရာထူးကို ရရှိခဲ့ခြင်းဖြစ်သည်။ ■ J-17

# ခုတင် ၅၀၀ ဆေးရုံရှေ့တွင် စျေးသည်အချင်းချင်း ဓားထိုးမှုဖြစ်

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

လမ်းမတော်မြို့နယ်၊ အမှတ်(၉) ရပ်ကွက်၊ ခုတင် ၅၀၀ ဆေးရုံရှေ့ဝင်ပေါက်ဘေးတွင် စက်တင်ဘာလ ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က စျေးသည်အချင်းချင်း နေရာလုရာမှ ဓားထိုးမှုဖြစ်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

"ဘေးနားကစျေးသည်တွေပြောတာကတော့ စျေးရောင်းချဖို့ နေရာလုရင်းဖြစ်တာလို့ ပြောတယ်၊ ဓားနဲ့ထိုးသွားတဲ့သူကလည်း ထွက်ပြေးနေတုန်း၊ ဒီနေ့အထိ ဖမ်းမိသေးဘူး၊ ဓားထိုးခံရတဲ့သူက ဒဏ်ရာက များပေမယ့် မစိုးရိမ်ရပါဘူး၊ ပြစ်မှုကျူးလွန်တဲ့သူ ဖမ်းမိမှပဲ ဖြစ်ရတဲ့အကြောင်းအရင်းကို တိတိကျကျ သိရမှာပါ"ဟု လမ်းမတော်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

ဓားထိုးခံရသူမှာ သာကေတမြို့နယ်၊ ရန်ပြေရပ်ကွက်တွင်နေထိုင်သူ အသက် ၂၆ နှစ်အရွယ် စိုင်းဝင်းထွန်းဆိုသူဖြစ်ပြီး လည်ပင်းဘယ်ဘက်ထိုးသွင်းဒဏ်ရာတစ်ချက်၊ နောက်ကျော ဘယ်/ညာထိုးသွင်းဒဏ်ရာ၊ ဘယ်လက်မောင်းဘေးပြတ်ရှဒဏ်ရာ နှစ်ချက်၊ ဘယ်ဘက်ချိုင်းအောက်ပြတ်ရှဒဏ်ရာတစ်ချက်ရရှိထားသည်ကို တွေ့ရှိခဲ့ရကြောင်း အမှုဖွင့်တိုင်ကြားချက်အရ ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

ဓားနှင့်ထိုးပြီး ထွက်ပြေးတိမ်းရှောင်နေသူမှာ လမ်းမတော်မြို့နယ်၊ အမှတ်(၉) ရပ်ကွက်၊ သုနာပြုတက္ကသိုလ် တိုးချဲ့ဝင်းတွင်နေထိုင်သူ အသက် ၄၄ နှစ်အရွယ် ကိုတင်ဦး (ခ)ကျနန်းကို လမ်းမတော်မြို့မရဲစခန်းက (ပ) ၁၃၉/၁၇၊ ရာဇသတ်ကြီး ပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားသည်။ ■J16

## NEWS PHOTO



ဓာတ်ပုံ - ယဉ်ထူးမော်

**ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့တွင် စက်တင်ဘာလ ၂၀ ရက် မွန်းတည့်ချိန်က ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ အစွန်းရောက်ဘင်္ဂါလီများ၏ အကြမ်းဖက် တိုက်ဖျက်မှုကို ရှုတ်ချရေး ဆန္ဒထုတ်ဖော်ပွဲကို လူ ၃၀၀ကျော်ဖြင့် ပါဝင်ခဲ့သည်။**

**ဆန္ဒဖော်ထုတ်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်အသီးသီးမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီဝင်များ အများဆုံးပါဝင်ကြောင်း ဆန္ဒထုတ်ဖော်သူများထံမှ သိရသည်။**

# အောက်တိုဘာလအတွင်း ချက်သမ္မတနိုင်ငံသို့ ဒေါ်အောင်ဆန်းစုကြည် သွားရောက်လည်ပတ်ဖွယ်ရှိဟု သတင်းထွက်

**ပရာဟား- ရန်ကုန်၊ စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံ၏ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် လာမည့် အောက်တိုဘာလအတွင်း ဥရောပသမဂ္ဂ (အီးယူ)အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော ချက်သမ္မတနိုင်ငံသို့သွားရောက်လည်ပတ်ဖွယ်ရှိသည်ဟု ချက်သတင်းဌာနတစ်ခုဖြစ်သော Aktualne ၏ ဖော်ပြချက်ကို Prague Monitor က ကိုးကားဖော်ပြသည်။

နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်သည် ချက်နိုင်ငံသမ္မတ မီလော့စ်ဇာမန်း၊ ဝန်ကြီးချုပ် ဘိုဟူဆလော့ဗ်ဆိုဘိုကာတို့နှင့် အောက်တိုဘာလခရီးစဉ်အတွင်း တွေ့ဆုံဖွယ်ရှိသည်ဟု သတင်း ကဆိုသည်။

ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်နှင့် ချက်ဆီးနိတ်လွှတ်တော် ဥက္ကဌမီလန်စသိချ်တို့ အောက်တိုဘာလ ၁၁ ရက်နေ့တွင် တွေ့ဆုံနိုင်ရေးအတွက် စီစဉ်လျက်ရှိသည်ဟု ဆီးနိတ်ရုံးက ချက်သတင်းဌာန CTK သို့ပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည်၏ ချက်သမ္မတနိုင်ငံခရီးစဉ်အတွက် စီစဉ်ဆောင်ရွက်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း CTK သတင်းဌာန၏ သံတမန်သတင်းရင်းမြစ်များက ဆိုသည်၊ သို့ရာတွင်မြန်မာတပ်မတော်၏ ဘင်္ဂါလီလူမျိုးများအပေါ် ထိတွေ့ဆက်ဆံမှုများနှင့်ပတ်သက်သည့် ဝေဖန်မှုများကြောင့် ယင်းခရီးစဉ်အတွက် ပြင်ဆင်ရာ၌ ရှုပ်ထွေးမှုများရှိခဲ့သည်ဟု ယင်းသတင်းရင်းမြစ်ကဆိုသည်။

ချက်သမ္မတ နိုင်ငံခြားရေးဝန်ကြီး လူဘိုမီယာဇိုရာလက်သည် ယမန်နှစ်က မြန်မာနိုင်ငံသို့ အလည်အပတ်ခရီးစဉ်လာရောက်ခဲ့စဉ်က ဒေါ်အောင်ဆန်းစုကြည်ကို ချက်နိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း နိုင်ငံခြားရေးဝန်ကြီး လူဘိုမီယာဇိုရာလက်၏ ဖိတ်ကြားမှုကို လက်သင့်ခံခဲ့သည်။

ချက်ဝန်ကြီးချုပ်နှင့် ချက်နိုင်ငံခြားရေးဝန်ကြီးဌာနတို့နှင့် နီးစပ်သော အသိုင်းအဝိုင်းက ချက်နိုင်ငံသို့ ဒေါ်အောင်ဆန်းစုကြည်လာရောက်လည်ပတ်မည့်ကိစ္စကို ချက်အစိုးရက စီစဉ်နေပြီဖြစ်ကြောင်း CTK သတင်းဌာနသို့ အတည်ပြုပြောကြားသည်။ သို့သော် မည်သည့်နေ့ရက်တွင် လာရောက်လည်ပတ်မည်ကို အတိအကျ ထုတ်ဖော်ပြောဆိုမှုမပြုပေ။

ချက်သတင်းဌာနတစ်ခုဖြစ်သော Aktualne က ဒေါ်အောင်ဆန်းစုကြည် အနေနှင့် ဘင်္ဂါလီပြဿနာများကြောင့် ချက်နိုင်ငံသို့ လာရောက်လည်ပတ်မည့်ကိစ္စကို ဖျက်သိမ်းဖွယ်ရှိသည်ဟု ရေးသားဖော်ပြသည်။

■ F-01

# ကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ရခိုင်ပြည်နယ် အစိုးရ၊ လွှတ်တော်နှင့် ဒေသခံများကို တွေ့ဆုံ

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

အမေရိကန်နိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ပက်ထရစ် မာမီသည် ရခိုင်ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် စစ်တွေမြို့ရှိ ရခိုင်တိုင်းရင်းသားများနှင့် ဘင်္ဂါလီများကို တွေ့ဆုံမှုများ ပြုလုပ်ခဲ့ကြောင်း ပြည်နယ်အစိုးရအတွင်းရေးမှူး ဦးတင်မောင်ဆွေက ပြောကြားသည်။

လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ပက်ထရစ် မာမီသည် စက်တင်ဘာ ၂၀ ရက်က စစ်တွေမြို့သို့ ရောက်ရှိလာပြီး ယင်းနေ့တွင် ရခိုင်တိုင်းရင်းသားများနှင့် တွေ့ဆုံခဲ့ပြီး စက်တင်ဘာ ၂၁ ရက်တွင် အစိုးရအဖွဲ့တာဝန်ရှိသူ များနှင့် တွေ့ဆုံခဲ့ကြောင်း ၎င်းက ဆိုသည်။

"သူတို့ကတော့ ရခိုင်ပြည်နယ်မှာ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေလေးတွေကို ကိုယ်တိုင်လာရောက်တွေ့ဆုံပြီးတော့ လာလေ့လာတဲ့သဘောပါပဲ" ဟု ဦးတင်မောင်ဆွေက ပြောသည်။

ဝန်ကြီးအနေနှင့် စစ်တွေရှိ ဘင်္ဂါလီ IDP Camp နှင့် အောင်မင်္ဂလာ မွတ်ဆလင် ရပ်ကွက်သို့ သွားရောက်ကာ ရခိုင်တိုင်းရင်းသားများနှင့် ဘင်္ဂါလီများကို တွေ့ဆုံခဲ့ပြီး စက်တင်ဘာ ၂၁ ရက်တွင် ရန်ကုန်သို့ ပြန်သွားကြောင်း ၎င်းက ဆိုသည်။

"သူကတော့ ရောက်ကတည်းက သူစီစဉ်ထားတဲ့အတိုင်း ရောက်တာနဲ့စစ်တွေဟိုတယ်မှာ ချိတ်ဆက်ထားတဲ့ အဖွဲ့အစည်းတွေနဲ့ စစ်တွေဟိုတယ်မှာ တွေ့ပါတယ်။ ဒီနေ့လည်း အောင်မင်္ဂလာမှာ မွတ်ဆလင်တွေနဲ့တွေ့ဆုံပြီးတော့ သူတို့သိချင်တာတွေကို လွတ်လွတ်လပ်လပ်မေးမြန်းပါတယ်" ဟု ၎င်းက ရှင်းပြပြောဆိုသည်။ ■ J-09

### မျက်နှာဖုံး - မောင်တောအကြမ်းဖက်မှုတွင် လုံခြုံရေးအပြည့်အဝ မှ အဆက်

လိုက်နိုင်မှုအပေါ် တောင်းပန်ကြောင်း ပြောကြားခဲ့သည်ဟု အမှတ် (၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်သူရစန်းလွင် က ပြောဆိုသည်။

ယင်းအပြင် နယ်စပ်ခြံစည်းရိုးကို စစ်ဆေးရန် ဖောက်ထားသည့်ခြံစည်းရိုး တစ်လျှောက်ရှိ လမ်းမှာလည်း မိုးရာသီ ရေတိုက်စားမှုကြောင့် ပျက်စီးနေမှုကို ပြန်ပြင်သွားမည်ဖြစ်ကြောင်း၊ နှစ်စဉ် မိုးရာသီအကုန်တွင် ယင်းလမ်းကို ပြင်ဆင်လေ့ရှိကြောင်း ၎င်းကဆိုသည်။

"လုံခြုံရေးကာလတုန်းက သူ့အနေနဲ့ တချို့ရွာတွေကို ဖြန့်ကြက်ပြီးတော့ လုံခြုံမှုမပေးနိုင်တဲ့အတွက် ရွာတွေ ဖျက်ဆီးခံရတယ်၊ တချို့တွေ အသတ်ခံရတဲ့အပေါ် တာဝန်မကျေဘူးလို့ ခံစားခဲ့ရတယ်။ ဒါအတွက် တောင်းပန်ပါတယ်လို့ ပြောခဲ့တယ်" ဟု ဝေဟင်အောင် ပရဟိတဖောင်ဒေးရှင်းအဖွဲ့ ထူထောင်သူ ဦးဝေဟင်အောင်ကလည်း ပြန်လည်ပြောဆိုသည်။

ယင်းအပြင် ကာကွယ်ရေးဦးစီးချုပ်က လက်ရှိ လုံခြုံရေးဆောင်ရွက်နေမှု အခြေအနေများ၊ ဒေသခံများ ပြန်လည်နေရာချထားရေး အခြေအနေများကို ဒေသခံများ၏ ပြန်လည်ပြောကြားချက်များနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြောင်း ၎င်းက ပြောသည်။

ဒေသခံများက နယ်စပ်ခြံစည်းရိုးကို အပြည့်အဝကာပေးရန်၊ နေရပ်ပြန် ဒေသခံများကို လုံခြုံရေးတစ်စုံတစ်ရာ ကာကွယ်ပေးရန်၊ ရွာလုံးကျွတ်ပျက်စီးခဲ့သည့်ရွာများမှ ဒေသခံများအတွက် ထောက်ပံ့မှုများ ဆောင်ရွက်ပေးရန်နှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ကြောင်း ၎င်းကဆိုသည်။

"အဲ့လိုပြောတဲ့အပေါ်မှာ ခြံစည်းရိုးကာပေးဖို့ကြိုးစားနေတဲ့ အကြောင်း၊ တချို့အလှူငွေတွေနဲ့ အစိုးရဘတ်ဂျက်တွေ ရထားတဲ့အကြောင်း ပြောသွားတယ်" ဟု ၎င်းက ရှင်းပြပြောဆိုသည်။

ထို့ပြင် ရသေ့တောင်မြို့နယ်နှင့် စစ်တွေမြို့နယ်အစပ် အငူအမော် ရခိုင်ပြည်နယ်တောင်ပိုင်းအစမှ မြောက်ပိုင်းအဆုံးကို သွားလာနိုင်မည့် ကားလမ်းတစ်ခုနှင့် စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်ကားလမ်းတို့ကို ရာသီဉတု ကောင်းမွန်သည်နှင့် အမြန်ဆုံးဖောက်လုပ်ပေးသွားမည်ဟု ကတိပေးသွားခဲ့ကြောင်း မောင်တောဒေသခံများထံမှ သိရသည်။

လုံခြုံရေးဆောင်ရွက်မှုနှင့် ပတ်သက်ပြီး နိုင်ငံတကာမှ စစ်တပ်ရုပ်သိမ်းပေးရန် ဖိအားပေးမှုများ ရှိနေသောကြောင့် တပ်မတော်မှဆောင်ရွက်ရာတွင် အခက်အခဲများရှိနေကြောင်း ပြောကြားသည်။

ဒေသခံများကမူ စစ်တပ်ဆုတ်ခွာသွားရန် မလိုလားကြောင်း လုံခြုံရေး တပ်ဖွဲ့ကို အချိန်အတိုင်းအတာတစ်ခုထိ ထားရှိပေးရန် ပြောကြားခဲ့ပြီး ယင်းအပေါ် ကာကွယ်ရေးဦးစီးချုပ်အနေနှင့် တစ်စုံတစ်ရာ မှတ်ချက်ပေး ပြောကြားသွားခြင်းမရှိကြောင်း ဦးဝေဟင်အောင်က ပြောသည်။

ဩဂုတ်လ ၂၅ ရက်က ARSA အကြမ်းဖက်အဖွဲ့များ၏ တိုက်ခိုက်မှုများကြောင့် ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များမှ ဒေသခံများ ထွက်ပြေးတိမ်းရှောင်နေရပြီး လက်ရှိ မောင်တောမြို့ အလိုတော်ပြည့်ကျောင်းတွင် ခိုလှုံနေသူ ဒေသခံလေးရာကျော်ရှိကြောင်း ဝေဟင်အောင် ပရဟိတဖောင်ဒေးရှင်းထံမှ သိရသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ စက်တင်ဘာ ၁၉ ရက်တွင် ရောက်ရှိနေပြီး စစ်တွေမြို့နှင့် မောင်တောမြို့ရှိ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့များ၊ အကြမ်းဖက်မှုကြောင့် ခိုလှုံနေရသည့် ဒေသခံများနှင့် တွေ့ဆုံကာ ကူညီထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခြင်းများကို ပြုလုပ်နေခြင်း ဖြစ်သည်။

ထို့ပြင် မောင်တောမြို့ အောင်မြေဗောဓိ သာသနာ့ရိပ်သာနှင့် အမှတ် (၂) အခြေခံပညာကျောင်းခွဲ (၄) မိုင်ရှိ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ အခြေခံပညာအထက်တန်းကျောင်းရှိ ဟိန္ဒူဘာသာဝင် ဘင်္ဂါလီများ၊ အခြေခံပညာမူလတန်းကျောင်း (မြို့မကညင်တန်း) ခန်းမရှိ အစ္စလာမ်ဘာသာဝင် ဘင်္ဂါလီများကို တွေ့ဆုံကာ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့ပြီး မောင်တောနယ်စပ်အမှတ်(၁) အဝင်အထွက်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

■ J-09

# E D I T O R I A L

## ဗြိတိသျှတို့၏ သဘောထားမှန်သိရန် ရော်ဘင်ဆင်ခရူးဆိုးဝတ္ထုကြီးဖတ်ပါ

ကမ္ဘာပေါ်တွင် The Great Britain ဟု ခေတ်အဆက်ဆက် နိုင်ငံတကာ အသိုင်းအဝိုင်းအကြား မော်ကြွားခဲ့ပြီး နေမဝင်အင်ပါယာထူထောင် နိုင်ရေးအထိ အိပ်မက်မက်ခဲ့ဖူးသော ဗြိတိန်နိုင်ငံ ပါလီမန်လွှတ်တော်မှ အမတ်များ၏ဖိအားပေး တောင်းဆိုမှုကြောင့်ယင်းနိုင်ငံသို့ပညာသင်စေလွှတ်ခြင်း ခံခဲ့ရသော မြန်မာ့တပ်မတော် အရာရှိများ မြန်မာနိုင်ငံသို့ပြန်လာဖို့အထိ ဖြစ်သွားခဲ့သောသတင်းမှာ တပ်မတော် အသိုင်းအဝိုင်းတွင်သာမက လက်ရှိမြန်မာအစိုးရနှင့် အာဏာရပါတီတို့ကို ထောက်ခံသူများအကြားတွင်ပါ ပြောစရာကိစ္စတစ်ခုဖြစ်သွားခဲ့သည်။ ဗြိတိသျှ ကိုလိုနီခေတ်ကာလအတွင်း ဗြိတိသျှအစိုးရက အနောက်ဘက်ခြမ်းစည်းရိုးကို ဖြဲဖွင့်ပေးကာ စိတ်ကြိုက်ဝင်ခွင့်ပေးခဲ့သည့် ဘင်္ဂါလီ လူမျိုးများအရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းရာတွင် မြန်မာစစ်တပ်က လူ့အခွင့်အရေးချိုးဖောက်သည် ဟူသော စွပ်စွဲချက်များဖြင့် အဆိုပါပညာသင်ယူ လေ့လာနေသူ အရာရှိများကို ဖိအားပေးပြန်လွှတ်ခဲ့ပုံမှာ ကလေးဆန်လွန်းသည့် လုပ်ရပ်ဟုပင်ဆိုရပါမည်။

အကြောင်းမှာ ဘင်္ဂါလီကိစ္စကိုင်တွယ်ဖြေရှင်းမှုကို မကျေနပ်လျှင် မြန်မာ့ တပ်မတော်မှ သင်တန်းသား သို့မဟုတ် ပညာသင်ယူလိုသူများကို ထပ်မံ မခေါ်ယူဘဲ ထားရှိခြင်း၊ နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာဆက်ဆံမှုများဖြတ်တောက် ခြင်း အစရှိသည်တို့ကို ဗြိတိန်နိုင်ငံရေးသမားများနှင့် ဗြိတိန်စစ်ဘက် ခေါင်းဆောင်များ၏ စိတ်တိုင်းကျလုပ်ကိုင်နိုင်သော်လည်း ယခုကဲ့သို့ မူလက သဘောတူညီချက်ဖြင့် ခေါ်ယူထားပြီးဖြစ်သူများကို ပြန်လွှတ်ခြင်းသည် The Great Britain ဟု မည်မျှပင် ကြွေးကြော်စေကာမူ အမှန်တကယ်တွင် ဗြိတိန်ကို ဦးဆောင်နေသည့် နိုင်ငံတော်အစိုးရကိုယ်တိုင် ရင့်ကျက်မှုမရှိသည့် သဘော မျိုးကိုဖော်ပြလိုက်ရာရောက်သွားခြင်းကြောင့်ပင်ဖြစ်ပေသည်။ တပ်မတော် မကောင်းလျှင် တပ်မတော်၊ ဒီမိုကရေစီအစိုးရမကောင်းလျှင် ဒီမိုကရေစီအစိုးရ စသဖြင့်သက်ဆိုင်ရာ ခေါင်းဆောင်များနှင့်သံတမန်နည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးမှု များပြုလုပ်ကာ ပြဿနာတစ်ခုလုံးကို နားလည်သဘောပေါက်အောင် ကြိုးစား နိုင်သည့် နည်းလမ်းများရှိပါလျက်နှင့် ပညာလေ့လာဆည်းပူးနေသူများကို တစ်ဝက်တစ်ပျက်နှင့် ဖိအားပေးပြန်လွှတ်ခြင်းသည် ရေရှည် ဗြိတိန်-မြန်မာ ဆက်ဆံရေးကို မလွဲမသွေထိခိုက်စေတော့မည်ဖြစ်ပေသည်။ ထို့ပြင် ယင်းလုပ်ရပ် သည် မြန်မာနိုင်ငံအပေါ် ဗြိတိန်နိုင်ငံရေးသမားများ မည်မျှအတိုင်းအတာအထိ Poor Relation ခေါ် အထင်သေးအမြင်သေးဖြင့် နှိမ်ချဆက်ဆံသည် ဟူသောအချက်ကို ဖော်ပြလိုက်ရာရောက်ပေသည်။

မှန်လည်းမှန်နေပါသည်။ မြန်မာနိုင်ငံအပေါ် နယ်ချဲ့သိမ်းပိုက်ရယူခဲ့ဖူး သည့် ဗြိတိန်နှင့် ဂျပန်နှစ်နိုင်ငံကို နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ဂျပန်နိုင်ငံနှင့် ဂျပန်အစိုးရသည် မြန်မာနိုင်ငံအပေါ် အမြဲပင်တစေ မိတ်ဆွေကောင်းတစ်ဦး သဖွယ်ဆက်ဆံခဲ့ရုံမျှမက လူမှုရေး၊ စီးပွားရေး၊ ဘဏ္ဍာရေးစသည့်အကူအညီများ အပြင် နည်းပညာကောင်းမြောက်မြားစွာကိုလည်း ပံ့ပိုးခဲ့ပြီး မြန်မာအပေါ် မည်သည့်အခါကမျှ အထက်စီးကနေကာ နှိမ်ချဆက်ဆံခြင်းမျိုးမရှိခဲ့ပေ။ မြန်မာ့ဒီမိုကရေစီလမ်းကြမ်းအတွက် ကြွေးဟောင်းများစွာကိုလျှော်ပေးခဲ့သ လို ကဏ္ဍပေါင်းစုံတိုးတက်ရေးအတွက် ချေးငွေအသစ်များသာမက ငွေကြေး ထောက်ပံ့မှုများစွာပင်ထပ်ပေးခဲ့သည်မှာ မှတ်တမ်းများကိုကြည့်လျှင်သိနိုင် ပေသည်။ လွန်ခဲ့သည့် ၁၀ နှစ်၊ စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေး ကာလ အတွင်း ရန်ကုန်မြို့၌ သတင်းဓာတ်ပုံလာရောက်ရိုက်ကူးခဲ့သူ ဂျပန်သတင်းစာဆရာ နာဂအိ အနော်ရထာလမ်းမပေါ်၌ လုံခြုံရေးတပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရခြင်းကိုပင် ဂျပန်နိုင်ငံက မြန်မာပေါ် ဆိုးဆိုးရွားရွားမတုံ့ပြန်ဘဲ ယနေ့ခေတ်စကားဖြင့်ဆိုပါက မျိုချပစ်ခဲ့သည့်အဖြစ်ကိုကြည့်လျှင် ယခင်နယ်ချဲ့ တစ်ဦးဖြစ်ခဲ့ဖူးသူ ဂျပန်နိုင်ငံက မြန်မာအပေါ် မည်မျှအတိုင်းအတာအထိ တန်းတူ ရည်တူသဘောထားသည်ကိုတွေ့မြင်ရပါလိမ့်မည်။ နယ်ချဲ့နှစ်ဦးဖြစ်ခဲ့ဖူးသော အင်္ဂလိပ်နှင့် ဂျပန်တို့မြန်မာအပေါ်ထားရှိသည့် စိတ်နေသဘောထားကိုကြည့်လျှင် တစ်ဦးက မြန်မာကို ကိုယ့်အောက်ကလူအဖြစ် အမြဲတစေနှိမ်ချခဲ့ပြီး ကျန်တစ်ဦးက အတိတ်ကရန်သူဖြစ်ခဲ့ဖူးသော်လည်း ယခုအခါ မိတ်ဆွေစစ်ဖြစ်ကြောင်း သံကောင်းမဟတ်၊ ပန်းမယူဘဲ အလုပ်ဖြင့်လက်တွေ့ပြသူဖြစ်သည်ကို တွေ့ရပေမည်။

တစ်ဖက်ကိုပြန်ကြည့်မည်ဆိုလျှင်လည်း မြန်မာလူမျိုးတို့သည် ကိုရီးယား၊ တရုတ်အစရှိသည့် လူမျိုးများလောက် မိမိနိုင်ငံအပေါ် တစ်ချိန်ကနယ်ချဲ့ခဲ့ဖူး သူများဖြစ်သည်ဟူသော စိတ်ဖြင့် ဂျပန်သို့မဟုတ် အင်္ဂလိပ်တို့အပေါ် ယနေ့အချိန် အထိ အငြိုးအတေးကြီးကြီးမားမား မထားတတ်ဘဲ အလျင်းသင့်သလို ကူညီ ရိုင်းပင်းတတ်သည်မှာ ထူးခြားသည်ဟုပင်ဆိုရပေမည်။ သို့သော်လည်း ဗြိတိသျှ နိုင်ငံရေးသမားများသည် ဂျပန်နိုင်ငံရေးသမားများကဲ့သို့မဟုတ်ဘဲ မြန်မာအပေါ် အထင်သေးအမြင်သေးဆက်ဆံနေဆဲဖြစ်သည့် သဘောကို ယခုအချိန်ကစ၍ သတိထားရတော့မည်ဖြစ်ပေသည်။ အရေးအကြီးဆုံးမှာ တစ်ချိန်က ဗြိတိန်စာရေးဆရာ ဒန်နီယယ်ဒီဖိုး၏ နာမည်ကျော် ရော်ဘင်ဆင်ခရူးဆိုး (Robison Crusoe) ဝတ္ထုထဲကဇာတ်ကောင် အင်္ဂလိပ်မဟုတ်သည့် လူမည်း ဖရိုင်းဒေး(Friday) ကဲ့သို့ ခရူးဆိုးထံမှ ပညာလေ့လာသင်ယူခွင့်ရ၍ ကျေးဇူးတင် မဆုံးဖြစ်နေသော်လည်း ခရူးဆိုးပေးခဲ့သည့် Friday ဟူသော နာမည်သည် မည်မျှ အတိုင်းအတာအထိ နှိမ်ချဆက်ဆံထားခြင်းဖြစ်သည်ကို မည်သို့မျှမရိပ်မိဘဲ ဖြစ်နေရမည့် အဖြစ်မျိုးနှင့် မကြုံတွေ့စေရန် မြန်မာတို့အနေနှင့် သမိုင်းကြောင်း များအား နက်နက်နဲနဲလေ့လာကြရမည်ဖြစ်ကြောင်း ဖော်ပြလိုရင်းဖြစ်ပေသည်။

**အယ်ဒီတာ ( ၂၁ - ၉ - ၂၀၁၇ )**

# နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်ရှေ့တွင် ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံဆန္ဒပြ

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

အမေရိကန်နိုင်ငံရောက် မြန်မာများက နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်ရှေ့တွင် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အတူရပ်တည်ကြောင်း ထောက်ခံဆန္ဒပြမှု စက်တင်ဘာလ ၂၁ရက်က ပြုလုပ်ခဲ့ကြောင်း အဆိုပါ ဆန္ဒဖော်ထုတ်ပွဲတွင် ပါဝင်သူများထံမှ သိရသည်။

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပလျက်ရှိသည့် ၇၂ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ကျင်းပနေသည့်အချိန်တွင် ယင်းသို့ ဆန္ဒဖော်ထုတ်ခဲ့ခြင်းဖြစ်ပြီး သံဃာတော်များ အပါအဝင် ရာနှင့်ချီသည့် အမေရိကန်ရောက် မြန်မာများ ပါဝင်ခဲ့ကြောင်း ယင်းဆန္ဒပြပွဲ ပါဝင်သူများထံမှ သိရသည်။

အဆိုပါ ညီလာခံသို့ နိုင်ငံတော်အတိုင်ပင်ခံက တက်ရောက်ခဲ့ခြင်း မရှိဘဲ ဒုတိယ သမ္မတ (၂) ဦးဟင်နရီ ဗန်ထီးယူနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းတို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဆန္ဒထုတ်ဖော်ပွဲတွင် ပါဝင်သူများသည် 'We Stand with Daw Aung San Suu Kyi'၊ 'We Stand With Our Leader' စသည့် စာသားများ ပါဝင်သည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံသည့်ကြွေးကြော်မှုများ ပြုလုပ်သွားခဲ့ကြောင်း ယင်းဆန္ဒပြပွဲ၌ ပါဝင်ခဲ့သူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့နိုင်ငံကို နိုင်ငံတကာက ပုံဖျက်တဲ့သတင်းတွေနဲ့ တိုက်ခိုက်နေချိန်မှာ နိုင်ငံပြင်ပနေတဲ့ ကျွန်တော်တို့ကလည်း အစိုးရကိုထောက်ခံကြောင်း ပြသဖို့ လိုအပ်လို့ လုပ်ဆောင်ခဲ့ကြတာပါ" ဟု ဆန္ဒပြပွဲတွင်ပါဝင်သူတစ်ဦးက The Voice သို့ ဆက်သွယ်ပြောကြားသည်။

ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူသည် ကုလအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲသို့ တက်ရောက် မိန့်ခွန်းပြောကြားခဲ့ပြီး ရခိုင်ပြည်နယ်နှင့် ပတ်သက်သည့် အခြေအနေအချို့ကို ရှင်းလင်းပြောဆိုခဲ့ကြောင်း နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ထားသည်။ ■ **J-08**

The VOICE Daily **CARTOON**



The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.
**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Paw Oo, Khin May San, Tin Zaw Oo.
**Photographer** - Ye Pyae Zar Ni, Aung Naing,
**Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.



ရွှေချိန်း သစ်အချောထည်
SHWE CHAIN Co.,Ltd.
ကျွန်းအစားထိုးသစ်မာများ
MYANMAR INTERNAL FURNITURE EXPO 2017
ရွှေချိန်း
SHWE CHAIN
အခန်းအမှတ် - B2 (၉)လပိုင်း(၂၁)ရက်မှ(၉)လပိုင်း(၂၄)ရက်နေ့အထိ Tatmadaw Exhibitaion Center
မြန်မာနိုင်ငံထွက်ကျွန်းဆက်ပါးနှင့် ပျဉ်းကတိုးတို့ဖြင့်ပြုလုပ်ထားသည့်ခေတ်မှီဒိုင်ခံလုပ်သော ပရိဘောဂများကို စျေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။
KEK
CONSTRUCTION, DESIGN & DECORATION
No.15, Kabaraye Pagoda Road, Bahan Township,
Yangon Myanmar Tel: +951-8603089,8603126,
Fax : +951-558449 Hp : +959-5018011
ရွှေချိန်း SHWE CHAIN


ဓာတ်ပုံ - ပြည့်ဖြိုးလင်း

# မြန်မာ့ဆင်ထိန်းသိမ်းရေး ယူရို ၁ ဒသမ ၈ သန်း အသုံးပြုမည်

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

သားရေကိုရယူလိုမှုဖြင့် တရားမဝင် အမဲလိုက်သတ်ဖြတ်မှုများကြောင့် မြန်မာ့တောဆင်ရိုင်းကောင်ရေကျဆင်းလာသည့်အတွက် ယူရို ၁ ဒသမ ၈ သန်း အသုံးပြုကာ ဆင်ထိန်းသိမ်းရေးလုပ်ဆောင်မည်ဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်းထံမှ သိရသည်။

အဆိုပါစီမံကိန်းဆောင်ရွက်ရန် ဩစတြီးယားနိုင်ငံအခြေစိုက် FOUR PAWS International က ထောက်ပံ့ခြင်းဖြစ်ပြီး စီမံကိန်းကာလမှာ ၁၀ နှစ်ဖြစ်ကာ ပဲခူးရိုးမတွင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်းမှ (သစ်ထုတ်ရေး) လက်ထောက်မန်နေဂျာ ဒေါက်တာမျိုးနေဇာက ပြောကြားသည်။

ပဲခူးရိုးမ၊ ရဲနွယ်သစ်တောကြိုးဝိုင်းအတွင်း ဆင်စခန်းများတည်ထောင်ခြင်း၊ ဆင်ဆေးကုစခန်းများတည်ဆောက်ခြင်းနှင့် တောဆင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"ပထမအစတော့ ဆင်ခြောက်ကောင်ကို ထိန်းသိမ်းမယ်။ ကျန်တဲ့နှစ်တွေမှာ လုပ်ငန်းကိုတိုးသွားမယ်။ သဘာဝအခြေခံခရီးသွားလုပ်ငန်း စခန်းလည်း လုပ်ဖို့အစီအစဉ်ရှိပါတယ်။ တောဆင်ထိန်းသိမ်းရေးလည်းပါတယ်" ဟု ဒေါက်တာမျိုးနေဇာက ဆိုသည်။

အဆိုပါစီမံကိန်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (MoU) ကို စက်တင်ဘာလ ၁၉ ရက်နေ့က သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် FOUR PAWS International (FPI) မှ တာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့သည်။

သစ်တောများအတွင်းရော်ဘာနှင့် ဆီအုန်းစိုက်ခင်းများချဲ့ထွင်ခြင်း၊ အခြားသောမြေအဖြစ် ပြောင်းလဲအသုံးချနေခြင်းတို့ကြောင့် သစ်တောဖုံးလွှမ်းမှုဧရိယာလျော့နည်းလာနေပြီး နေထိုင်ကျက်စားရာ စားကျက်မြေရှားပါးလာသည့်အပြင် အမဲလိုက်သတ်ဖြတ်မှုများလာခြင်းကြောင့် တောဆင်များမှာ ကောင်ရေလျော့နည်းမှုကို ရင်ဆိုင်နေရကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက သုံးသပ်ပြောဆိုသည်။

မြန်မာနိုင်ငံတွင် တောဆင်ရိုင်းများကို ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ရခိုင်ရိုးမဆင်ဘေးမဲ့တော၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ ဟူးကောင်းချိုင့်ဝှမ်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောနှင့် မြောက်ဇာမရီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော စသည့် နေရာများတွင် ကာကွယ်ထိန်းသိမ်းရေးနှင့် သုတေသနပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနထံမှ သိရသည်။

■ E-03

# ကြက်သားဈေး ကျပ် ၆၀၀၀ ထိဈေးပြန်တက်

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်းအတွင်း အသားစားကြက်သားဈေးနှုန်းများ ပြန်လည်မြင့်တက်လာရာ ယခုရက်ပိုင်းတွင် တစ်ပိဿာလျှင် ကျပ် ၆၀၀၀ အထိ ရောက်ရှိလာကြောင်း အသားစိမ်းဈေးကွက်အတွင်းမှ စုံစမ်း သိရှိရသည်။

ကြက်ငှက်တုပ်ကွေး(H5N1) ရောဂါပိုး သတင်းများကြောင့် ဇူလိုင်လနောက်ဆုံးပတ်က လက်လီဈေးအနေနှင့် ကြက်သား တစ်ပိဿာလျှင် ကျပ် ၄၀၀၀ အထိ ဈေးကျခဲ့ရာမှ ယခုရက်ပိုင်းတွင် ပြန်တက်လာခြင်းဖြစ်ကြောင်း လက်လီရောင်းချနေသော ကြက်သားဈေးကွက်အတွင်းမှလည်း သိရသည်။

"ကြက်သားဈေးက ပြန်တက်လာတယ်။ စားသုံးသူတွေလည်း များလာတယ်၊ လက်ကားဒိုင်ဈေးဆိုရင် တစ်ပိဿာ ၁၈၀၀ ကနေ ၂၃၀၀ အထိ တက်လာတယ်။ ဒိုင်ဈေးကိုက တစ်နေ့ကို တစ်ရာ နှစ်ရာတက်နေတယ်" ဟု သာကေတမြို့နယ် ၇ ဈေးမှ ကြက်သားဒိုင်တစ်ဦးက ပြောကြားသည်။

တာမွေမြို့နယ် ကြက်ဘဲဈေးတွင် ဩဂုတ်လအတွင်းက ဒိုင်လက်ကားဈေးအနေနှင့် တစ်ပိဿာလျှင် ကျပ် ၁၅၀၀ သာရှိခဲ့ရာမှ ယခုရက်ပိုင်းတွင် ကျပ် ၂၃၀၀ အထိ ဈေးတက်လာကြောင်း တာမွေကြက်၊ ဘဲ ဈေးရှိ ကြက်သားအရောင်းဒိုင်များထံမှ သိရသည်။

"ကြက်သားဈေးက ပြန်တက်လာတယ်။ စိတ်ချရပြီဆိုတော့ ဝယ်စားဖြစ်ပါတယ်။ ကြက်သားဈေး တက်မှပဲ ငါးဈေးတွေ ပြန်ကျမှာ" ဟု ကမာရွတ်မြို့နယ်တွင် နေထိုင်သည့် ကုမ္ပဏီဝန်ထမ်း ဒေါ်အိမွန်အောင်က ပြောဆိုသည်။ ■J-10

# နိုင်ငံတကာမျက်မမြင်များ လမ်းလျှောက်တုတ်နေ့ အင်အား ၁၆၀၀ ခန့် ပါဝင်ဆင်နွှဲမည်

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

နိုင်ငံတကာမျက်မမြင် လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ်လမ်းလျှောက်ပွဲကို အောက်တိုဘာ ၁၅ ရက်နေ့ နံနက် ၆ နာရီတွင် ကျင်းပမည်ဖြစ်ရာ မျက်မမြင် ၁၆၀၀ ခန့် ပါဝင်ဆင်နွှဲမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

အဆိုပါလမ်းလျှောက်ပွဲတွင် မြန်မာနိုင်ငံဒေသအနှံ့ရှိ မျက်မမြင်ကျောင်းများ၊ အလုပ်ရုံများမှမျက်မမြင်များ ပါဝင်မည်ဖြစ်ပြီး ၂၆ ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

"မြို့တော်ခန်းမရှေ့ကနေ စထွက်မယ်။ ကမ်းနားလမ်းအတိုင်းသွားပြီး ဘုန်းကြီးလမ်းမှာပြန်ကွေ့မယ်။ မဟာဗန္ဓုလလမ်းကနေ မြို့တော်ခန်းမကို ပန်းဝင်မယ်။ အဲဒီနေ့မှာ လမ်းလျှောက်တဲ့သူတွေကို ကျွေးမွေးတဲ့အစီအစဉ်တွေလည်း ပါမယ်" ဟု ၎င်းက ပြောဆိုသည်။

နိုင်ငံတကာမျက်မမြင် လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ် လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲသူများအတွက် အဝတ်အထည်၊ အစားအသောက်၊ အလှူငွေနှင့် ပစ္စည်းများကို လှူဒါန်းလိုပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာနနှင့်စီမံရေးရာဌာနသို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

■ J-10

## NEWS IN BRIEF

### မြန်မာနှင့် အစားအစာအာဟာရ ခေါင်းစဉ်ဖြင့် ဟောပြောမည်

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

နာရေးကူညီမှုအသင်း(ရန်ကုန်)နှင့် ပြည်သူ့ကျန်းမာရေး တက္ကသိုလ်တို့ ပူးပေါင်း၍ မြန်မာနှင့် အစားအစာအာဟာရ ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို အောက်တိုဘာလ ၁၄ ရက်နေ့ နံနက် ၁၀ နာရီတွင် အမှတ်-၁၃/က၊ ဗိုလ်မှူးဗထူးလမ်း၊ ၄၂ ရပ်ကွက်၊ မြောက်ဒဂုံရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)၊ သုခခန်းမ၌ ပြုလုပ်မည်ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။

အဆိုပါပွဲကို ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ အာဟာရနှင့် အစားအစာပညာဌာနမှ ဒေါက်တာအိမွန်ဖြိုးက ကျန်းမာစွာစားသောက်ခြင်း၊ အာဟာရဓာတ်ခြောက်မျိုး၊ တန်ဖိုးနည်းအာဟာရပြည့် ချက်ပြုတ်စားသောက်နည်းများနှင့် ရှောင်ရှားသင့်သော အစားအစာများ စသည့်အကြောင်းအရာများကို ဟောပြောမည်ဖြစ်ပြီး စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။ ■J-12

# ကျောက်မီးသွေးတူးဖော်သည့် ထိုင်းကုမ္ပဏီထံမှ ကျပ်သိန်း ၁၅၀ လျော်ကြေးရ

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

တနင်္သာရီတိုင်း ထားဝယ်မြို့နယ်အတွင်းရှိ ဘန်းချောင်းကျေးရွာတွင် ကျောက်မီးသွေး တူးဖော်ထုတ်လုပ်နေသော ထိုင်းနိုင်ငံသားပိုင် East star ကုမ္ပဏီထံမှ ကွမ်းခြံပျက်စီးဆုံးရှုံးမှုအတွက် ကျပ်သိန်း ၁၅၀ လျော်ကြေးရရှိခဲ့ကြောင်း သာကပေါ လူငယ်အဖွဲ့ အကြံပေး ဒေါ်နော်ပီသလောက ပြောကြားသည်။

"သူတို့တူးတဲ့ နေရာမှာရှိတဲ့ မြေစာပုံတွေ မီးလောင်တော့ ကွမ်းပင်တွေ သေကုန်တယ်၊ ကျွန်မတို့ လျော်ကြေးတောင်းတာ တစ်နှစ်ခွဲရှိပြီ။ ထိုင်းလူ့အခွင့်အရေးကော်မရှင်ကို တိုင်ပြီးနောက်နေ့မှာ လာလျော်သွားတယ်" ဟု ၎င်းကဆိုသည်။

ဘန်းချောင်းဒေသ ကျောက်မီးသွေးသတ္တုတွင်းစီမံကိန်းကြောင့် ထိခိုက်ခံစားနေရသော ဒေသခံများက ဇွန်လ ၂၀ ရက်နေ့က လေနှင့်ရေထု ညစ်ညမ်းမှု၊ ဒေသခံများ စားဝတ်နေရေးထိခိုက်မှု၊ စိုက်ပျိုးမြေများ သိမ်းဆည်းခံရမှုများ ရှိနေကြောင်း ထိုင်းနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားခဲ့ပြီးနောက် East star ကုမ္ပဏီ တာဝန်ရှိသူများက လျော်ကြေးပေးခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ရှင်းပြသည်။

ဒေသခံများ၏ စားဝတ်နေရေး ထိခိုက်မှု၊ စိုက်ပျိုးမြေများ သိမ်းဆည်းခံရမှုများရှိနေကြောင်း တိုင်ကြားမှုများရှိပါက စစ်ဆေးပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်က ပြောကြားသည်။

ထိုင်းနိုင်ငံသားများပိုင်ဆိုင်သော Energy Earth PCL ၊ East star နှင့် Thai Asset Mining ကုမ္ပဏီအပါအဝင် မြန်မာနိုင်ငံအခြေစိုက် မေဖလားဝါးကုမ္ပဏီတို့က ၂၀၁၀ ပြည့်နှစ်ကစတင်ကာ ထိုင်းနိုင်ငံအခြေစိုက် SME (Spiristual Education Movement) နှင့် နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့တို့ အကူအညီဖြင့် မြေဧက ၂၁၀၀ ပေါ်တွင် သတ္တုတူးဖော်လုပ်ကိုင်နေခြင်းဖြစ်ကြောင်း ဘန်းချောင်းဒေသခံများထံမှ သိရသည်။ ■J-18




ဓာတ်ပုံ - အောင်သီဟ

# ပိုမိုလွယ်ကူသည့် ကတ်ငွေပေးချေမှုစနစ် CB ဘဏ် မိတ်ဆက်

ရန်ကုန်၊ စက်တင်ဘာ ၂၁

ပြည်တွင်းဘဏ်တစ်ခုဖြစ်သည့် သမဝါယမဘဏ် (CB Bank) က ကတ်ဖြင့် ငွေပေးချေရာတွင် ပိုမိုလွယ်ကူသည့် အဆင့်မြင့်နည်းပညာ Contactless စနစ်ကို စတင်မိတ်ဆက်လိုက်ကြောင်း အဆိုပါဘဏ်ထံမှ သိရသည်။

Contactless နည်းပညာသည် ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများကို မည်သည့်ဈေးနှုန်းမဆို အလွယ်တကူ ငွေပေးချေနိုင်မည်ဖြစ်ပြီး မိမိကတ်၏ PIN နံပါတ်ရိုက်ရန်မလိုဘဲ ငွေပေးချေနိုင်မည့် နည်းလမ်းဖြစ်သည်။

ယင်းစနစ်သည် ငွေပေးချေရာတွင် မိမိကတ်ကို POS (ငွေပေးချေစက်) စက်များအတွင်းသို့ ထည့်သွင်းစရာမလိုဘဲ စက်အပေါ်၌ ကတ်ကိုပြသရုံဖြင့် ငွေပေးချေမှုများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း CB ဘဏ်၏ ကတ်ဌာနမှ ဌာနမှူး ဦးဇေယျာအောင်က ပြောကြားသည်။

"ဒီစနစ်က Visa ၊ Master တို့ရဲ့ နည်းပညာပါ။ အခြားနိုင်ငံတွေမှာလည်း သုံးနေပြီ။ မြန်မာနိုင်ငံမှာတော့ အခုမှစတာ။ အရင်စနစ်တွေထက် သူကပိုလွယ်တယ်။ ပိုမြန်တယ်" ဟု ၎င်းကရှင်းပြသည်။

ယင်းစနစ်သုံးစွဲရန် နိုင်ငံတကာငွေပေးချေရေးကတ် ကုမ္ပဏီများဖြစ်သည့် Visa နှင့် Master အမှတ်တံဆိပ်ပါသော ငွေပေးချေရေးကတ်များဖြင့်သာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း CB ဘဏ်ထံမှ သိရသည်။

သို့သော် ယခင်က ထုတ်လုပ်ထားသည့် Visa၊ Master ကတ်အဟောင်းများနှင့်အသုံးပြုနိုင်မည်မဟုတ်ဘဲ Contactless နည်းပညာပါဝင်သော ကတ်များဖြင့်သာ အသုံးပြုနိုင်မည်ဖြစ်သည်။

ယခင်ကတ်အဟောင်း ကိုင်ဆောင်ထားသူများကို CB ဘဏ်များတွင် အောက်တိုဘာလ၌ပြန်လည်လဲလှယ်ပေးမည်ဖြစ်ကြောင်း ယင်းဘဏ်ထံမှ သိရသည်။

"Contactless စနစ်နဲ့ ငွေပေးချေမှုစတင်ခြင်းက မြန်မာနိုင်ငံရဲ့e-Payment ခရီးလမ်းအတွက် အရေးအကြီးဆုံးခြေလှမ်း စတင်ခြင်းဖြစ်ပါတယ်" ဟု Master Card ၏ မြန်မာနိုင်ငံဆိုင်ရာမန်နေဂျာ Mr.Donal Ong က ပြောကြားသည်။

အဆိုပါစနစ်အသုံးပြုနိုင်ရန် ဈေးဝယ်စင်တာများ၊ ၂၄ နာရီစတိုးဆိုင်များနှင့် စက်သုံးဆီဆိုင်များတွင် အဓိကထားတပ်ဆင်သွားမည်ဖြစ်ပြီး လာမည့်တစ်နှစ်အတွင်း အရောင်းကိုယ်စားလှယ်ဆိုင်ပေါင်း ငါးထောင်ကျော်တွင် အသုံးပြုနိုင်ရန် လုပ်ဆောင်မည်ဖြစ်ကြောင်း CB ဘဏ်ထံမှ သိရသည်။ ■ J-01

# ဩဂုတ်လအတွင်း အထည်ချုပ်လုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၅ ခု ခွင့်ပြု

ရန်ကုန်၊ စက်တင်ဘာ ၂၁

ဩဂုတ်လအတွင်း အထည်ချုပ်လုပ်ငန်းများအပါအဝင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၂၅ ခုကို ခွင့်ပြုခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

ယင်းခွင့်ပြုခဲ့သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် အခြားလုပ်ငန်းများထက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုပေးနိုင်သော လက်ခစားစနစ်ဖြင့် အထည်ချုပ်လုပ်ငန်းများ အများဆုံးခွင့်ပြုပေးခဲ့ကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အထည်ချုပ်လုပ်ငန်းတွေ တော်တော်များများ ဝင်လာတယ်။ အခြားဟိုတယ်လုပ်ငန်းတွေနဲ့ အစားအစာထုတ်လုပ်တဲ့ လုပ်ငန်းတွေ ပါတယ်" ဟု ၎င်းကဆိုသည်။

ယခုခွင့်ပြုခဲ့သော လုပ်ငန်းများထဲတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လက်ခစားစနစ်ဖြင့် (CMP) အထည်ချုပ်လုပ်ငန်း ၁၀ ခုအထိ ပါဝင်ခဲ့ပြီး မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအနေနှင့် မိုဘိုင်းလ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၊ ပလတ်စတစ်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်မည့်လုပ်ငန်းများ၊ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် အစားအစာထုတ်လုပ်သည့်လုပ်ငန်းများ၊ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းများနှင့် အခြားရုပ်ရှင်ရုံတည်ဆောက်ခြင်းလုပ်ငန်းများလည်းပါဝင်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

အဆိုပါခွင့်ပြုခဲ့သော ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၅ ခုမှ ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းပေါင်း တစ်သောင်းတစ်ထောင်ကျော်အထိ ဖန်တီးပေးနိုင်ခဲ့ကြောင်း ယင်းဌာန၏ စာရင်းများအရ သိရသည်။ ■ J-01

# ၂ နှစ်အတွင်း ပြည်ပပို့ဆန်ဈေး အမြင့်ဆုံးရောက်

ရန်ကုန်၊ စက်တင်ဘာ ၂၁

ဆက်တိုက်မြင့်တက်နေသော ပြည်ပပို့ဆန်ဈေးများသည် ၂ နှစ်အတွင်း အမြင့်ဆုံးဈေးနှုန်းတစ်ရပ်သို့ ရောက်ရှိကြောင်း ဆန်ဈေးကွက်အတွင်းမှ သိရသည်။

၂၀၁၅ ခုနှစ် စက်တင်ဘာလက ဧည့်မထ (၂၅ မှတ်) ဆန်တစ်အိတ်လျှင် ကျပ် ၁၇,၀၀၀ ခန့်သာရှိခဲ့သော်လည်း ယခုနှစ် ယင်းကာလအတွင်း ၂၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၂၁,၀၀၀ ခန့်သို့ ရောက်ရှိလာခဲ့ပြီး ကျန်ဆန်ကြမ်းဈေးများမှာလည်း အမြင့်ဆုံးဈေးနှုန်းတစ်ရပ်သို့ ရောက်ရှိလျက်ရှိကြောင်း ဆန်ဈေးကွက်အတွင်းမှ သိရသည်။

လက်ရှိဆန်ဈေးကွက်အတွင်း ယခင်အပတ်ကထက် ဧည့်မထ ၂၅ မှတ် ဆန်နှင့် နွေသီးထပ်ရှယ်ဆန်ဈေးနှုန်းများ ဆက်လက်ဈေးတက်လာပြီး တစ်အိတ်လျှင် ကျပ် ၇၀၀ မှ ၁၀၀၀ ခန့်အထိ ဈေးတက်ကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

ယခုနှစ်အတွင်း ပင်လယ်ရေကြောင်းဘက်က တရုတ်နိုင်ငံသို့ ဆန်တန်ချိန်နှစ်သိန်းတရားဝင်တင်ပို့နိုင်ရန် ဆွေးနွေးနေခြင်းအပါအဝင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဒီဇင်ဘာလမှစ၍ ဆန်တန်ချိန် သုံးသိန်းတင်ပို့ရန် MoU လက်မှတ်ရေးထိုးပြီးခြင်းတို့ကြောင့် ယင်းသို့ ဆန်ဈေးဆက်တိုက်မြင့်တက်လာခြင်းဖြစ်ကြောင်း ဆန်ကုန်သည်များက ဆိုသည်။

၂၀၁၅ ခုနှစ်အတွင်းက ဧည့်မထ (ထိပ်စ)ဆန်တစ်အိတ်လျှင် ကျပ် ၁၉,၀၀၀ ခန့်၊ နွေသီးထပ်ရှယ်တစ်အိတ်လျှင် ၁၉,၀၀၀ ကျပ်ခန့်၊ ဧည့်မထ ၂၅ မှတ်ဆန်တစ်အိတ်လျှင် ၁၇,၀၀၀ ခန့်သာရှိခဲ့သော်လည်း လက်ရှိဆန် ဈေးကွက်အတွင်း ဧည့်မထ (ထိပ်စ) ဆန်တစ်အိတ်လျှင် ကျပ် ၂၂,၀၀၀ ခန့်၊ နွေသီးထပ်ရှယ်တစ်အိတ်လျှင် ၂၂,၈၀၀ ကျပ်ခန့်နှင့် ဧည့်မထ ၂၅ မှတ် ဆန်တစ်အိတ်လျှင် ၂၁,၀၀၀ ကျပ်ခန့်ဈေးရှိကြောင်း ဘုရင့်နောင်နှင့် ဝါတန်းဆန်ဈေးကွက်များအတွင်းမှ သိရသည်။ ■ S-04

## NEWS IN BRIEF

### စီးပွားရေးဖိုရမ် ပြုလုပ်မည်

ရန်ကုန်၊ စက်တင်ဘာ ၂၁

Myanmar Transitional Economy ခေါင်းစဉ်ဖြင့် စီးပွားရေးဖိုရမ်ကို စက်တင်ဘာလ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းပေါ်ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ပြုလုပ်မည်ဖြစ်ကြောင်း ယင်းပွဲကို စီစဉ်သည့် မေခဆောင်ဖောင်ဒေးရှင်းထံမှ သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) မှ ဒေါက်တာ သိန်းဆွေ၊ ထားဝယ်အထူးစီးပွားရေးဇုန်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မြင့်ဆန်းနှင့် Eco Echo ဂျာနယ် အယ်ဒီတာချုပ် ဦးဇော်သန်းတို့က ဟောပြောဆွေးနွေးမည်ဖြစ်ကြောင်း ယင်းဖောင်ဒေးရှင်းထံမှ သိရသည်။ ■

### ဖို့ဒ်ကားများက အကောင်းဆုံးကားဆုများရရှိ

ရန်ကုန်၊ စက်တင်ဘာ ၂၁

Drive Magazine က ဦးစီးကျင်းပသော '2017 Myanmar Car of the Year(MCOTY)' ဆုပေးပွဲတွင် Ford Motor က ထုတ်လုပ်သည့်မော်တော်ယာဉ်များ အကောင်းဆုံးဆုများရရှိကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။

မြန်မာနိုင်ငံ၌ တပ်ဆင်ထုတ်လုပ်သည် Ford Ranger က 'Best Pick-up Truck' ဆုနှင့် Ford Everest က 'Best SUV' ဆုတို့ကို ပထမဆုံး Myanmar Car of the Year ဆုပေးပွဲတွင်ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။ ■

### စက်တင်ဘာလ ၂၁ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

| Name | Opening Price | 11(AM) Price | 1(PM) Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|
| FMI | 13500 | 13500 | 13500 | - | 285 | 3,847,500 |
| MTSH | 3650 | 3650 | 3650 | - | 5854 | 21,367,100 |
| MCB | 8600 | 8800 | 8800 | +200 | 10 | 88,000 |
| FPB | 24000 | 24000 | 24000 | - | 200 | 4,800,000 |

နိုင်ငံခြားငွေလဲလှယ်နှုန်း — Source: KBZ Bank

| 21.9.2017 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး (ကျပ်) | ၁၃၄၈ | ၁၆၀၁ | ၉၉၈ |
| ရောင်းဈေး (ကျပ်) | ၁၃၅၂ | ၁၆၁၀ | ၁၀၀၄ |

Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း

| 21.9.2017 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ (ကျပ်) | ၉၄၈,၀၀၀ (ဖွင့်) | ၉၄၅,၀၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၃၀၀ (ဖွင့်) | ၁၃၀၀ (ပိတ်) |

MANDALAY VOICE

# သီတင်းကျွတ်ကာလ ကလေးပန်းချီကာတွန်းမီးပုံးပြပွဲပြိုင်ပွဲ ပထမအကြိမ် ကျင်းပမည်

**မန္တလေး၊ စက်တင်ဘာ ၂၁**

မန္တလေးမြို့တော်ရှိ ဇာတိမာန်လူငယ်စာဖတ်အသင်းကဦးဆောင်ကာ သီတင်းကျွတ်ကာလ ကလေးပန်းချီကာတွန်းမီးပုံးပြပွဲ ပြိုင်ပွဲတစ်ရပ် ပထမဆုံးအကြိမ် ကျင်းပမည်ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။

အဆိုပါပွဲကို မန္တလေးမြို့ ၂၆ လမ်းနှင့် ၉၂ လမ်းထောင့်တွင် အောက်တိုဘာလ ၅ ရက်နေ့ညနေ ၆ နာရီအချိန်၌ ကျင်းပမည်ဟု အဆိုပါအသင်း တည်ထောင်သူ ဦးလှမင်းဦးက ပြောကြားသည်။

“ကလေးတွေအနေနဲ့ မြန်မာ့ရိုးရာပွဲတော်တွေကို ချစ်မြတ်နိုးစေရန် ရည်ရွယ်ပြုလုပ်တာ ဖြစ်ပါတယ်။ ကလေးတွေပါဝင်ယှဉ်ပြိုင်ဖို့ ဖိတ်ခေါ်ပါတယ်။ အကဲဖြတ်ပေးမှာကလည်း မန္တလေးမြို့က နာမည်ကျော် ပန်းချီ၊ ကာတွန်းဆရာတွေကပါ။ ပါဝင်ယှဉ်ပြိုင်ကြတဲ့ ကလေးတွေကိုရော လာရောက်ပြသတဲ့သူတွေကိုရော သုတရသစာအုပ်တွေ အခမဲ့ပေးဝေဖို့လည်း ရှိပါတယ်” ဟု ၎င်းကဆိုသည်။

အဆိုပါ ပြိုင်ပွဲသို့ အသက် ၁၅ နှစ်အောက် ကလေးများယှဉ်ပြိုင်နိုင်ပြီး စည်းကမ်းသတ်မှတ်ချက် မထားရှိကြောင်း၊ ပြိုင်ပွဲဝင်များအနေနှင့် ငြိမ်းချမ်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ လူငယ်နှင့် အားကစား၊ မန္တလေးမြို့၏ ရှုခင်းအလှများ၊ ၁၂ လရာသီ ပွဲတော်များ၊ ရှောင်လေဝေးဝေး မူးယစ်ဆေး၊ စာအုပ်စာပေလူ့မိတ်ဆွေ စသည့်ခေါင်းစဉ်များ ရေးဆွဲရမည်ဖြစ်ကာ အောက်တိုဘာလ ၂ ရက်နေ့ နောက်ဆုံးထား၍ ထွန်းဦးစာပေ၊ ၂၉ လမ်းနှင့် ၈၄ လမ်းထောင့် မန္တလေးမြို့သို့ ပေးပို့နိုင်ကြောင်း ၎င်းက ရှင်းပြသည်။

“သီတင်းကျွတ်ကျောင်းပိတ်ရက်နဲ့တိုက်နေရင်တော့ အိမ်ကကလေးတွေလည်း ဝင်ပြိုင်ဖို့စိတ်ဝင်စားကြမှာပါ။ မပြိုင်ဖြစ်ရင်တောင် ကာတွန်းမီးပုံးတွေ လိုက်ပြရမယ်” ဟု ပြည်ကြီးတံခွန်မြို့နယ်မှ ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဒေါ်သန်းသန်းက ပြောဆိုသည်။

အဆိုပါ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများကို ပန်းချီနှင့်သက်ဆိုင်သည့် ပစ္စည်းများအပြင် အဘိဓာန်စာအုပ်များပါ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း ဦးလှမင်းဦးက ထပ်လောင်းပြောကြားသည်။

အောင်မြေသာစံမြို့နယ်၊ ၂၆ လမ်းနှင့် ၉၂ လမ်းထောင့်ရှိ ဇာတိမာန်စာဖတ်အသင်းသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၊ မူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်သဒ္ဒါသင်တန်း၊ အခြေခံပန်းချီသင်တန်း၊ ဘောလုံးသင်တန်း၊ ကလေးသတင်းစာပညာသင်တန်း စသည့်သင်တန်းများကို နွေရာသီ ကျောင်းပိတ်ရက်များ၌ နှစ်စဉ်အခမဲ့သင်ကြားပေးလျက်ရှိသည်။

■ **ဝင်းရွှေရည်ဦး**

# မိုးကုတ်တွင် ကျပ်သိန်းနှစ်ဆယ်ခန့် တန်ဖိုးရှိ မူးယစ်ဆေးများ ဖမ်းမိ

**မန္တလေး၊ စက်တင်ဘာ ၂၁**

မန္တလေးတိုင်း မိုးကုတ်မြို့အုန်ဒါန်ကျေးရွာရှိ နေအိမ်တစ်ခုမှ ကျပ်သိန်းနှစ်ဆယ်ခန့်တန်ဖိုးရှိ မူးယစ်ဆေးများ စက်တင်ဘာလ ၁၉ ရက်နေ့က ဖမ်းဆီးရမိခဲ့ကြောင်း တိုင်းရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

အုန်ဒါန်ကျေးရွာနေ အသက် ၃၅ နှစ်အရွယ်ရှိ ဦးလှမြင့်ရွှေ၏ နေအိမ်အတွင်းမှ ဘိန်းဖြူ ကိုးဂရမ်၊ ကာလတန်ဖိုး ၉၀၀၀၀၀ ကျပ်နှင့် 88/1 စာတန်းပါ ပန်းရောင်စိတ်ကြွမူးယစ်ဆေး ၃၅၃ ပြား၊ ကာလတန်ဖိုး ၁,၀၅၉,၀၀၀ ကျပ်နှင့် မူးယစ်ဆေးသုံးရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဖမ်းဆီးရမိမှု မှတ်တမ်းအရ သိရသည်။

ယင်းသို့ မူးယစ်ဆေးဝါးများ တွေ့ရှိမှုနှင့်ပတ်သက်၍ ဦးလှမြင့်ရွှေကို ကျပ်ပြင်နယ်မြေရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဥပဒေဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း ယင်းရဲစခန်းထံမှ သိရသည်။ ■**M-04**

# သာစည်-လှိုင်ကော် ရထားလမ်းတွင် အမျိုးသားတစ်ဦး ရထားအကြိတ်ခံရသဖြင့် သေဆုံး

**မိတ္ထီလာ၊ စက်တင်ဘာ ၂၁**

မန္တလေးတိုင်း သာစည်မြို့နယ် ယင်းမာပင်ကျေးရွာအရှေ့ဘက်မှ ဖြတ်သန်းသွားသော သာစည်-လှိုင်ကော် ရထားလမ်း မိုင်တိုင်အမှတ် ၃၅/၂ နှင့် ၃၅/၃ ကြားတွင် စက်တင်ဘာလ ၁၉ ရက်နေ့ နံနက်အစောပိုင်းက အမျိုးသားတစ်ဦး ရထားအကြိတ်ခံရသဖြင့် သေဆုံးသွားခဲ့ကြောင်း နယ်မြေခံရဲစခန်းထံမှ သိရသည်။

စက်တင်ဘာလ ၁၉ ရက်နေ့ နံနက် ၅ နာရီ ဝန်းကျင်အချိန်က ယင်းမာပင်ဘူတာမှထွက်ခွာလာသော အမှတ် ၁၄၇ သာစည်-လှိုင်ကော် အဆန်ရထားသည် ယင်းမာပင်ကျေးရွာအရှေ့ဘက် တစ်ဖာလုံအကွာတွင် အကျီမပါဘဲ မှောက်လျက်အိပ်နေသော အမျိုးသားကို ကြိတ်မိခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူမှာ ယင်းမာပင်ကျေးရွာမှ အသက် ၂၂ အရွယ် မောင်ထက်ဆိုသူဖြစ်ကြောင်း မှုခင်းမှတ်တမ်းတွင် ဖော်ပြထားသည်။

အဆိုပါ လူသေဆုံးမှုနှင့်ပတ်သက်၍ ယင်းမာပင်နယ်မြေရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၈/၂၀၁၇ ဖြင့် အမှုဖွင့်ပေးခဲ့ကြောင်း ယင်းရဲစခန်းမှ သိရှိရသည်။

■ **R-01**



ဓာတ်ပုံ- ကျော်စိုးမိုး

မိတ္ထီလာမြို့နယ်အတွင်းရှိ ကြက်သွန်ပွဲရုံတစ်ခုတွင် ရောင်းဝယ်နေမှုများကို တွေ့ရစဉ်။

# ကြက်သွန်နီအသစ်ပေါ်ချိန်နီးသဖြင့် ကြက်သွန်ဈေးကျ

**မိတ္ထီလာ၊ စက်တင်ဘာ ၂၁**

မန္တလေးတိုင်းအတွင်းရှိ ကြက်သွန်စိုက်ဒေသများမှ မိုးကြက်သွန်ပေါ်ချိန်နီးပြီဖြစ်၍ ကြက်သွန်နီဈေး ကျဆင်းလာကြောင်း မိတ္ထီလာမြို့ရှိ ကြက်သွန်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

နွားထိုးကြီး၊ ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်ဒေသတို့တွင်စိုက်ပျိုးထားသော မိုးကြက်သွန်သစ်များ အောက်တိုဘာလအတွင်း ထွက်ရှိတော့မည်ဖြစ်သဖြင့် လှောင်ထားသည့်ကြက်သွန်နီအဟောင်းများကို ထုတ်ရောင်းနေရကြောင်း ကြက်သွန်ကုန်သည်များက ပြောဆိုသည်။

မိတ္ထီလာခရိုင်အတွင်း၌ ယခုသီတင်းပတ်အတွင်း ကြက်သွန်တစ်ပိဿာလျှင် ကျပ် ၂၀၀ ဝန်းကျင်ဈေးကျခဲ့ရာ စက်တင်ဘာလ ၂၀ ရက်နေ့ ပေါက်ဈေးမှာ ကြက်သွန်နီတစ်ပိဿာလျှင် ၁၈၀၀ ခန့်သာရှိတော့ကြောင်း မိတ္ထီလာမြို့ကြက်သွန်ကုန်သည် ဦးကျော်ကျော်လင်းက ပြောကြားသည်။

“ဒီမှာတော့ လှောင်ကုန်က သိပ်မကျန်တော့ပါဘူး။ မိတ္ထီလာတစ်နယ်လုံးပေါင်းမှ ပိဿာချိန် လေးငါးသိန်းလောက်ပဲရှိတော့မယ်။ တရုတ်ကြက်သွန်တွေ ဝင်လာတာကြောင့်လည်း ဈေးကျတာပါ။ မြန်မာကြက်သွန်တစ်ပိဿာ ၁၈၀၀ ဆိုရင် တရုတ်ကြက်သွန်က ၁၄၀၀ လောက်ပဲရှိတယ်” ဟု ၎င်းက ရှင်းပြသည်။

စက်တင်ဘာလဆန်းပိုင်းက ကြက်သွန်နီတစ်ပိဿာလျှင် ၂၁၀၀ မှ ၂၂၀၀ ကျပ်အထိ ဈေးရခဲ့ရာမှ စက်တင်ဘာ ဒုတိယပတ်တွင် ကျပ် ၂၀၀၀ ဝန်းကျင်သာ ဈေးရတော့သည်ဟု မိတ္ထီလာမြို့မဈေးရှိ ကြက်သွန်ပွဲရုံများထံမှ သိရသည်။

“တရုတ်ကြက်သွန်က အလုံးလှတယ်။ နည်းပညာတွေသုံးပြီးထုတ်ထားတော့ အနိမ့်ဈေးနဲ့ဝင်လာတယ်။ မြန်မာကြက်သွန်နဲ့ယှဉ်ရင် အရည်အသွေး မကောင်းသေးဘူးလို့ ပြောလိုရပေမယ့် မနှစ်ကဝင်တဲ့ တရုတ်ကြက်သွန်ထက်တော့ ပိုပြီးအရည်အသွေး ကောင်းလာတာ တွေ့ရတယ်” ဟု ဝမ်းတွင်းမြို့မှ ကြက်သွန်ပွဲရုံလုပ်ငန်းရှင် ဦးအောင်မြင့်က ပြောဆိုသည်။

မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးထားသော ကြက်သွန်နီများမှာ ဒီဇင်ဘာလကုန်ပိုင်းတွင် ထွက်ရှိမည်ဖြစ်ကြောင်း ကြက်သွန်စိုက် တောင်သူများထံမှ သိရသည်။

■ **R-01**

# သပိတ်ကျင်း လွတ်မြောက်တရားခံများကို စီမံချက်ဖြင့် ဖော်ထုတ်ဖမ်းဆီးရန်စီစဉ်

**သပိတ်ကျင်း၊ စက်တင်ဘာ ၂၁**

သပိတ်ကျင်းမြို့နယ်အတွင်း ပြစ်မှုအမျိုးမျိုးဖြင့် ထွက်ပြေးလွတ်မြောက်နေသူများကို စီမံချက်ဖြင့် ဖော်ထုတ်ဖမ်းဆီးရန် စီစဉ်နေကြောင်း ယင်းမြို့နယ်နယ်ထိန်းရဲတပ်ဖွဲ့ဝင်များထံမှ သိရသည်။

သပိတ်ကျင်းမြို့နယ်အတွင်း ၂၀၀၈ ခုနှစ်မှ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့အထိ ထွက်ပြေးလွတ်မြောက်နေသောအမှု ၁၅ မှုရှိကြောင်း၊ စစ်ပြေး၊ ရဲပြေး၊ ရဲဘက်ပြေးနှင့် တရားခံပြေးများကို ဖော်ထုတ်ဖမ်းဆီးမည်ဖြစ်ကြောင်း နယ်ထိန်းအဖွဲ့ခေါင်းဆောင် ဒုရဲအုပ်ဇော်မင်းဌေးက ပြောကြားသည်။

“ပြေးလေးပြေးတရားခံတွေထဲက တရားခံပြေးနဲ့တပ်သားသစ်ထွက်ပြေးမှုတွေကို နယ်ထိန်းရဲတပ်ဖွဲ့ဝင်တွေက စုံစမ်းဖော်ထုတ်ဖမ်းဆီးနေပါတယ်။ ထွက်ပြေးနေတဲ့သူတွေ ဖမ်းဆီးရမိနိုင်ဖို့လည်း လုပ်နေပါတယ်” ဟု ၎င်းကဆိုသည်။

ပြေးလေးပြေးတရားခံများအပြင် တရားမဝင်မှောင်ခိုလုပ်ငန်းလုပ်ကိုင်ကာ ထွက်ပြေးလွတ်မြောက်နေသူများ၊ ပြစ်မှုကျူးလွန်ခဲ့သော်လည်း ပြစ်ဒဏ်ကျခံရမည်စိုးသည့်အတွက် ထွက်ပြေးနေသူများလည်း ရှိနေသည့်အပြင် တရားရုံးက ဝရမ်းထုတ်ထားသော တရားခံပြေးများလည်း ရှိနေသေးသည်ဟု ရဲတပ်ဖွဲ့နှင့် နီးစပ်သည့် ဝါးဖြူတောင်ကျေးရွာဒေသခံများအဆိုအရ သိရသည်။

“သူတို့လွတ်မြောက်နေတဲ့အတွက် တရားဥပဒေဟာ စိုးမိုးမှုမရှိဘူးလို့ ခံစားရတယ်။ ဒါတွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေ စုံစမ်းဖော်ထုတ်ဖမ်းဆီးမှ အဆင်ပြေမှာ” ဟု ပိုးဇာကျေးရွာဒေသခံ ဦးအာမိုဆီက ပြောကြားသည်။

သပိတ်ကျင်းမြို့နယ်တရားရုံးက ဝရမ်းထုတ်ပြန်ထားသော်လည်း ထွက်ပြေးလွတ်မြောက်နေသူများစာရင်းကို မြို့နယ်အဆင့်က ထုတ်ပြန်ပေး၍မရကြောင်း မြို့နယ်တရားသူကြီး ဦးမင်းလွင်က ပြောဆိုသည်။ ■**R-05**


ဓာတ်ပုံ-ရွှေရည်

ရေမီတာအသုံးပြုခများ လစဉ်ကောက်ခံမည့်ကိစ္စနှင့်ပတ်သက်၍ စည်ပင်တာဝန်ရှိသူများ ရှင်းလင်းနေစဉ်

# မန္တလေးစည်ပင် အောက်တိုဘာမှစ၍ ရေမီတာအသုံးပြုခ လစဉ်ကောက်မည်

**မန္တလေး၊ စက်တင်ဘာ ၂၁**

မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်ငါးခုအတွင်း စည်ပင်သာယာရေးကော်မတီက ဖြန့်ဖြူးနေသော ရေမီတာ အသုံးပြုခများကို အောက်တိုဘာလဆန်းပိုင်းမှစ၍ လစဉ်ကောက်ခံမည်ဖြစ်ကြောင်း စည်ပင်သာယာရေးကော်မတီ အခွန်ဌာန၊ ဌာနမှူး ဦးဝင်းမောင်က ပြောကြားသည်။

စည်ပင်ရေပေးဝေရေးအဖွဲ့ အနေနှင့် ယခင်က ရေမီတာခများကို သုံးလတစ်ကြိမ် ကောက်ခံလျက်ရှိရာမှ အောက်တိုဘာလမှစ၍ လစဉ်ကောက်ခံမည်ဖြစ်ကြောင်း၊ ယင်းသို့ ပြောင်းလဲကောက်ခံခြင်းနှင့် အတူ ပြည်သူလူထုအတွက် သန့်ရှင်းသောရေ ရရှိစေရန်နှင့် ဝန်ဆောင်မှုကောင်းများရရှိစေရန် အလေးထား လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

"ရေမလာတဲ့ရေမီတာတွေ၊ ပျက်စီးနေတဲ့ရေမီတာ စာရင်းရဖို့ ရည်ရွယ်လုပ်ဆောင်တာပါ" ဟု ၎င်းကဆိုသည်။

ယင်းအပြင် မြို့နယ်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန၊ အင်ဂျင်နီယာ၊ စစ်ဆေးရေးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ စည်ပင်သာယာရေးဝန်ထမ်း၊ ရာအိမ်မှူး အစရှိသည်တို့မှ တာဝန်ရှိသူရှစ်ဦးပါဝင်သည့် အဖွဲ့တစ်ဖွဲ့စီဖြင့် ကွင်းဆင်းစစ်ဆေးမည်ဖြစ်ပြီး တစ်မြို့နယ်လျှင် ငါးဖွဲ့နှုန်းဖြင့် အဖွဲ့ ၂၅ ဖွဲ့ခွဲကာ ကွင်းဆင်းစစ်ဆေးမည်ဖြစ်ကြောင်း ဦးဝင်းမောင်က ရှင်းပြသည်။

"အခု ကွင်းဆင်းစစ်လိုက်လို့ စည်ပင်က တပ်ဆင်ထားတဲ့ရေမီတာတွေ မဟုတ်ဘဲ မမှန်မကန် အသုံးပြုမယ်ဆိုရင် ဒဏ်ကြေးပေးရမှာပါ။ ရေမီတာမကောင်းတာ၊ လဲလှယ်တပ်ဆင်တာတွေအတွက်လည်း အသက်သာဆုံးနှုန်းထားနဲ့ ပြုပြင်ပေးမယ်။ အဖွဲ့တွေမှာပါတဲ့ အင်ဂျင်နီယာက တစ်ခါတည်း စစ်ဆေးဆုံးဖြတ်ပေးမှာပါ" ဟု စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းရေးဌာန ရေဖြန့်ဖြူးရေးဌာနခွဲ၊ ဌာနခွဲမှူး ဦးခင်မောင်သင်းက ပြောဆိုသည်။

ရေမီတာခကောက်ခံမှုပုံစံ ပြောင်းလဲလိုက်ခြင်းနှင့်အတူ ပြည်သူများ ရေသုံးစွဲမှုအပေါ် ဆန်းစစ်ချက်များနှင့် သဘောထားမှတ်ချက်များ ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ယင်းမှတ်ချက်များကို ပြန်လည်သုံးသပ်ကာ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကိစ္စများကို ဝန်ဆောင်ပေးမည်ဖြစ်ကြောင်း ယင်းကော်မတီ၊ အခွန်ဌာနမှ ဌာနမှူး ဦးဝင်းမောင်က ထပ်လောင်းပြောကြားသည်။

"ရေမီတာနဲ့သုံးချင်ပေမယ့် ဒဏ်ကြေးငါးသောင်းဆိုတော့ ခက်နေတယ်။ သူတို့သတ်မှတ်ထားတဲ့ မီတာတပ်ဆင်ခကလည်း ခြောက်သောင်းလောက် ရှိနေတယ်။ ရေမီတာလည်ပတ်သုံးစွဲတဲ့စနစ်ကိုလည်း ပြည်သူက သေချာနားမလည်ဘူး" ဟု ချမ်းမြသာစည်မြို့နယ်တွင် နေထိုင်သည့် အိမ်ရှင်မ ဒေါ်ညိုက ပြောဆိုသည်။

မန္တလေးခရိုင်အတွင်း စည်ပင် ရေမီတာသုံးစွဲလျက်ရှိသော ရေမီတာအလုံး ၉၈,၀၀၀ ကျော်ရှိနေရာ ယင်းတို့အနက် ၅၂ ရာခိုင်နှုန်းမှာ လေလွင့်အသုံးပြုမှုများရှိနေပြီး ၄၀ ရာခိုင်နှုန်းခန့်သာ ရေမီတာခ ကောက်ခံရရှိကြောင်း ယင်းကော်မတီ ရေနှင့်သန့်ရှင်းရေးဌာန၊ ရေဖြန့်ဖြူးရေးဌာနခွဲထံမှ သိရသည်။ ■ **ဝင်းရွှေရည်ဦး**

# လုပ်ငန်းခွင်ထိခိုက်မှုကို တာဝန်မယူသည့်အတွက် အလုပ်သမားညွှန်ကြားရေးမှူးချုပ်ထံ တိုင်ကြား

**သပိတ်ကျင်း၊ စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအစပ်တွင် လုပ်ကိုင်လျက်ရှိသော တကောင်းနီကယ်စီမံကိန်းမှ တာဝန်ရှိသူများသည် လုပ်ငန်းခွင်ထိခိုက်မှု ဖြစ်ပေါ်ခဲ့သည်ကို တာဝန်မယူသည့်အတွက် အလုပ်သမားညွှန်ကြားရေးမှူးချုပ်အပါအဝင် သက်ဆိုင်ရာတာဝန်ရှိသူများထံ စက်တင်ဘာလ ၁၈ ရက်နေ့က တင်ပြတိုင်ကြားခဲ့ကြောင်း နီကယ်စီမံကိန်းရှိ မြန်မာအလုပ်သမားအဖွဲ့က ပြောကြားသည်။

တကောင်း နီကယ်စီမံကိန်းစက်ရုံတွင် အလုပ်ရှင် အလုပ်သမားစာချုပ် ချုပ်ဆိုထားပြီး ယာဉ်မောင်းအဖြစ် လုပ်ကိုင်နေသူတစ်ဦး လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရခဲ့၍ မန္တလေးဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော်လည်း သက်ဆိုင်ရာတာဝန်ရှိသူများက ကူညီထောက်ပံ့ပေးခြင်း မရှိသည့်အတွက် တင်ပြတိုင်ကြားခဲ့ခြင်းဖြစ်သည်ဟု ဦးဆောင်တိုင်ကြားသူ ဒေါ်လှနွယ်က ပြောဆိုသည်။

"ထိခိုက်မှုဖြစ်လို့ မန္တလေးဆေးရုံမှာ အရေးပေါ်ကုသနေရတယ်။ ဖြစ်တဲ့နေ့က ယာဉ်ကြီးကြပ်ဌာနက တရုတ်နှစ်ယောက်လိုက်လာပြီး ငွေတစ်သိန်း ပေးတယ်။ ဒီငွေနဲ့ ဆေးကုဖို့မဖြစ်နိုင်တဲ့အတွက် ယူမထားလိုက်ဘူး။ ကျွန်မအမျိုးသား ကျန်းမာရေးကောင်းလာဖို့ ငွေတိုးယူပြီး ကုနေရတယ်" ဟု ၎င်းကဆိုသည်။

ထိခိုက်ဒဏ်ရာရခဲ့သော ဦးမင်းမင်းစိုးသည် စီမံကိန်းလုပ်ငန်း၏ ကားကြီးမောင်းဌာနတွင် ၂၀၁၅ ခုနှစ် မေလကစ၍ လုပ်ကိုင်နေသူဖြစ်ကာ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့က စွန့်ပစ်မြေစာများကို စွန့်ပစ်ရာမှ ဟိုက်ဒရောလစ်မောင်းတံနှင့် ထိခိုက်မိခဲ့သည့်အတွက် ဦးခေါင်းနှင့် လည်ပင်းရိုး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်ဟု မြန်မာအလုပ်သမားအဖွဲ့ထံမှ သိရသည်။

တကောင်းနီကယ်စီမံကိန်းတွင် လုပ်ကိုင်နေကြသော မြန်မာဝန်ထမ်းအများစု အနေနှင့် လုပ်ငန်းခွင်အတွင်း ထိခိုက်မှုတစ်စုံတစ်ရာ ဖြစ်ပေါ်လာသော်လည်း စီမံကိန်း တာဝန်ရှိသူများက တာဝန်ယူမှု တာဝန်ခံမှုမရှိကြောင်း အနာဂတ်လမ်း အခြေခံ အလုပ်သမားအဖွဲ့အစည်းဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ပြောကြားသည်။

"သူတို့လုပ်ငန်း ပြီးမြောက်ဖို့ပဲသိတာ။ မြန်မာအလုပ်သမားဝန်ထမ်းတွေကို မတရားသဖြင့် ဖိအားပေးခိုင်းပြီး အလုပ်ခွင်ထိခိုက်လာရင်လည်း ထောက်ပံ့ကူညီလုပ်ကိုင်ဆောင်ရွက်ပေးကြတာ မရှိကြဘူး" ဟု ၎င်းက ဆိုသည်။

နီကယ်ဓာတ်သတ္တု တူးဖော်ထုတ်လုပ်လျက်ရှိသော တကောင်း နီကယ်စက်ရုံတွင် အလုပ်ခွင်ထိခိုက်သေဆုံးမှု ငါးကြိမ်၊ အိပ်ခန်းအတွင်း တရုတ်နိုင်ငံသား သေဆုံးမှုတစ်ကြိမ်၊ မြန်မာအလုပ်သမားတစ်ဦး ကြိုးဆွဲချသေဆုံးမှု တစ်ကြိမ်နှင့် ထိခိုက်ဒဏ်ရာရရှိခဲ့မှု ငါးကြိမ် ဖြစ်ပေါ်ခဲ့ဖူးကြောင်း ဦးထွန်းထွန်းဝင်းက ရှင်းပြသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အသေးစိတ်သိရှိနိုင်ရန် အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၏ တကောင်း နီကယ်စီမံကိန်း တာဝန်ခံ ဦးရဲမြင့်ထံ ဆက်သွယ်မေးမြန်းရာ စီမံကိန်းလုပ်သားတစ်ဦးဖြစ်၍ Myanmar MNMC Co., Ltd. ကုမ္ပဏီမှ တာဝန်ရှိသူများကသာ ဖြေရှင်းပေးနိုင်မည် ပြောဆိုသည်။

ယင်းကြောင့် တကောင်း နီကယ်စီမံကိန်း ရုံးဖုန်း ၀၉ ၄၇၀ ၈၂၉၁ သို့ ဆက်သွယ်မေးမြန်းသော်လည်း ပြန်လက်ခံဖြေကြားခြင်း မရှိခဲ့ပေ။ ■ **R-05**

# NEWS IN BRIEF

## စစ်ကိုင်းတိုင်းအတွင်း ဝါးစိုက်ပျိုးရေးဇုန်ထောင်ရန်စီစဉ်

စစ်ကိုင်းတိုင်းအတွင်း ဧက ၅၀၀၀ အကျယ်ရှိ ဝါးစိုက်ပျိုးရေးဇုန် တည်ထောင်နိုင်ရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းထံမှ သိရသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရန်၊ ဝါးစိုက်ပျိုးမှုမှတစ်ဆင့် ဝင်ငွေတိုးပွားစေရန်၊ အချောထည်လုပ်ငန်းများ ထုတ်လုပ်နိုင်ရန် တည်ထောင်ရခြင်းဖြစ်ပြီး လက်ရှိတွင် ဝါးစိုက်ပျိုးလိုသူများကို လျှောက်လွှာခေါ်ယူနေကြောင်း မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်း၊ ဗဟိုအလုပ်အမှုဆောင် ဦးစောသီဟမောင်က ပြောကြားသည်။

ယင်းဝါးစိုက်ပျိုးရေးဇုန်ကို ၂ နှစ်ခန့် အချိန်ယူဖော်ဆောင်မည်ဖြစ်ပြီး မြေနေရာရရှိရေးအတွက် စစ်ကိုင်းတိုင်းအစိုးရအဖွဲ့နှင့် ညှိနှိုင်းလျက်ရှိကာ သိုက်ဝါး၊ တင်းဝါး၊ ကြသောင်းဝါး၊ ဝါးပိုးစသည့် ဝါးမျိုးများကိုစိုက်ပျိုးရန် မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းက စီစဉ်ထားသည်။ **M-05**

## ပုဂံဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေး ပထမအဆင့်မူကြမ်း စက်တင်ဘာ ၂၃ ရက်နေ့တင်မည်

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်နိုင်ရန် လုပ်ဆောင်လျက်ရှိရာ ပထမအဆင့်မူကြမ်းကို စက်တင်ဘာလ ၂၃ ရက်နေ့တွင် ယူနက်စကိုအဖွဲ့ထံ တင်မည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနထံမှ သိရသည်။

ယင်းပထမအဆင့်မူကြမ်းတွင် ပုဂံဒေသကို ဇုန်သတ်မှတ်ထားသည့် အကြောင်းအရာများ၊ ပုဂံဒေသသမိုင်းကြောင်းများ၊ ပုဂံဒေသတွင် ဖြစ်ပေါ်နေသည့် ရှေးဟောင်းအဆောက်အအုံများပေါ်တွင် သက်ရောက်နေသည့် အကျိုးအပြစ်များ၊ ယင်းအကျိုးအပြစ်များကို ကုစားနိုင်မည့် အကြောင်းအရင်း၊ ခရီးသွားများနှင့် သက်ဆိုင်သည့်အကြောင်းအရာများ၊ ပုဂံဒေသ ရေရှည်တည်တံ့ခိုင်မြဲရန် လုပ်ဆောင်နိုင်မည့် အကြောင်းအရာများ ပါဝင်မည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ပြောကြားသည်။

နောက်ဆုံးအဆင့်မူကြမ်းကို ၂၀၁၈ ဇန်နဝါရီလနောက်ဆုံးပတ်အတွင်း တင်ပြရမည်ဖြစ်ရာ ယင်းနှစ်တစ်နှစ်လုံးတွင် ယူနက်စကိုမှ တာဝန်ရှိသူများ လာရောက်စစ်ဆေးမှုများပြုလုပ်ပြီး ၂၀၁၉ ခုနှစ်အတွင်း ယူနက်စကိုက ဆွေးနွေးဆုံးဖြတ်မည်ဖြစ်သည်။ **M-05**

## မိတ္ထီလာမြို့၌ ၈၈ ငြိမ်း/ပွင့်က အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အထိမ်းအမှတ် ကဗျာရွတ်

မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက်ရှိ Delicius ကော်ဖီဆိုင်၌ ဒေသခံ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းက စက်တင်ဘာလ ၂၁ ရက်နေ့ နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့အထိမ်းအမှတ်အဖြစ် ငြိမ်းချမ်းရေးကဗျာ ရွတ်ဆိုပွဲတစ်ရပ် ကျင်းပခဲ့သည်။

"ဒီနေ့ပွဲက ကဗျာရွတ်ဆိုပွဲ သီးသန့်ပါ၊ နိုင်ငံရေးအကြောင်းတွေ မပြောဘူး။ ကဗျာဆရာကြီးတွေ၊ ကဗျာဝါသနာရှင်တွေက ငြိမ်းချမ်းရေးအတွက် ရည်ရွယ်ရေးစပ်ထားတဲ့ကဗျာတွေ ရွတ်ဆိုကြတာပါ" ဟု အဆိုပါပွဲကို ဦးဆောင်စီစဉ်သူ မိတ္ထီလာမြို့ခံ ဦးထိန်မင်းခိုင်က ပြောကြားသည်။

အဆိုပါပွဲတွင် မိတ္ထီလာ၊ သာစည်၊ ပျော်ဘွယ်မြို့နယ်တို့မှ စာရေးဆရာနှင့် ကဗျာဆရာ ၁၄ ဦးတို့က ငြိမ်းချမ်းရေးကဗျာများ ရွတ်ဆိုခဲ့ကြသည်။ **R-01**

# မန္တလေးမြို့ပေါ် အခွန်ရှောင်မှုမရှိစေရန် ကွင်းဆင်းစစ်ဆေး

**မန္တလေး၊ စက်တင်ဘာ ၂၁**

မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပါဝင်နေသော မြို့နယ်ငါးခုရှိ စီးပွားရေးလုပ်ငန်းများ အခွန်ရှောင်မှု မရှိစေရန်နှင့် အခွန်ထမ်းသစ်များဖော်ထုတ်နိုင်ရန် ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်နေကြောင်း မန္တလေးတိုင်း အခွန်ဦးစီးဌာနထံမှ သိရသည်။

အခွန်ထမ်းသစ်များဖော်ထုတ်ရန်နှင့် အခွန်ရှောင်မှုများမရှိနိုင်ရန် စီမံချက်ဖြင့် ဆောင်ရွက်နေသော်လည်း ဝန်ထမ်းအင်အား နည်းပါးနေသည့်အတွက် တိုင်းအဆင့်ဝန်ထမ်းများဖြင့် အင်အားတိုးချဲ့ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မန္တလေးတိုင်း အခွန်ဦးစီးဌာန အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

"အင်နဲ့အားနဲ့ ဆောင်ရွက်နေမှာဖြစ်ပါတယ်။ ပုံမှန်ကတော့ နယ်မြေအလိုက်လုပ်နေတာတွေရှိတယ်။ မြို့နယ်မှူးပါမှ အင်အား ၁၀ ယောက်လောက်ပဲ ရှိတာဆိုတော့ မနိုင်ဘူး။ တိုင်းဦးစီးမှူးကိုယ်တိုင် ကွင်းဆင်းတော့ ပိုပြီးတော့လည်းမြန်တယ်။ ပိုပြီးတော့လည်း အခွန်ရနိုင်မယ်" ဟု ၎င်းကရှင်းပြသည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို စက်တင်ဘာလ ၂၀ ရက်နေ့ကစ၍ တစ်ပတ်လျှင်နှစ်ကြိမ်ခန့် ပြုလုပ်မည်ဖြစ်ကြောင်း၊ လတ်တလောတွင် ပြည်ကြီးတံခွန်မြို့နယ်၌ စတင်ပြုလုပ်နေခြင်းဖြစ်ပြီး ချမ်းမြသာစည်၊ မဟာအောင်မြေ၊ ချမ်းအေးသာစံ၊ အောင်မြေသာစံမြို့နယ်တို့တွင် ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း လုပ်ငန်းစီမံချက်များအရ သိရသည်။

မန္တလေးတိုင်းအနေနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းမှနေ၍ အခွန်ငွေကျပ် ၁၅၂ ဘီလီယံ ရရှိရန်လျာထားရာ စက်တင်ဘာ ဒုတိယပတ်အထိ အခွန်ငွေကျပ် ၃၃ ဘီလီယံသာ ကောက်ခံရရှိထားသေးကြောင်း မန္တလေးတိုင်း အခွန်ဦးစီးဌာန အကြီးတန်းအရာရှိက ပြောဆိုသည်။ ■ **M-05**

# သံဖြူဇရပ်မြို့နယ် NLD ပါတီ အလုပ်အမှုဆောင်တစ်ဦးထံမှ စိတ်ကြွဆေးပြားများ ဖမ်းမိ

**မော်လမြိုင်၊ စက်တင်ဘာ ၂၁**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အလုပ်အမှုဆောင် သတင်းနှင့်ပြန်ကြားရေး တာဝန်ခံ ဦးထွန်းဝင်း (၄၂နှစ်) ထံမှ စိတ်ကြွဆေးပြားများကို စက်တင်ဘာလ ၂၀ ရက် ညနေ၄နာရီခွဲက သံဖြူဇရပ်-ကျိုက္ခမီသွားကားလမ်းဘေးတွင် ဖမ်းမိခဲ့ကြောင်း သံဖြူဇရပ်မြို့ ရဲစခန်းထံမှ သိရသည်။

"သံဖြူဇရပ်မြို့ထဲမှာပဲ ဖမ်းမိပါတယ်၊ ကျွန်တော်တို့ သတင်းကြားတော့ သတင်းပေးတွေနဲ့အတူ သူ့ကို စစ်ဆေးတယ်၊ ဆိုင်ကယ်ဦးထုပ်မှာ မိပါတယ်၊ WY ဆေးပြား ၁၅ ပြားဖမ်းမိပါတယ်၊ အခုတော့ သူ့ကိုကျွန်တော်တို့ ထိန်းသိမ်းထားပါတယ်" ဟု သံဖြူဇရပ်မြို့ရဲစခန်းမှ ရဲအုပ် မင်းဌေးမောင်မောင်က ပြောကြားသည်။

မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးခံထားရသော NLD သတင်းနှင့်ပြန်ကြားရေး တာဝန်ခံ ဦးထွန်းဝင်းကို သံဖြူဇရပ် မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ တားဆီးကာကွယ်ရေး ဥပဒေပုဒ်မများဖြင့် အမှုဖွင့်ထားကြောင်း ၎င်းထံမှ သိရသည်။

"ကျွန်တော့်ကို သံဖြူဇရပ်က ဥက္ကဋ္ဌက အကြောင်းကြားပါတယ်၊ သူ့ကိုတော့ ဥပဒေအတိုင်းပဲ သွားမှာပါ၊ ကျွန်တော့်ပါတီဘက်ကတော့ ဗဟိုအလုပ်အမှုဆောင်တွေကနေ စိစစ်တွေ့ရှိမယ်ဆိုရင် ပါတီက ထွက်ရမှာပေါ့" ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (မွန်ပြည်နယ်) ဥက္ကဋ္ဌ ဒေါက်တာခင်ဆောင်က ပြောဆိုသည်။ ■

# ပြည်၌ မိုးကြီး၍ ကောက်ပဲသီးနှံများ ပျက်စီး

**ပြည်၊ စက်တင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်တွင် မိုးကာလအတွင်း နေရာကွက်၍ မိုးကြီးခဲ့သည့်အတွက် ကောက်ပဲသီးနှံများ ပျက်စီးမှုရှိကြောင်း ဒေသခံတောင်သူများထံမှ စုံစမ်းသိရှိရသည်။

ယခင်နှစ်ထက် မိုးများခဲ့ပြီး နေရာကွက်၍ မိုးကြီးခဲ့သည့်အတွက် ကောက်ပဲသီးနှံများ ထိခိုက်ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း ပြည်ခရိုင်၊ မိုးလေဝသနှင့် ဇလဗေဒဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်မြင့်ကြည်က ပြောကြားသည်။

"အရင်ကမိုးရွာတာ ပျံ့ပျံ့နှံ့နှံ့ရွာတယ်။ မုတ်သုံမိုးက တောင်သူတွေစိုက်ပျိုးဖြစ်ထွန်းတယ်။ အခုရာသီဥတုပြောင်းလဲတာပေါ့။ ပူတဲ့နေရာက အရမ်းပူပြီး ရွာတော့ကျတော့ နေရာကွက်ပြီး မိုးကြီးတော့ သီးနှံတွေ ရေမြုပ်ပျက်စီးတယ်" ဟု ၎င်းကဆိုသည်။

၂၀၁၇ ခုနှစ်ဇန်နဝါရီလမှစက်တင်ဘာ ၂၁ ရက်နေ့အထိ ပြည်ဒေသ၏မိုးရေချိန်မှာ ၄၄ ဒသမ ၅၂ လက်မရရှိကာ မိုးရွာရက်မှာ ၆၅ ရက်သာ ရှိခဲ့ပြီး နေရာကွက်ကျား မိုးကြီးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဌာန မှတ်တမ်းများအရ သိရသည်။

ပဲခူးတိုင်းအနောက်ပိုင်းတွင် ယခုနှစ်မိုးတွင်းကာလတွင် မိုးများ၍ တောင်ကျချောင်းများမှတစ်ဆင့် ရေကြီးရေလျှံမှုအပြင် မြစ်မခမြစ်နှင့် ဧရာဝတီမြစ်တို့မှ မြစ်ရေမြင့်တက်မှုတို့ကြောင့် စိုက်ဧကပေါင်း ၁၄၇,၀၀၀ ရေဝင်နစ်မြုပ်ခဲ့ပြီး လုံးဝပျက်စီးခဲ့သည့် ဧကမှာ ၄၈,၀၀၀ ကျော်ရှိကာ အထွက်နှုန်းထိခိုက်သည့် ဧကမှာ ၇၀,၀၀၀ ကျော်ရှိခဲ့ကြောင်း၊ စိုက်ဧကအများစုမှာ စပါးများဖြစ်ပြီး ပဲ၊ နှမ်းနှင့် အခြားသီးနှံဧက အနည်းငယ်ပါဝင်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနထံမှ စုံစမ်းသိရှိရသည်။

"အထက်ကမိုးတွေများပြီး တောင်ကျချောင်းတွေကနေတစ်ဆင့်လယ်တွေထဲကို ပြန်ဝင်တယ်။ ရေတွေက နှစ်လလောက်ထိ ပြန်မကျဘူး။ စိုက်ပြီးသားစိုက်ခင်းတွေရေမြုပ်တယ်။ ပျက်စီးတယ်" ဟု ပြည်ခရိုင်၊ သဲကုန်းမြို့နယ်မှ တောင်သူတစ်ဦးက ပြောဆိုသည်။ ■

M-06



ဓာတ်ပုံ-မောင်သန့်

ယာဉ်တိုက်မှုကြောင့် ပြိုကျ ပျက်စီးသွားသော အုတ်တံတိုင်းကို ပြန်လည် ပြုပြင်နေသည်ကို တွေ့ရစဉ်

# မန္တလေးတိုင်း အိုးအိမ်ဦးစီးဌာနရုံးတံတိုင်းကို ယာဉ်တစ်စီးဝင်တိုက်

**မန္တလေး၊ စက်တင်ဘာ ၂၁**

မန္တလေး ကျုံးမြို့ရိုး၏ အရှေ့ဘက် ၆၆ လမ်းပေါ်ရှိ မန္တလေးတိုင်း အိုးအိမ်ဦးစီးဌာနရုံးတံတိုင်းကို စက်တင်ဘာလ ၂၀ ရက်နေ့ည ၁၁ ခွဲခန့်အချိန်က ယာဉ်တစ်စီး ဝင်တိုက်ခဲ့သောကြောင့် အုတ်တံတိုင်းပြိုကျပျက်စီးသွားခဲ့ကြောင်း အမှတ် (၃) ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူးရုံးထံမှ သိရသည်။

အောင်မြေသာစံမြို့နယ်၆၆ လမ်း (ကျုံးအရှေ့ဘက်) အတိုင်း မောင်းနှင်လာသည့် တိုယိုတာမတ်တူးယာဉ်သည် ၁၆ လမ်းနှင့် ၁၉ လမ်းကြားတွင် ရပ်ထားသည့်မော်တော်ဆိုင်ကယ်တစ်စီးကို ဝင်တိုက်မိရာမှ လမ်းလယ်ကျွန်းကိုကျော်ကာ လမ်းအရှေ့ဘက်ရှိ အိုးအိမ်ရုံး အုတ်တံတိုင်းကို ဝင်တိုက်မိခြင်းဖြစ်ကြောင်း၊ ယင်းအရှိန်ကြောင့် အုတ်တံတိုင်းမှာ ပေ ၂၀ ခန့် ပြိုကျသွားခဲ့ကြောင်း ယင်းတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ကံသိန်းက ပြောကြားသည်။

"လမ်းဘေးမှာရပ်ထားတဲ့ ဆိုင်ကယ်ကိုဝင်တိုက်ပြီး အရှိန်မထိန်းနိုင်လို့ ဖြစ်ရတာ။ ထွက်ပြေးတဲ့ယာဉ်မောင်းကိုလည်း ပြန်မိတယ်။ ခုတော့ ယာဉ်ဥပဒေအရ ရော ပြည်သူပိုင်ပစ္စည်း ဖျက်ဆီးမှု ပုဒ်မ ၆ (၁) နဲ့ပါ အမှုဖွင့်ထားတယ်" ဟု ၎င်းက ရှင်းပြသည်။

အသက် ၃၉ နှစ်အရွယ်ရှိ ဦးကျော်ဇင်ထွန်းမောင်းနှင်လာသည့် မတ်တူးယာဉ်သည် ယင်းသို့တိုက်မိပြီး မောင်းနှင်ထွက်ပြေးခဲ့သော်လည်း ယာဉ်ထိန်းတပ်ဖွဲ့က လိုက်လံဖမ်းဆီးခဲ့ရာ ၆၆ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြားတွင် ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ရဲမှတ်တမ်းအရ သိရသည်။

လတ်တလောတွင် ယာဉ်မဆင်မခြင်မောင်းနှင်ခဲ့သည့် ဦးကျော်ဇင်ထွန်းကို အမှတ်(၁) နယ်မြေရဲစခန်းက ယာဉ်(ပ) ၁၁/၂၀၁၇၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၇၉/၂၀၂ တို့ဖြင့် အမှုဖွင့်ထားကြောင်း ယာဉ်ထိန်းတပ်ဖွဲ့ထံမှ သိရသည်။ ■

M-04

# ရွှေဘိုပေါ်ဆန်းဘေးကြားစပါး အမြင့်ဆုံးဈေးရောက်

**ရွှေဘို၊ စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုတွင် ပေါ်ဆန်းဘေးကြားစပါးအဟောင်းဈေးသည် တင်းတစ်ရာလျှင် ကျပ် ၁၃ သိန်းခွဲအထိ အမြင့်ဆုံးဈေး ရောက်ရှိနေကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ယခင်နှစ်က ရွှေဘိုပေါ်ဆန်းဘေးကြား အဟောင်းတင်းတစ်ရာလျှင် ကျပ် ၁၂ သိန်းခန့်သာရှိပြီး ယခုနှစ်တွင် ကျပ် ၁၃ သိန်းခွဲအထိ ရောက်နေပြီး ဆန်ကြမ်းဈေးနှုန်းမှာလည်း တင်းတစ်ရာလျှင် ကျပ်သုံးသောင်းမှ ငါးသောင်းအထိ မြင့်တက်နေကြောင်း ရွှေဘိုမြို့နယ် ဆန်လုပ်ငန်းရှင် ဥက္ကဋ္ဌ ဦးမင်းအောင်က ပြောကြားသည်။

အသွယ်အမျိုးအစား ရွှေဝါထွန်းစပါးအမျိုးအစားမှာ တင်းတစ်ရာလျှင် ကျပ်ငါးသိန်းမှ ငါးသိန်းခွဲအထိ မြင့်တက်ခဲ့ပြီး ၇၄၇ စပါးအမျိုးအစားမှာ ဒေသတွင်း မရှိသလောက်ဖြစ်နေကြောင်း ၎င်းကရှင်းပြပြောဆိုသည်။

"ဆန်ဈေး စပါးဈေးတွေ မြင့်တက်တယ်။ အရင်က တရုတ်ဆွဲတယ်။ အခု ဖိလစ်ပိုင်နဲ့ သီရိလင်္ကာလည်းပို့တယ်။ ၇၄၇ အမျိုးအစား ပြတ်သလောက်ရှိနေပြီ" ဟု ၎င်းက ဆိုသည်။

ရွှေဘိုပေါ်ဆန်းဘေးကြားအဟောင်း တစ်တင်းခွဲတစ်အိတ်လျှင် ၄၂,၀၀၀ ကျပ်မှ ၄၃,၀၀၀ နှင့် ရွှေဝါထွန်းဆန် တစ်တင်းခွဲဝင်တစ်အိတ်လျှင် ကျပ် ၂၁,၀၀၀ကျပ်မှ ၂၃,၀၀၀ ကျပ်အထိရှိကြောင်း ဆန်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ■ R-09

# ကနီမြို့နယ်အုပ်ချုပ်ရေးမှူး လာဘ်စားသည်ဟုဆို၍ အထူးအဖွဲ့က စစ်

**မုံရွာ၊ စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ် အုပ်ချုပ်ရေးမှူးကို လာဘ်စားသည်ဟု ဆိုကာ တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ တိုင်ကြားထား၍ အထူးအဖွဲ့ဖြင့် စစ်ဆေးနေကြောင်း ကနီမြို့နယ်၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းက ပြောကြားသည်။

ကနီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးအောင်ထွန်းကို ကုမ္ပဏီနှစ်ခု၊ လုပ်ငန်းရှင်တစ်ဦးနှင့် တောင်သူတစ်ဦးတို့ထံမှ လာဘ်ငွေကြေးရယူမှုရှိခဲ့သည်ဟု ဆိုကာ တိုင်းအစိုးရထံ တိုင်ကြားခဲ့၍ ဝန်ကြီးချုပ်က အထူးအဖွဲ့ဖွဲ့ကာ စစ်ဆေးနေသည်မှာ နှစ်ကြိမ်ရှိပြီဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

ပြီးခဲ့သည့်စက်တင်ဘာလ ၁၂ ရက်နေ့နှင့် ၂၀ ရက်နေ့တို့တွင် ယင်းမာပင်ခရိုင် အုပ်ချုပ်ရေးမှူးရုံးတွင် ငွေကြေးပေးခဲ့သည်ဟုဆိုသည့် သက်သေများကို စစ်ဆေးနေခြင်းဖြစ်ကြောင်း ဦးထွန်းထွန်းဝင်းက ရှင်းပြသည်။

"လုပ်ငန်းရှင်တွေဆီက ငွေကြေးယူပြီး လုပ်မပေးလို့ တိုင်တာပေါ့ဗျာ။ တရားစွဲဆိုတဲ့အဆင့်မရောက်သေးပါဘူး" ဟု ၎င်းက ဆိုသည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ကနီမြို့နယ်အုပ်ချုပ်ရေးမှူးထံ ဆက်သွယ်မေးမြန်းသော်လည်း ဆက်သွယ်၍မရရှိခဲ့ဘဲ ထပ်မံ၍ ကနီမြို့နယ် အုပ်ချုပ်ရေးမှူးရုံးကို ဆက်သွယ်မေးမြန်းရာတွင် ယင်းကိစ္စကို မြို့နယ်အုပ်ချုပ်ရေးမှူးထံသာ မေးမြန်းရန်ဖြေကြားခဲ့သည်။

ယင်းသို့ လာဘ်ငွေရယူမှုရှိခဲ့သည့် လုပ်ငန်းများမှာ ဆောက်လုပ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး တာဝါတိုင်လုပ်ငန်းနှင့် သားသတ်လိုင်စင်ကိစ္စများ ပါဝင်နေကြောင်း ကနီမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ထံမှ သိရသည်။ ■

R-08

# ကျောက်ဖြူတွင် ထွေအုပ်ရုံးဆောက်ရန် မြေတူးရာမှ စစ်ကျန်ဗုံး သုံးလုံးတွေ့ရှိ

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

ကျောက်ဖြူမြို့နယ် အစိုးရရပ်ကွက်အတွင်း နှစ်ထပ်အမြင့်ရှိ ခရိုင်အဆင့် အထွေထွေအုပ်ချုပ်ရေးမှူးရုံး တည်ဆောက်ရန် မြေကျင်းတူးရာမှ စက်တင်ဘာလ ၂၁ ရက်နေ့ မွန်းလွဲ ၃ နာရီခန့် အချိန်တွင် ဒုတိယကမ္ဘာစစ်လက်ကျန် ဗုံးသုံးလုံး တူးဖော်တွေ့ရှိခဲ့ကြောင်း ကျောက်ဖြူခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဇော်ဝင်းက ပြောကြားသည်။

"မြေကျင်းတူးရင်း အလုပ်သမားတွေ တတုတ်တုတ်နဲ့ အသံကြားလို့ ဖော်ကြည့်တာ။ ဒုတိယကမ္ဘာစစ်လက်ကျန် ဗုံးတွေဖြစ်နေတယ်။ ဗုံးတွေက အန္တရာယ်ရှိနိုင်လို့ စစ်မြေပြင်အင်ဂျင်နီယာ မိုင်းရှင်း လင်းတပ်ကို ပြောင်းလဲအပ်နှံဖို့ အကြောင်းကြားထားတယ်" ဟု ၎င်းက ပြောဆိုသည်။

ဒုတိယကမ္ဘာစစ် လက်ကျန်ဗုံးသုံးလုံး တွေ့ရှိခဲ့သော ခြံဝင်းသည် အင်္ဂလိပ် အစိုးရရုံးစိုက်ရာ နေရာတစ်ခုဖြစ်ပြီး နောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး ယန္တရားများနှင့် ပတ်သက်၍ နာမည်ကျော် စာအုပ်များ ရေးသားထုတ်ဝေခဲ့ သော စာရေးဆရာ ဂျွန်မောရစ်ကောလစ် နေထိုင်ခဲ့ သည့် အိမ်ရာဝင်းဖြစ်ကြောင်း ကျောက်ဖြူ မြို့နယ် အုပ်ချုပ်ရေးမှူးရုံး တာဝန်ရှိသူတစ်ဦးက ဖြည့်စွက်ပြောကြား သည်။

"ဗုံးသုံးလုံးက ပုံသဏ္ဌာန်မတူဘူး။ တစ်လုံးက သုံးပေလောက်ရှိပြီးတော့ ဗုံးကြဲလေယာဉ်မှာ သုံးတယ်လို့ ယူဆရတယ်။ ကျန်နှစ်လုံးက ရေမြှုပ်ဗုံးအတိုင်းပဲ အရွယ်အစားလေးပေပတ်လည်လောက် ရှိတယ်" ဟု ၎င်းက ရှင်းပြသည်။

ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေနှင့် ဗုံးတွေ့ရှိခဲ့သော အိမ်ခြံဝင်းထဲတွင် အထွေထွေ အုပ်ချုပ်ရေးမှူးရုံးခန်း ဖွင့်ရန် မြေကျင်းတူးဖော်နေခြင်းဖြစ်ကြောင်း ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့ထံမှ သိရသည်။

J-17




မြေကျင်းတူးရာမှာ တွေ့ရှိခဲ့သော ဒုတိယကမ္ဘာစစ်လက်ကျန်ဗုံးတစ်လုံးကို တာဝန်ရှိသူများ စစ်ဆေးနေစဉ်။



# ထိုင်းဘုရင့်သမီးတော်၏ ထူးချွန်ဆရာဆု ဝက်လက်မှ အလယ်တန်းပြဆရာရရှိ

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

ထိုင်းဘုရင့်သမီးတော် သီရိဒုံက ပေးအပ်သည့် ထူးချွန်ဆရာဆုကို စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရွာသာကြီး အထက်တန်းကျောင်းမှ အလယ်တန်းဆင့် အင်္ဂလိပ်စာပြဆရာ ဦးသန်းထွန်းက ရရှိပြီး အောက်တိုဘာလ ၉ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ သွားရောက်ဆုလက်ခံယူမည်ဖြစ်ကြောင်း ယင်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြအေးက ပြောကြားသည်။

ယင်းထူးချွန်ဆုသည် သင်ကြားရေးစွမ်းရည်၊ ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထူးချွန်စွာပါဝင်လုပ်ဆောင်မှုကြောင့် ရွေးချယ်ခြင်းဖြစ်ပြီး ထူးချွန်ဆရာဆုအတွက် အမေရိကန်ဒေါ်လာ တစ်သောင်း၊ တစ်ကျပ်သားအလေးချိန် ရွှေရင်ထိုးနှင့် ဂုဏ်ပြုဆုလက်မှတ်တို့ ချီးမြှင့်မည်ဖြစ်ကြောင်း ဆုရွေးချယ်ရေးအဖွဲ့ထံမှ သိရှိရသည်။

“သူ(ဦးသန်းထွန်း)က ကလေးတွေအပေါ်မှာ စေတနာထားတယ်။ စိုက်ပျိုးရေးလုပ်ရတာ စိတ်ဝင်စားတယ်။ ကလေးတွေနဲ့ ပူးပေါင်းဆောင်ရွက်တယ်” ဟု ကျောင်းအုပ်ဆရာမကြီး ဒေါ်မြအေးက ပြောကြားသည်။

ဩဂုတ်လကုန်ပိုင်းက ဆုရွေးချယ်ရေးအဖွဲ့ Princess Maha Chakri Award Foundation တာဝန်ရှိသူများ ရွာသာကြီး အထက်တန်းကျောင်းသို့ လာရောက်ကာ အဋ္ဌမတန်းနှင့် ဒသမတန်း ကျောင်းသား၊ ကျောင်းသူများကို မေးခွန်းများမေးမြန်းခြင်း၊ ကျောင်းစိုက်ခင်းများနှင့် ကလေးများ ကာယလေ့ကျင့်ခန်းလုပ်ခြင်းများကိုစစ်ဆေးခဲ့ကြောင်း ယင်းကျောင်းထံမှ သိရှိရသည်။

ထိုင်းဘုရင့်သမီးတော်၏ ပညာရေးစီမံချက်တွင် မြန်မာနိုင်ငံမှ ကျောင်းပေါင်း ၄၆ ကျောင်းပါပြီး စစ်ကိုင်းတိုင်းဒေသကြီးအနေနှင့် ရွာသာကြီး အထက်တန်းကျောင်းတစ်ခုသာပါဝင်သော်လည်း ထူးထူးခြားခြား လုပ်ဆောင်ရခြင်းမရှိဘဲ တစ်လ တစ်ကြိမ် ကလေးများ အာဟာရဖြစ်စေရန် ကြက်သားဆန်ပြုတ် ကျွေးရလေ့ရှိကြောင်း ယင်းကျောင်းထံမှ သိရှိရသည်။

အာဟာရ ကျွေးမွေးခြင်းကို ကျောင်းတွင် ကျောင်းဆရာ ဦးသန်းထွန်းနှင့် ကျောင်းသားများ စုပေါင်းစိုက်ပျိုးသည့် သီးနှံများရောင်းချရငွေ၊ အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် ကျွေးမွေးခြင်းဖြစ်ပြီး တစ်လ နှစ်ကြိမ်ခန့်ကျွေးမွေးနိုင်ကြောင်း၊ အထက်တန်းကျောင်းတွင် ကျောင်းသားဦးရေ ၁၀၀၀ ခန့်ရှိကြောင်း ယင်းကျောင်းထံမှ သိရှိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဆုရရှိသူ ကျောင်းဆရာဦးသန်းထွန်းက ဆုရရှိကြောင်းကို ဆုရွေးချယ်ရေးအဖွဲ့က အသိပေးထားပြီးဖြစ်ကြောင်း၊ ဆုရရှိမည့် အမေရိကန်ဒေါ်လာတစ်သောင်း (မြန်မာငွေ သိန်း ၁၃၀ ကျော်)အား မည်သို့သုံးစွဲမည်ကို လတ်တလော မစဉ်းစားမိသေးကြောင်း ပြောကြားသည်၊

ဝက်လက်မြို့နယ် ပညာရေးမှူး ဦးမြင့်လွင်က ကျောင်းဆရာ ဦးသန်းထွန်းသည် ကျောင်းကောင်စီ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ရပ်ရွာသာယာရေး၊ နာရေးကိစ္စများတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားသည့်အပြင် အောင်ချက်မြင့်မားအောင် သင်ကြားပေးနိုင်ကြောင်း ပြောဆိုသည်။

အဆိုပါထူးချွန်ဆရာဆုသည်အာဆီယံဒေသတွင်းနိုင်ငံများမှ တစ်နိုင်ငံလျှင် ဆရာတစ်ဦး ရွေးချယ်ဆုချီးမြှင့်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ ဒုတိယအကြိမ်အဖြစ် ဦးသန်းထွန်းက ရရှိပြီး ပထမအကြိမ်က ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်မှ ဆရာမ ဒေါ်ရည်မွန်စိုးက ရရှိခဲ့ခြင်းဖြစ်သည်။

ကျောင်းဆရာ ဦးသန်းထွန်းသည် ရွာသာကြီးအထက်တန်းကျောင်းတွင်တာဝန်ထမ်းဆောင်လာသည်မှာ ၃၁ နှစ်ကြာပြီဖြစ်ပြီး လက်ရှိတွင် အလယ်တန်းပြဆရာအဖြစ် အင်္ဂလိပ်ဘာသာရပ်အပြင် ကလေးများကို စိုက်ပျိုးရေးဘာသာရပ် သင်ကြားပေးလျက်ရှိကြောင်း ရွာသာကြီးအထက်တန်းကျောင်းထံမှ သိရှိရသည်။

■ မြဇာခြည်သင်း

The VOICE Daily CARTOON




**The Voice Daily**

**လပေးမှာယူဖတ်ရှုသည့် စာဖတ်ပရိသတ်များ**
**အဆင်မပြေမှုများရှိပါက**

ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)၊ မန္တလေး - ၀၉ ၇၇၂၂၂၉၀၇၁
နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

## ကုသိုလ်လမ်းညွှန်

The Voice စာဖတ်ပရိသတ်တွေ ကုသိုလ်ပြုနိုင်ဖို့ လမ်းညွှန်ပေးချင်တာက ကျန်းမာရေးအလှူပြုနိုင်ဖို့ပါ။ အသက် ၁၄ နှစ် ဝါတော် ၅ ဝါရှိပြီဖြစ်တဲ့ ကိုရင် ရှင်ဥတ္တမက နှလုံးအဆို့ရှင် သွေးခဲနေတာဖြစ်ပြီး အရေးပေါ် ခွဲစိတ်ကုသရမှာ ဖြစ်ပါတယ်။ နှလုံးခွဲစိတ်ရာမှာသုံးဖို့ နှလုံးအတုစက်ရဲ့တန်ဖိုးက ကျပ် ၁၀ သိန်းကျော် ကျသင့်မယ်လို့ သိရပြီး ထပ်ဆောင်းကုန်ကျစရိတ်တွေနဲ့ဆို ကျပ် ၁၅ သိန်းဝန်းကျင်လောက် ကုန်ကျမှာပါ။ ခွဲစိတ်ကုသဖို့အတွက် ငွေကြေးလိုအပ်နေတာဖြစ်ပြီး တတ်အားသရွေ့ပါဝင်လှူဒါန်းမယ့် အလှူရှင်တွေ လိုအပ်နေပါတယ်။ အသေးစိတ် သိလိုတယ်၊ ဆက်သွယ်စုံစမ်းလှူဒါန်းလိုတယ်ဆိုရင် One To One ပြည်သူ့ကူညီရေးအဖွဲ့ကိုဝမ်း ဖုန်း ၀၉ ၄၅၆၅၆၇၈၇၈ ကို ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်

# တောတွင်းလမ်းလျှောက်တဲ့အခါ အသုံးပြုနိုင်မယ့် Alloy Trekking Pole

ခုနောက်ပိုင်း မြို့ပြရဲ့မွန်းကျပ်မှုတွေက ခဏတာဖြစ်ဖြစ် အနားရလိုရငြား ခရီးတို ခရီးရှည်ထွက်ကြတဲ့အထဲ တောတွင်းခရီးကြမ်းလျှောက်ပြီး သဘာဝတရားရဲ့ အလှအပတွေကို ခံစားတာလည်း အတော်များလာတာ တွေ့ရပါတယ်။ တောတွင်းခရီးကြမ်းလမ်းလျှောက်တာ၊ တောင်တက်သွားတာမျိုး သွားတဲ့အခါမျိုးမှာ အသုံးဝင်မယ့်ပစ္စည်းလေးတစ်ခုကို ညွှန်ပေးချင်တယ်။ Alloy Trekking Pole ကိုဖြစ်ပြီး လမ်းလျှောက်တဲ့အခါမှာ မချော်လဲအောင် အားပြုလျှောက်လို့ရမယ့် ဒေါက်တိုင်လေးဖြစ်ပါတယ်။ Nature Hike အမှတ်တံဆိပ်ဖြစ်ပြီး ကိုယ့်အရပ် အနေအထားပေါ်မူတည်ပြီး အရှည် ၅၃ လက်အထိ ဆွဲထုတ်လို့ရမှာဖြစ်ပါတယ်။ အလေးချိန်က ၂၅၅ ဂရမ်ရှိပြီး တစ်ချောင်းကို ၁၅၀၀၀ ကျပ် ကျသင့်မှာဖြစ်ပြီး တစ်စုံဝယ်မယ်ဆိုရင်တော့ ၂၇၀၀၀ ကျပ် ကျသင့်မှာပါ။ ဖုန်း ၀၉ ၂၅၄၄၃၄၄၂ ကို ဆက်သွယ်ပြီး အိမ်ပို့ဝန်ဆောင်မှုနဲ့ ဝယ်ယူနိုင်ပါတယ်။ ■



# ရခိုင်

ပြည်နယ် မောင်တောဒေသတွင် ယခင်လကုန်ပိုင်း သီတင်းပတ်အတွင်း ဘင်္ဂါလီလူမျိုး အစွန်းရောက် အကြမ်းဖက်သမားတို့က နယ်ခြားစောင့်ရဲစခန်းများကို တိုက်ခိုက်ခြင်း၊ ရွာများကို မီးရှို့ဖျက်ဆီးခြင်းနှင့် ဒေသခံရခိုင်၊ သက်၊ မြို၊ ဒိုင်းနက်နှင့် ဟိန္ဒူလူမျိုးများကို သတ်ဖြတ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ သို့အတွက် ထိုဘင်္ဂါလီအရေးနှင့်ပတ်သက်ပြီး အတိတ်သမိုင်းကြောင်းက မည်သို့ရှိခဲ့သည်၊ ၎င်းတို့အနေနှင့် ကျွန်ုပ်တို့နိုင်ငံအတွင်းသို့ မည်မျှအထိ ကျူးကျော်ဝင်ရောက်ခဲ့ကြသည်၊ ကျွန်ုပ်တို့အစိုးရအဆက်ဆက်နှင့် ဒေသခံရခိုင်လူမျိုးနှင့် အခြားလူမျိုးတို့ကလည်း ထိုကိစ္စများအပေါ် မည်ရွေ့မည်မျှ ခံစားဖြေရှင်းခဲ့ကြရသည်ကို သိချိန်တန်လာပြီဖြစ်သည်။ သို့အတွက် ကျွန်ုပ်အနေနှင့် လွန်ခဲ့သည့်နှစ်ပေါင်း ၇၀၀ ကျော်ကတည်းက ယနေ့အထိ ခေတ်အဆက်ဆက်ဖြစ်ပေါ်ခဲ့သည့်သမိုင်းကြောင်းများကို ပညာရှင်များ ပြုစုထားသမျှကို ကိုးကားလေ့လာကြည့် ပြီး တစုတစည်းတည်း နှစ်အလိုက် အစီအစဉ်တကျ ရေးသားထားသမျှကို ပြန်လည်တင်ပြသွားမည်ဖြစ်သည်။

၁၄ ရာစုအစပိုင်း ရခိုင်ပြည် လေးမြို့ခေတ်အလွန် မင်းစောမွန်ဘုရင်လက်ထက် အေဒီ ၁၄၃၀ တွင် မြောက်ဦးမြို့တည်၍ မြောက်ဦးခေတ်ကို စတင်တည်ထောင်ခဲ့သည်။ မြောက်ဦးခေတ်တွင် ရခိုင့်တပ်မတော်၌ အာရပ်၊ ပေါ်တူဂီများ အမှုတော်လာထမ်းခဲ့သည်ဟု ဆိုသည်။ ၎င်းတို့မှာ ယခု သံတွဲ၊ ရမ်းဗြဲကျွန်းနှင့် မြောက်ဦးမြို့ပတ်ဝန်းကျင်တွင် နေထိုင်ကြကာ ယင်းတို့ကို ရခိုင်တို့က ကမန်ဟုခေါ်ဝေါ်ပြီး ရခိုင်ပြည်၌ တိုင်းရင်းသားမျိုးနွယ်စုအဖြစ် အသိအမှတ်ပြုထားခဲ့သည်။ **ယင်းအစ္စလာမ်ဘာသာဝင်** ကမန်လူမျိုးတို့သည် ဘာသာရေး အဓိကရုဏ်း၊ လူမျိုးရေးအဓိကရုဏ်း ဖန်တီးခြင်းမျိုးကို လုံးဝပြုလုပ်ခြင်းမရှိဘဲ ရခိုင်တို့နှင့် အေးအတူ ပူအမျှ ငြိမ်းချမ်းစွာ နေထိုင်လာခဲ့ကြသော လူမျိုးတစ်မျိုးဖြစ်သောကြောင့် **အစ္စလာမ်ဘာသာ** ကိုးကွယ်သော ကမန်လူမျိုးရှိသည်ကိုပင် သတိမပြုမိခဲ့ကြဟု သမိုင်းကြောင်းများကဆိုသည်။ သို့သော်လည်း ၁၈၂၄ ခုနှစ် ဘကြီးတော်မင်းလက်ထက် အင်္ဂလိပ်-မြန်မာ ပထမ စစ်ရှုံးချိန်တွင် ရခိုင်ဒေသကို အင်္ဂလိပ်မင်းတို့လက်တွင်း ပေးအပ်ခဲ့ရသည့်နောက်ပိုင်းတွင် အင်္ဂလိပ်တို့အနေဖြင့် ရခိုင်ဒေသရှိကြီးမားကျယ်ပြန့်သော လယ်ယာလုပ်ငန်းများအား လုပ်ကိုင်ရန် အိန္ဒိယနိုင်ငံ စစ်တကောင်းနယ်ဘက်မှ ဘင်္ဂါလီ အမြောက်အမြားကို စတင်ခေါ်ယူတင်သွင်းကာ လုပ်ကိုင်ခဲ့သည်။ ထူးခြားသောအချက်မှာ အင်္ဂလိပ်တို့အနေနှင့် ရခိုင်ဒေသကို ဘင်္ဂလားဒေသနှင့် ပေါင်းစပ်အုပ်ချုပ်လိုက်ခြင်းက ထိုပြဿနာ၏ အစပင်ဖြစ်သည်။ သမိုင်းအထောက်အထား စာရင်းဇယားများအရဆိုလျှင် ၁၈၂၅ ခုနှစ်တွင် ရခိုင်ပြည်၌ ဘင်္ဂါလီဦးရေ ၃၀,၀၀၀ ရှိခဲ့ရာမှ ၁၉၃၀ ပြည့်တွင် ၂၁၇,၈၀၀ ရှိခဲ့လေသည်။ ထိုတိုးပွားလာသည့်အထဲတွင် **အစ္စလာမ်ဘာသာ**ဝင်များမှာလည်း သိသိသာသာတိုးပွားခဲ့သည်။ ထိုစဉ်ကတည်းက ဗြိတိသျှအစိုးရက မွတ်ဆလင်ဦးရေ တိုးလာမှုကိစ္စကို စိုးရိမ်လာသောကြောင့် အခြေအနေစုံစမ်းရန် ၁၉၃၉ ၌ စုံစမ်းရေးကော်မရှင်တစ်ခု ဖွဲ့စည်းပေးခဲ့ဖူးသည်။ ကော်မရှင်က မွတ်ဆလင်ဦးရေ အတားအဆီးမရှိ တိုးဝင်လာမှုကို မဟန့်တားပါက နောင်အခါ၌ လူမျိုးရေးပဋိပက္ခများ ဖြစ်နိုင်ကြောင်း အစီရင်ခံခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ကြောင့် မည်သို့မျှ မလုပ်နိုင်ခဲ့ပေ။

သို့သော်လည်း အစီရင်ခံသည့်အတိုင်းပင် ဂျပန်ခေတ်ကာလအရောက် ၁၉၄၂ ဧပြီလ ၃ ရက်နေ့တွင် ကုလား-ရခိုင် အဓိကရုဏ်း ဖြစ်ခဲ့သည်။ ထိုအရေးအခင်းတွင် မောင်တောမြို့နယ်ရှိ ရခိုင်ရွာအားလုံး ဖျက်ဆီးခံရသည်။ ရခိုင်အချို့မှာ ပြည်တွင်းသို့ ဝင်ခိုလှုံခဲ့ရပြီး အချို့မှာ အင်္ဂလိပ်ပိုင်နက် ဒိန်နာဂျ်ပူသို့ ထွက်ပြေးခဲ့ကြရသည်။ စာရင်းဇယားအထောက်အထားများအရဆိုလျှင် ရခိုင်လူမျိုး ၃၀,၀၀၀ ကျော် အသတ်ခံခဲ့ရသည်ဟု ဆိုသည်။ ရခိုင်များပိုင်ဆိုင်သော လယ်ယာမြေအမြောက်အမြားကို၎င်းတို့က သိမ်းယူခဲ့ကြသည်။ ထိုအရေးအခင်းကို BIA က အနောက်ပိုင်းတိုင်းစစ်ရုံးဖွင့် ထိန်းသိမ်းခဲ့ရပြီး ဒေသခံ ရခိုင်၊ ဒိုင်းနက်၊ သက်၊ မြိုနှင့် ဟိန္ဒူလူမျိုးများမှာ ထိုစဉ်ကတည်းက စိုးရိမ်စိတ်များဖြင့် ကျီးလန့်စာစားနေခဲ့ရသည်။ ပြည်မမှ နိုင်ငံရေးသမားများကလည်း ၎င်းတို့အရေးကို လျစ်လျူရှုထားခဲ့ကြသည်ဟု ထင်မြင်စိတ်ခံစားခံရှိခဲ့ကြသည် ဆိုသည်။

ထိုစဉ်က ရခိုင်ဒေသတွင် ဗိုလ်ဥတ္တမကဲ့သို့ မျိုးချစ်ရဟန်းများက လွတ်လပ်ရေးအတွက်သာမက ထိုဒေသအရေးကိုပါ လှုံ့ဆော်ခဲ့ကြရသည်။ ရခိုင်ဒေသမှမျိုးချစ်များနှင့် ပြည်မမှ ဗိုလ်ချုပ်အောင်ဆန်းတို့ ပူးပေါင်းကာ လွတ်လပ်ရေးရရှိရေးအတွက် ကြိုးစားတော်လှန်ကြရင်း ထိုအရေးကို




မေ့လျော့ခဲ့ကြသည်ဟု ဖတ်ရသည်။ မြန်မာနှင့်ရခိုင်လူမျိုးများမှာ လွတ်လပ်ရေးအတွက် ကြိုးပမ်းနေခဲ့ကြသည့်နည်းတူ ၁၉၄၂ ခုနှစ် အရေးအခင်းတွင် ရခိုင်များကိုသတ်ဖြတ်ခဲ့သော ကုလားအဖွဲ့သည် ဘာသာရေးအသွင်ပြောင်းကာ ဂျမေယာတူ အိုလမာအသင်း ဖွဲ့စည်းကြပြီး အနောက်ပါကစ္စတန်မှ အော်လနာမူဟာမတ် မူဇဟတ်ခန်နှင့် မော်နာအီဗြာဟိန်းတို့ကိုခေါ်၍ မူဂျာဟိန်းအဖွဲ့ ထပ်မံဖွဲ့စည်းကြပြန်သည်။ ထိုသို့ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်မှာ ပါကစ္စတန်နယ်သို့ ရခိုင်ပြည်ထည့်သွင်းရေးအစီအစဉ်ပင်ဖြစ်သည်။ ထိုရည်ရွယ်ချက်ကို ၁၉၄၇ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်း၏ လန်ဒန်ခရီးစဉ်တွင် ပါကစ္စတန်ခေါင်းဆောင် မိုဟာမက်အလီဂျင်နားအား ဗိုလ်ချုပ်က တင်ပြကန့်ကွက်ရာ မောင်တော၊ ဘူးသီးတောင် (မေယုနယ်ခြားခရိုင်)ဒေသကို အရှေ့ဘင်္ဂလားနယ်ထဲ ထည့်သွင်းရေးကို လက်မခံဘဲ မြန်မာပိုင်နက်ထဲတွင်သာထားရေး သဘောတူခဲ့ကြကြောင်း သမိုင်းကြောင်းများတွင် တွေ့ရသည်။

မူဂျာဟိန်းတို့သည် အခြားတိုင်းရင်းသားများနည်းတူ အခွင့်အရေးရလိုသဖြင့် မစ္စတာဂေါ်ဖားက ရိုဟင်ဂျာဟူသောလူမျိုးသစ်တစ်ခုကို ၁၉၅၀ ခုနှစ် စက်တင်ဘာလထုတ် ဂါဒီးယန်းသတင်းစာတွင် စတင်အသက်သွင်းခဲ့ကာ တိုင်းရင်းသားလူမျိုးအဖြစ် စာရင်းသွင်းခွင့်ရရှိရေး စတင်ကြိုးပမ်းလာခဲ့ကြသည်။ သို့သော် ၁၉၅၁ ဇွန်လတွင်ကျင်းပခဲ့သော အလယ်သံကျော် မွတ်ဆလင်ညီလာခံကမူ ရိုဟင်ဂျာမဟုတ်ဘဲ ဗမာ မွတ်ဆလင်ကဲ့သို့ ရခိုင်မွတ်ဆလင်လူမျိုးဟု ခေါ်ဝေါ်ရန် ဆုံးဖြတ်ခဲ့ကြပြန်သည်။ ရခိုင်တို့က ငါတို့ရခိုင်တွင် **အစ္စလာမ်ဘာသာဝင်** မရှိဟု ပြောလာကြသောအခါ ရိုဟင်ဂျာလူမျိုးဘက်သို့ ဖောက်ထွက်ရန် ထွက်ပေါက်ရှာလာကြသည်။ ဤသို့ဖြင့် ရခိုင်လူမျိုးများနှင့် အလယ်သံကျော်အရေးအခင်း ဒုတိယအကြိမ်ထပ်မံဖြစ်ပေါ်လာခဲ့ပြီး ထိုကာလတွင်လည်း ရခိုင်လူမျိုးအတော်များများ အသတ်ခံခဲ့ရသည်ဟု သိရသည်။ ယခင်က ဘာသာရေးအရ ဖွဲ့စည်းလှုပ်ရှားခဲ့သော ထိုမူဂျာဟိန်းကာဆိမ်းတို့အဖွဲ့သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၅၅ ခုနှစ်တွင် နောက်တစ်ဖန် စစ်ရေးအရ တိုက်ခိုက်လာခဲ့ကြပြန်သည်။ ထိုတိုက်ခိုက်လာမှုများကို မြန်မာ့တပ်မတော်က ဆင်ဖြူရှင် စစ်ဆင်ရေးဖြင့် အပြတ်နှိမ်နင်းခဲ့ရသည်။ ထိုစစ်ဆင်ရေးကိုဦးဆောင်သူမှာ ယခု NLD နာယက ဦးတင်ဦး (ထိုစဉ်က ဗိုလ်မှူးကြီး)ဟု သိရသည်။ ၁၉၅၅ ခုနှစ် ဦးနုအစိုးရလက်ထက်တွင် ဘင်္ဂါလီများကို မဲရရေးအတွက် မြန်မာနိုင်ငံထဲ ဝင်ခွင့်ပေးပြီး ယာယီနိုင်ငံသားလက်မှတ်၊ မှတ်ပုံတင်တွေ ထုတ်ပေးခဲ့သည်ဟုဆိုသည်။ ၁၉၅၆ ခုနှစ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် ပါဝင်မဲပေးစေခဲ့ရာ ဘင်္ဂါလီအမတ်များ ထိုစဉ်ကတည်းက လွှတ်တော်အတွင်းရောက်ရှိခဲ့ဖူးသည်။ သို့ဖြင့် ၁၉၆၀ ပြည့်လွန်နှစ်များတွင် ရိုဟင်ဂျာ အမည်ခံ၊ ဘင်္ဂါလီအရေးအတွက်သည် ငါးသိန်းနီးပါးအထိ ရှိလာခဲ့တော့သည်။ ၁၉၆၀ ပတ်ဝန်းကျင်တွင် ရိုဟင်ဂျာသတင်းစာ၊ ရန်ကုန်တက္ကသိုလ် ရိုဟင်ဂျာကျောင်းသားအသင်းတို့ ဖွဲ့စည်းကြသည်အထိ လှုပ်ရှားလာခဲ့ကြသည်။ ထိုသို့နေထိုင်လာခဲ့ရင်း ရခိုင်ဒေသကို ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခဲ့ရာ မွတ်ဆလင်ဦးရေ ၅၁၅,၄၈၄ ထိရှိခဲ့သည်။

သို့ဖြင့် ဦးနေဝင်းလက်ထက်အရောက်တွင် များပြားလာသည့် ဘင်္ဂါလီတို့အား ၁၉၆၆ ခုနှစ်ကနေ ၁၉၇၄ ခုနှစ်အတွင်း မြတ်မွန်စစ်ဆင်ရေး၊ စံပယ်စစ်ဆင်ရေးများဖြင့် ဘင်္ဂါလီစာရင်းကောက်ယူမှု၊ စိစစ်မှုများ ပြုလုပ်ခဲ့ရသည်။ ထို့အတွက် တစ်ဖက်နိုင်ငံမှ ထိုသို့များပြားလာသော လူဦးရေများကိုထိန်းချုပ်ရန် ၁၉၇၈ ခုနှစ်အရောက်တွင် ရခိုင်ဒေသသို့ ဦးနေဝင်းလက်ထက်တွင် 'နဂါးမင်းစစ်ဆင်ရေး' ဆင်နွှဲပြီး မှတ်ပုံတင်များ စစ်ဆေးခြင်းပြုလုပ်ခဲ့ရာ ထိုစဉ်က လူဦးရေ ၄၀,၀၀၀ ခန့် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးသွားခဲ့သည်။ ထိုသို့ပြန်လည်ထွက်ပြေးသွားသောသူများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်း ၎င်းတို့နိုင်ငံသားမဟုတ်ဟုဆိုသဖြင့် နှစ်နိုင်ငံအချင်းများခဲ့ဖူးသည်။ ထိုစဉ်ကလည်း ကုလသမဂ္ဂကကြားဝင်ဖျန်ဖြေခဲ့ရာ ၁၉၈၀ ခုနှစ်တွင် 'ဟသ်ာစီမံချက်' ဖြင့် ပြန်လက်ခံခဲ့ရပြန်သည်။

ထိုစဉ်က ထိုအရေးကိစ္စကိုသိသည့် ဦးနေဝင်းအစိုးရအနေနှင့် ၁၉၈၂ ခုနှစ်တွင် နိုင်ငံသားဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေအရ သတ်မှတ်ချက်များနှင့်ပြည့်စုံလျှင် နိုင်ငံသားနှင့် ဧည့်နိုင်ငံသားဖြစ်ခွင့်များ ရှိလာခဲ့သည်။ သို့သော် တိုင်းရင်းသားဖြစ်ခွင့်တော့ မရှိခဲ့ပေ။ ထိုဥပဒေအရပင်လျှင် ထိုဒေသတွင် နှစ်စဉ်လူဦးရေ ၂၀၀၀ ခန့် ဧည့်နိုင်ငံသားဖြစ်လာခဲ့ကြရသည်။ သို့သော် များပြားလှသည့် ထိုလူမျိုးများအနေနှင့် ထိုအခွင့်အရေးကိုနည်းသည်ဟုထင်ကာ အလိုကြီးခဲ့သည်။ ရိုဟင်ဂျာလူမျိုးအဖြစ်အမည်တပ်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသားအဖြစ်မှ ကျော်လွန်ကာ တိုင်းရင်းသားအဖြစ် လိုချင်ခဲ့ကြသည်။ ထိုသို့လိုရင်းစွဲရှိခဲ့ကြသည့်အလျောက် ၁၃၊ ၅၊ ၈၈ ရက်နေ့အရောက်တွင် မောင်တောမြို့နယ်တွင် အလွန်ကြောက်မက်ဖွယ်ကောင်းသော လှုပ်ရှားမှုတစ်ခုဖြစ်ပွားခဲ့သည်။ ဘင်္ဂါလီကုလား ၅၀,၀၀၀ ခန့်သည် မောင်တောမြို့ကို အရပ်ရှစ်မျက်နှာမှ ဝိုင်းပြီးဟစ်အော်ကြွေးကြော် မီးရှို့သတ်ဖြတ်ရန် ချီတက်လာခဲ့ကြသည်။ လှုပ်ရှားမှုမှာ ညနေရှစ်နာရီခွဲမှ နောက်တစ်နေ့ နံနက် ၃ နာရီခွဲအထိ ကြာခဲ့သည်။ သူတို့ဘာသာစကားဖြင့် ဘုရားသခင်အလိုကျ တိုက်ပွဲဝင်ကြ၊ မင်းတို့တိုင်းပြည် ငါတို့တိုင်းပြည်ဖြစ်ရမည်ဟူ၍ ဟစ်အော်ကြသည်။

ဤသို့ဖြင့် ၁၉၉၂ ခုနှစ်အရောက်တွင် ၁၉၄၂ မတိုင်မီက မောင်တောမြို့နယ်အတွင်း တည်ရှိခဲ့သော ရခိုင်ရွာပေါင်း ၁၉၅ ရွာမှာ ၄၆ ရွာသာကျန်ရှိခဲ့တော့သည်။ ကျန်ရွာများအား ဘင်္ဂါလီ မွတ်ဆလင်များက လူဦးရေအသာစီးရမှုဖြင့် သိမ်းပိုက်ခဲ့ကြသည်။ သို့ဖြင့် အချို့နယ်စပ်မှနေထိုင်သူများအနေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ ထွက်ပြေးခိုလှုံသွားခဲ့ရသဖြင့် ထိုသူများကို **ပြန်လက်ခံနိုင်ရေးအတွ**က် ၁၉၉၃ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင်

**စာမျက်နှာ 14 သို့**

**ထိုအရေးအခင်းကို BIA က အနောက်ပိုင်းတိုင်းစစ်ရုံးဖွင့် ထိန်းသိမ်းခဲ့ရပြီး ဒေသခံ ရခိုင်၊ ဒိုင်းနက်၊ သက်၊ မြိုနှင့် ဟိန္ဒူလူမျိုးများမှာ ထိုစဉ်ကတည်းက စိုးရိမ်စိတ်များဖြင့် ကျီးလန့်စာစားနေခဲ့ရသည်။ ပြည်မမှ နိုင်ငံရေးသမားများကလည်း ၎င်းတို့အရေးကို လျစ်လျူရှုထားခဲ့ကြသည်ဟု ထင်မြင်စိတ်ခံစားခံရှိခဲ့ကြသည် ဆိုသည်။**




**ကျွန်တော်** က အညာသားဆိုတော့ကာ မိသားစုဦးရေ စာရင်းကို မိတ္ထီလာခရိုင်ထဲက နယ်မြို့လေး တစ်မြို့မှာ လုပ်ထားရတာပေ့ါ။ ပြီးခဲ့တဲ့လက သမီးကြီးဖြစ်သူကို မိသားစုဦးရေစာရင်းထဲကနေ တရားဝင် ဖယ်ထုတ်ရမယ့်ကိန်း ဆိုက်လာတယ်။ အကြောင်းကတော့ သမီးကြီးကို အိမ်ထောင်ချပေးလိုက်လို့ပါပဲ။ သူ့အိုးနဲ့သူ့အိမ်ဖြစ်သွားတော့လည်း မိသားစုဦးရေစာရင်းကနေ ထုတ်ပေးရတော့မပေ့ါ။

ဒီလိုနဲ့ စာရင်းအခြေတည်ထားတဲ့ လဝကရုံးကိုသွားဖို့ အားယူရတော့တယ်။ လဝကရုံးဆိုတာကလည်း ငါးနှစ်နေလို့ တစ်ခေါက်မှ ရောက်ဖူးတာ မဟုတ်လေတော့ မေးမြန်းပြီး စမ်းတဝါးဝါးနဲ့ သွားရတော့မှာပဲ။ ဆိုရရင် ရန်ကုန်-မန္တလေး အဝေးပြေးလမ်းဟောင်းကနေ အရှေ့ဘက်ကို သုံးမိုင်လောက် ဝင်သွားပြီးခါမှ အဲဒီရုံးကို ရောက်တော့တယ်။ ရုံးဝင်းထဲမှာရပ်ထားတဲ့ တရုတ်မော်တော်ဆိုင်ကယ်တွေက အပြည့်။

ရုံးကိုရောက်တယ်ဆိုပေမယ့် ဘုမသိဘမသိနဲ့ဆိုတော့ ဘယ်လိုလုပ်ရမလဲဆိုတာ သိရအောင် ပထမနေ့မှာ စုံစမ်းကြည့်ရတော့မှာပဲလို့ ကိုယ့်ကိုယ်ကိုယ် အားတင်းပြီး ရုံးအဆောက်အအုံထဲကို ဝင်လိုက်တယ်။

ဩော်... ရုံးထဲမှာလည်း လူတွေကအပြည့်၊ ရုံးကလည်း ခပ်ကျဉ်းကျဉ်းဆိုတော့ မတ်တတ်ရပ်စရာ နေရာတောင် အနိုင်နိုင်ရယ်။ ရုံးစားပွဲမှာ ထိုင်နေတဲ့ဝန်ထမ်းတွေကို စူးစမ်းတဲ့အကြည့်နဲ့ မျက်လုံးကို ဝေ့လိုက်ရာမှာတော့ ဝန်ထမ်းနှစ်မျိုး တွေ့ရတယ်။ တစ်မျိုးက လဝက ယူနီဖောင်းဝတ်။ ကျန်တစ်မျိုးက အရပ်ဝတ်။

ဒါနဲ့ပဲ စားပွဲတစ်လုံးမှာထိုင်နေတဲ့ အရပ်ဝတ်ဝန်ထမ်းဆီကိုသွားပြီး ကိုယ်တွေလုပ်ချင်တဲ့ကိစ္စအတွက် ဘယ်လိုလုပ်ရမလဲဆိုတာကို အောက်ကျို့လေယူလေသိမ်းနဲ့ မေးရတော့တာပေ့ါ။ ဒီအခါမှာ အဲဒီဝန်ထမ်းက ထောက်ခံစာနှစ်စောင် ယူလာရမှာဖြစ်ကြောင်း၊ တစ်စောင်က အခုစာရင်းကနေ ထွက်မယ်ဆိုတာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့ထောက်ခံစာနဲ့ နောက်တစ်စောင်က စာရင်းဝင်မယ့်ရပ်ကွက်က အုပ်ချုပ်ရေးမှူးရဲ့ထောက်ခံစာတွေလိုတယ်လို့ အပ်ကျမပ်ကျ ပြောလိုက်တာကို အသေအချာမှတ်ပြီး ပြန်လာခဲ့ရတယ်။

ကိုယ်တွေနေတဲ့အိမ်နဲ့ လဝကရုံးက ၁၅ မိုင်လောက်ဝေးတာဆိုတော့ နောက်ရက်မှ ဆက်လုပ်ရတော့မှာပဲဆိုပြီး နောက်ဆံမတင်းတော့ဘဲ အိမ်ကိုပြန်လာခဲ့တော့တယ်။

အိမ်ရောက်တယ်ဆိုရင်ပဲ နောက်ရက်မှာ အဆင်ပြေပြေနဲ့ လုပ်နိုင်အောင်လို့ လိုအပ်တဲ့ ထောက်ခံစာတွေရအောင် ဟိုပြေးဒီလွှားနဲ့ လုံးပန်းရတော့တာပေ့ါ။ အများသိကြတဲ့အတိုင်း ရပ်ကွက်ထောက်ခံစာတစ်စောင်ရဖို့ လုပ်ရတာ လွယ်တာမှတ်လို့။ ရပ်ကွက်တစ်ခုရဲ့ရုံးက ညမှာဖွင့်ပြီး နောက်တစ်ခုက နေ့မှာဖွင့်သတဲ့လေ။

ဘယ်လိုပဲဖြစ်ဖြစ် ညမှာဖွင့်တဲ့ရုံးဆီက ထောက်ခံစာကို ဒီညကတည်းက ရအောင်ယူထားမယ်ဆိုပြီး အချိန်ကုန်ခံကာ ကြိုးစားလိုက်ရတယ်။

နောက်တစ်နေ့ မနက်ရောက်တော့ လိုအပ်နေတဲ့ နောက်ထပ်ထောက်ခံစာကို အချိန်မီရဖို့ ရပ်ကွက်ရုံးကို အစောကြီးကတည်းက သွားပြီးကြိုစောင့်နေလိုက်တယ်။ ရုံးက မနက် ၈ နာရီမှာဖွင့်တယ်လို့ စာကပ်ထားပေမယ့် အုပ်ချုပ်ရေးမှူးလုပ်တဲ့မင်းသားက ၉ နာရီကျော်မှ ရောက်လာတယ်။ ဘာပဲပြောပြော ကိုယ်က ထောက်ခံစာမရ ရအောင် ယူရမယ့်သူဆိုတော့ သူလာလာ၊ မလာလာ စောင့်ရမှာမဟုတ်လား။ ရှိစေတော့ပေ့ါ။

အတိုချုပ်ကြစို့ရဲ့၊ ထောက်ခံစာတွေရပြီး လဝကရုံးကိုရောက်တော့ မနက် ၁၀ နာရီခွဲရှိနေပြီ။ **ဒါပေမဲ့ ရုံး**ကိုလာတဲ့ ပြည်သူတွေတစ်ယောက်မှ မရှိသေးဘူး။ ရုံးဝန်ထမ်းတွေလည်း မစုံသေးဘူး။ တစ်အောင့်လောက်နေတော့ ဝန်ထမ်းတွေ ရောက်လာတယ်။ ကျွန်တော်က ကိုယ်လုပ်ရမယ့်ကိစ္စကို လက်မောင်းမှာ အရစ်သုံးရစ်နဲ့ တံဆိပ်တပ်ထားတဲ့ ယူနီဖောင်းဝတ်ဝန်ထမ်းကို အကျိုးအကြောင်းပြောပြတော့ လုပ်ပေးမယ်ဆိုပြီး သူ့စားပွဲရှေ့ကခုံမှာ ထိုင်ခိုင်းလိုက်ပါတယ်။ ကိုယ်တွေက ရုံးကိုအစောဆုံး ရောက်လာတဲ့သူဆိုတော့ အရင်ဆုံးပြီးလိမ့်မယ်လို့ ထင်နေခဲ့မိတာ။

ပြောလွန်းမက ပြောတော့မှပဲ ကိုယ့်အလှည့် ရောက်တော့တယ်။ နာရီကို ကြည့်လိုက်တော့ မွန်းလွဲ ၁ နာရီခွဲနေပြီ။ ထောက်ခံစာတွေပါလားလို့ မေးလို့ ထုတ်ပြလိုက်တော့ အခုပါလာတဲ့ ထောက်ခံစာတွေနဲ့ မရပြန်ဘူးတဲ့လေ။ မရဘူးသာပြောတယ် မနေ့က သူတို့ရုံးက အရပ်ဝတ်နဲ့ဝန်ထမ်းက ရေးပေးတဲ့အတိုင်း လုပ်လာတာလို့ ပြောပေမယ့် လက်မခံဘူးတဲ့လေ။

ဒီလိုနဲ့ ထိုင်စောင့်လာလိုက်တာ မွန်းလွဲ ၁ နာရီသာကျော်သွားတယ်။ ကိုယ့်ကို လှည့်တောင်မကြည့်ဖြစ်ဘူး။ ဘယ်ကြည့်ဖြစ်ပါ့မလဲ။ ကိုယ့်နောက်မှရောက်လာပြီး မှတ်ပုံတင်လုပ်မယ့်သူတွေကို ဦးစားပေးပြီး တစ်ယောက်ပြီးတစ်ယောက် လုပ်ပေးနေမှတော့။ သူတို့ဆီက ပိုက်ဆံက မြိုးမြိုးမြက်မြက်လေး ရမှာကိုး။ တစ်ယောက်လုပ်ပြီးတိုင်း တာဝန်မှအပ မည်သူမျှ မဝင်ရဆိုတဲ့ အခန်းထဲကို တစ်ယောက်ပြီးတစ်ယောက် ခေါ်သွားနေတာကို မကြည့်ချင်ဘဲ မြင်နေရတာပဲလေ။

ပြောလွန်းမက ပြောတော့မှပဲ ကိုယ့်အလှည့် ရောက်တော့တယ်။ နာရီကိုကြည့်လိုက်တော့ မွန်းလွဲ ၁ နာရီခွဲနေပြီ။ ထောက်ခံစာတွေပါလားလို့ မေးလို့ ထုတ်ပြလိုက်တော့ အခုပါလာတဲ့ ထောက်ခံစာတွေနဲ့ မရပြန်ဘူးတဲ့လေ။ မရဘူးသာပြောတယ် မနေ့က သူတို့ရုံးက အရပ်ဝတ်နဲ့ဝန်ထမ်းက ရေးပေးတဲ့အတိုင်း လုပ်လာတာလို့ ပြောပေမယ့် လက်မခံဘူးတဲ့လေ။

ကဲ... ဒီလိုဆိုရင်လည်း မြို့နယ်အရာရှိနဲ့ ဝင်တွေ့မယ်ဆိုတော့မှ ပြေလည်သွားတော့တယ်။ သူတို့ရုံးထဲမှာရှိတဲ့ မိတ္တူကူးတဲ့ဆိုင်မှာ မိသားစုပြောင်းရွှေ့ပုံစံကို ဝယ်ရတယ်။ ပုံစံဖြည့်ရတယ်။ ပုံစံဖြည့်ပြီး ဝင်စာသွင်းဖို့ ကိုယ်တိုင်လုပ်ရတယ်။ ဝင်စာသွင်းတဲ့ စားပွဲကိုရောက်တော့ ကိုယ့်ရှေ့မှာ ဘယ်သူမှမရှိပေမယ့် ၁၅ မိနစ်လောက်မတ်တတ်ရပ်ပြီး စောင့်လိုက်ရတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဝင်စာသွင်းတဲ့ စာရေးမက အလုပ်မရှိပေမယ့် သူတို့အချင်းချင်း စကားပြောနေလိုက်တာ မပြီးတော့လို့။ သူတို့ရုံးကို ကိစ္စရှိလို့လာတဲ့ ပြည်သူတွေကို အလေးထားရကောင်းမှန်း မသိကြဘူး။ သူတို့က ပြည်သူတွေကို လုပ်ချင်တာလုပ်ပြီး နှိပ်စက်လို့ရမယ့်သူတွေလို့ အခုထိ ထင်နေကြတုန်းပဲ။

နောက်တော့ မြို့နယ်ဦးစီးမှူး လက်မှတ်ထိုးပေးဖို့ နာရီဝက်လောက် စောင့်ရတယ်။ မြို့နယ်ဦးစီးမှူး လက်မှတ်ထိုးပေးတဲ့ စာရွက်ကို ရပေမယ့် အဲဒီစာထည့်ဖို့ စာအိတ်အညိုကို အပြင်ဆိုင်ကဝယ်ပြီး ပေးခဲ့ရသေးတယ်။ တကယ်ဆို အစိုးရရုံးတွေမှာ စာရွက်စာတမ်းသုံးဖို့ အသေးသုံးငွေဆိုတာ ခွဲဝေချထားပြီးသားပဲ။ မသိတာမှတ်လို့။

ကိုယ့်လက်ထဲကို လိုအပ်တဲ့စာရွက်စာတမ်းရောက်လာတော့ မွန်းလွဲ ၂ နာရီခွဲတောင် ရှိနေပြီပဲ။ ပြီးလို့ပြန်မယ်လုပ်တော့ အစောက စာရွက်စာတမ်း တာဝန်ယူလုပ်ပေးတဲ့ ယူနီဖောင်းဝတ်ဝန်ထမ်းက "ဦးလေး ရုံးအတွက် အလှူငွေ ထည့်သွားပါဦး" တဲ့လေ။

ပြောပြောဆိုဆိုနဲ့ ကျွန်တော့်ကို တာဝန်မှအပ မည်သူမျှမဝင်ရ ဆိုတဲ့ အခန်းထဲကို ခေါ်သွားပါတယ်။ ဒါပေမဲ့ ကျွန်တော်က လိုက်မသွားတော့ဘဲ ကျပ်ငွေ တစ်ထောင်တန် နှစ်ရွက်ကို သူ့လက်ထဲ ထည့်ပေးလိုက်ပြီး သူတို့ရုံးခန်းထဲက ခြေလှမ်းကျဲကျဲနဲ့ ခပ်သော့သော့လေး ထွက်လာခဲ့တော့တယ်။

လက်မှာပတ်ထားတဲ့နာရီကို ငုံ့ကြည့်လိုက်ရာမှာတော့ ညနေ ၃ နာရီတောင် ထိုးတော့မယ်။ အိမ်အပြန်လမ်းတစ်လျှောက်မှာ ဒီနေ့ကြုံရတဲ့ ရုံးလုပ်ငန်းတွေကို ပြန်စဉ်းစားကြည့်မိတယ်။ လဝကရုံးမှာလုပ်နေတဲ့ လုပ်ရပ်တွေက အရင်ခေတ်ကအတိုင်း အချိန်ကုန်၊ ငွေခန်း၊ စိတ်ပန်း နေရတုန်းပဲ။ အကျင့်ဆိုးဆိုတဲ့ အမြစ်တွေက နုတ်လို့မရအောင် ဝန်ထမ်းတွေရဲ့ မိုင်းဆက်ထဲမှာ စူးစူးနစ်နစ်ဝင်နေဆဲပဲ။ အဘက်ဘက်က သိသိသာသာ ထူးခြားလောက်အောင် ပြောင်းလဲမှု မသိရှိသေးတာကို တွေ့နေရတယ်။

ဒီမိုကရေစီခေတ်နဲ့ တစ်သားတည်းကျအောင် အထက် ရုံးဖြစ်တဲ့ ပြည်ထောင်စုဝန်ကြီးဌာနက ပြည်သူတွေ စိတ်ချမ်းသာမှုရ အောင် ဝန်ထမ်းတွေကို ခြစားမှုတွေ မလုပ်ကြဖို့၊ ဖြေလျှော့မှုတွေ လုပ်ပေး ကြဖို့ ဘယ်လောက်ပဲ ညွှန်ကြားညွှန်ကြား နိုင်ငံအနှံ့မှာရှိတဲ့ မြို့နယ်လဝကရုံး အချို့ကတော့ ...

'ခေတ်တွေ ဘယ်လိုပြောင်းပြောင်း အဟောင်းတွေနဲ့ တလည်လည်' လို့ တစ်ပြည်လုံးကြားအောင် ဗျို့ဟစ်လိုက်ချင်တယ် မောင်ရို့။

■ ကိုသောင်း (ပညာရေး)

စာမျက်နှာ 13 ရခိုင်မြောက်ပိုင်းက ဘင်္ဂါလီသမိုင်း မှအဆက်

နိုင်ငံသား စိစစ်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် နှစ်နိုင်ငံအကြား သဘောတူညီမှုစာချွန်လွှာတစ်ရပ်ကို ချုပ်ဆိုခဲ့ကြဖူးသည်။ ရခိုင်ဒေသရှိ ဘင်္ဂါလီများအနေနှင့် နိုင်ငံကို စစ်တပ်မှတာဝန်ယူအုပ်ချုပ်ခဲ့သည့်ကာလ နဝတ၊ နယက လက်ထက်တွင်မူ ကြီးမားသည့် တိုက်ခိုက်မှုမျိုးများ ဆောင်ရွက်ခြင်းမတွေ့ ရှိခဲ့ရပေ။ ထိုကာလများအတွင်းတွင် အစိုးရအနေနှင့် မောင်တော၊ ဘူးသီးတောင်ဒေသနယ်စပ်တစ်လျှောက်တွင် နယ်စပ်ဒေသ စစ်ဆေးရေးနှင့်ကြီးကြပ်ကွပ်ကဲရေးအဖွဲ့(နစက)ကို တပ်မတော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး စောင့်ကြည့်ထားရှိခဲ့သည်။

သို့သော်လည်း နိုင်ငံတော်ကို တပ်မတော်က တာဝန်ယူခဲ့သည့် ကာလအတွင်း ငြိမ်သက်ပြီး ပြင်ဆင်စုစည်းခဲ့သမျှ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးခါစ ယခင်အစိုးရလက်ထက်အစ ၂၀၁၂ တွင်မူ တစ်စခန်းပြန်ထကာ သောင်းကျန်းခဲ့ကြပြန်သည်။ ထိုစဉ်ကဖြစ်ပွားခဲ့သည့် ပဋိပက္ခကြောင့် လူ ၁၀၀ ကျော်သေဆုံးခဲ့ရပြီး မီးလောင်ပျက်စီးမှုများပြားခဲ့ပြီး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသူများပြားခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ကောက်ယူသည့်သန်းခေါင်စာရင်းအရ ရခိုင်ဒေသတွင် မွတ်ဆလင်ဦးရေမှာ ၁,၀၅၄,၇၉၀ ဦးထိ ရှိလာခဲ့ပြီး မောင်တောဒေသတွင် လယ်ယာမြေ ဧက ၈ သိန်းကျော်တွင် ၎င်းတို့ပိုင်ဧကမှာ ၇ သိန်းခွဲကျော်ရှိသည်အထိ ဖြစ်လာခဲ့သည်။ ထိုမှတစ်ဆင့် တက်ကာ ယခင်နှစ်အစိုးရသစ်တက်လာပြီးခါစ ၆ လအလွန်၌ ကိုဖီအာနန်ကော်မရှင်ကိုဖွဲ့ပြီး ၎င်းတို့အရေးကို ကမ္ဘာသို့ချပြပြီး သင့်တော်ကောင်းမွန်သည့်နည်းလမ်းများကို စတင်ရှာဖွေချိန်တွင် ၎င်းတို့အနေနှင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် မောင်တောဒေသရှိ နယ်ခြားစောင့်တပ်ရင်းများနှင့်ကင်းစခန်းများကို စီးနင်းပြီး လက်နက်ခဲယမ်းများ အတော်များများ ယူဆောင်သွားခဲ့ကြသည်အထိ တစ်ဆင့်ချင်းတိုးကာ အစိုးရကိုပင် ပြန်လည်တိုက်ခိုက်လာခဲ့ကြသည်အထိ ဖြစ်ခဲ့သည်။ ထိုစဉ်က နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်အချို့ကျဆုံးခဲ့ရသေးသည်။

ထိုဖြစ်စဉ်များအလွန် တစ်နှစ်အကြာ ယခင်ဩဂုတ်လ ၂၅ ရက်နေ့မှစတင်ကာ ၎င်းတို့အနေနှင့် အကြမ်းဖက်တိုက်ခိုက် လူသတ်ဖျက်ဆီးခြင်း၊ နယ်မြေလုခြင်းများကို လက်ရဲဇက်ရဲဖြင့် ဆောင်ရွက်လာခဲ့ကြသည်ကိုလည်း အားလုံးသိကြပြီးဖြစ်ရာ ထိုဘင်္ဂါလီတို့၏သမိုင်းကြောင်းကို သိရှိအောင် လေ့လာထားကြပြီး သတိကြီးစွာထား၍ စောင့်ကြည့်နေသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

■ သန်းဖြိုးနိုင်

# ပါကစ္စတန်၏ ဘင်္ဂါလီအရေး ကြောင်သူတော်မှုဝါဒ

## အူစမန်အာမက်ရေးသားပြီး ဇေဝင်းနောင် ဘာသာပြန်ဆိုသည်။

ပါကစ္စတန်ကိုယ်တိုင်က ကျင့်သုံးရန် ဆန္ဒမရှိသော သဘောထားကြီးမှုမျိုး ဘင်္ဂါလီ မွတ်ဆလင်များအပေါ် မြန်မာနိုင်ငံက ထားရှိပေးရန် မည်သို့များ မျှော်လင့်နေပါသနည်း။

ပါကစ္စတန်တွင် ဘင်္ဂါလီအမြောက်အမြားရှိနေခြင်းမှာ ၎င်းတို့တည်ရှိမှုကို တရားဝင်အသိအမှတ်ပြုခြင်းမဟုတ်ပေ။ ပါကစ္စတန်မှ ဘင်္ဂါလီအများစုမှာ နိုင်ငံသားဖြစ်ခွင့်မရကြဘဲ အများစုမှာ စိစစ်ရေးကတ်ပြားပင်မရှိကြပေ။ အစိုးရကျောင်းများ တက်ရောက်ခွင့်မရကြသလို၊ အစိုးရက ပံ့ပိုးသော ကျန်းမာရေးစောင့်ရှောက်မှုလည်း မရပေ။ ဘဏ်စာရင်းဖွင့်သည့်ကိစ္စကဲ့သို့ နေ့စဉ်လူမှုကိစ္စများလည်း ဆောင်ရွက်ခွင့်မရပေ။

ယင်းမှာ အဆီအငေါ်မတည့် ရှေ့နောက်မညီညွတ်မှု တစ်ရပ်သာဖြစ်ပေသည်။

တစ်ဖက်တွင် ပါကစ္စတန်နိုင်ငံ၊ ဗီဟာရီပြည်နယ်မှ ဆယ်ကျော်သက်တစ်ဦး အသတ်ခံရခြင်းမှ ထွက်ပေါ်လာသော ကြေကွဲဖွယ် အဖြစ်ဆိုးအသေးစိတ်အချက်အလက်များကို ဘီဘီစီ ဂျာနယ်လစ်တစ်ဦးက တင်ဆက်လျက်ရှိသည်။ အတန်းထဲတွင် တစ်ဦးတည်းသာရှိသော ခရစ်ယာန်ဘာသာဝင် ကျောင်းသားလေး ရှရွန်မာဆိရ်ကို အတန်းဖော်များက ရိုက်သတ်ခဲ့ကြသည်။ ယင်းမှာ ပါကစ္စတန်နိုင်ငံတွင်း ခရစ်ယာန် ဘာသာဝင်များ ရုန်းကန်နေရသည့် အခြေအနေကို ဖော်ပြသည့် ရက်စက်သော အမှတ်ရစရာတစ်ခုဖြစ်သည်။ သတ်ဖြတ်မှုမှာ ဆိုးရွားချောက်ချားဖွယ်ဖြစ်သလို ပရိသတ်ကိုဖမ်းစားနိုင်သော သတင်းခေါင်းစီးများ အကြားမှာ တိမ်မြုပ်သွားလေ့ရှိသော ဖြစ်စဉ်မျိုးဟု ဆိုနိုင်သည့် ရှရွန်၏ ဘဝဖြတ်သန်းမှုဖြစ်စဉ် ကိုယ်၌ကလည်း ကံဆိုးမသွားရာ မိုးလိုက်လို့ရွာသည့် ဇာတ်လမ်းတစ်ပုဒ်ဖြစ်နေသည်။ ရှရွန်၏ မိဘနှစ်ပါးသည် သားဖြစ်သူကို ကျောင်းထားနိုင်ဖို့ နှစ်နှင့်ချီပြီး ငွေစုခဲ့ရသည်။ ကျောင်းထားနိုင်ချိန်မှာလည်း ကျောင်းဝတ်စုံတော့ ဝယ်မပေးနိုင်ခဲ့။ ပထမဆုံးနေ့မှာပင် ထိုကလေးကို ဆရာက ပါးရိုက်ဆုံးမပြီး ကျောင်းဝတ်စုံမဝတ်ဘဲ အိမ်နေဝတ်စုံ ဝတ်လာသောကြောင့်ဟုဆိုကာ အတန်းအပြင်ထွက်ရပ်ခိုင်းထားသည်။ ရှရွန်တစ်ယောက် ပညာဆုံးခန်းတိုင်လျှင် အားကိုးရမည်ဟု မျှော်လင့်ထားသော မိဘနှစ်ပါးမှာလည်း အသက်မဲ့ခန္ဓာကိုသာ ပြန်ရခဲ့ကြပြီး ၎င်းတို့အိပ်မက်အားလုံး နိဋ္ဌိတံသွားခဲ့သည်။



saleminteractivemedia.com

အခြားတစ်ဖက်တွင်တော့ ရုပ်သံလိုင်းများတွင် နာမည်ကြီးသည့် မွတ်ဆလင် တရားဟောဆရာ အမီရ်လျာကွတ် ဟူစိန်၏ ဗီဒီယိုတစ်ခု ထုတ်လွှင့်နေသည်။ ထိုဗီဒီယိုထဲတွင် ဘင်္ဂါလီ မွတ်ဆလင်တို့ လူမျိုးသုဉ်းရှင်းလင်းခံနေရသည်ဟုဆိုကြသည့် ဖြစ်စဉ်ကြီးမှ အတိဒုက္ခရောက်ရသူများကို ကူညီရန် မြန်မာနိုင်ငံရှိလေဆိပ်တစ်ခုသို့ ရောက်ရှိလာပြီဟု ဟူစိန်နှင့် နာမည်ကြီး ဆယ်လီဘရိတီတစ်ဦးဖြစ်သူ ဝါကာဇာကာတို့က ပြောကြားနေကြသည်။ ၎င်းတို့၏ ရည်မှန်းချက်များထဲမှ တစ်ခုမှာ တတ်အားသမျှ ဆောင်ရွက်မှုအဖြစ် ဘင်္ဂါလီမိသားစု တစ်စုလောက် ပါကစ္စတန်ကို ခေါ်သွားရန်လည်း ပါဝင်သည်။ သို့သော်လည်း မြန်မာအာဏာပိုင်တို့က လက်မခံခဲ့ကြဘဲ ဗီဒီယိုဖိုင်တင်ပြီး မကြာမီပင် ထိုနှစ်ဦးအဖမ်းခံရပြီး နိုင်ငံမှ နှင်ထုတ်ခံခဲ့ရသည်ဟုဆိုသည်။ နောက်ပိုင်းထွက်လာသော သတင်းများအရမူ ဟူစိန်နှင့် ဇာကာတို့သည် ထိုင်းနိုင်ငံအထိသာ ရောက်ရှိခဲ့ကြခြင်းဖြစ်ပြီး ထိုနေရာမှပင် နှင်ထုတ်ခံခဲ့ရသည်ဟုဆိုသည်။ မည်သည့်သတင်းက အမှန်ပင်ဖြစ်စေ၊ ပေါ်ကြောင်ကြောင် တလွဲစွန့်စားမှုကြီးသည် ခေတ်သစ်ကာလ၏ လူမှုပဋိပက္ခကြီးတစ်ခုတွင် စူးစမ်းဖွယ်ရာ အောက်ခြေမှတ်စု တစ်ခုအဖြစ်တော့ မှတ်တမ်းဝင်သွားပြီဟု ဆိုနိုင်သည်။

ဟူစိန်၏ မအောင်မြင်သော ကယ်တင်ရေးလုပ်ရှားမှုသည် 'တစ်မူထူးကဲသည့် ပါကစ္စတန်ဝိသေသ' ဟု ဆိုကြသော မတူကွဲပြားသည့် သမိုင်းကြောင်းကို လျှော့လျားပြီး အစ္စလာမ်ဘာသာအပေါ် တိုင်းပြည်က အလေးအမြတ်ထားမှု တင်စားခိုင်းနှိုင်းစရာ တစ်ခုဖြစ်သည်။ နုပျိုသော နိုင်ငံသစ်ဘဝက ကြွေးကြော်သံတစ်ခုမှာ 'ပါကစ္စတန်ရဲ့ အဓိပ္ပာယ်ကဘာလဲ၊ ဘုရားတစ်ဆူသာရှိ၊ မိုဟာမက်သာ ဘုရား၏ တမန်တော်' ဟူ၍ဖြစ်သည်။ ဘင်္ဂါလီအရေးကဲ့သို့ပင် ကမ္ဘာတစ်လွှားမှ မွတ်ဆလင်အသိုင်းအဝိုင်း၏ ရုန်းကန်မှုမှန်သမျှသည် ပါကစ္စတန်၏ ရုန်းကန်မှုဖြစ်သည်ဟု မှတ်ယူမှုဖြစ်သည်။

အကြောင်းမလှသည်ကတော့ ယင်းသို့ မိမိဘာသာ အဟုတ်ထင်နေသည့် ပုံစံသည် ပါကစ္စတန်၏ ၎င်းတို့နိုင်ငံတွင်းမှ လူနည်းစုလူမျိုးစုများ ကြုံတွေ့နေရသော လူသိရှင်ကြားမဖြစ်သည့် ဝိုင်းဝန်းဖိနှိပ်ခံရမှုနှင့် ဗီလာဆန့်ကျင်ဖြစ်လျက်နေပေသည်။

မွတ်ဆလင်တို့မြေအဖြစ် ဖန်တီးခဲ့စဉ်က ပါကစ္စတန်နိုင်ငံတည်ထောင်သူ ဖခင်ကြီးများသည် လူများစုဟိန္ဒူများ၏ ရန်လိုမှုမှ လွတ်ကင်းရာ သုခဘုံတစ်ခုကို မျှော်မှန်းခဲ့ကြခြင်းဖြစ်သည်။ (အိန္ဒိယ-ပါကစ္စတန်) နှစ်နိုင်ငံ ပေါ်ပေါက်လာရေး သီအိုရီသာ အမှန်ဖြစ်သည်ဟု တွက်စစ်ကြသည့် မွတ်ဆလင်အဖွဲ့ချုပ် ခေါင်းဆောင်များသည် အိန္ဒိယမှ မွတ်ဆလင်-ဟိန္ဒူသမိုင်းသစ်ရေးရန်မျှော်လင့်ခဲ့ကြသည်။ ခေတ်သစ်တစ်ခုနှင့် ဒေသတွင်းမှနက်ရှိုင်း ရှုပ်ထွေးသော မျိုးစုံကွဲပြားမှု အဆုံးသတ်ခြင်း စတင်လိုက်သည်နှင့် အခြေတည်စ ပါကစ္စတန်နိုင်ငံသည် တိုင်းပြည်၏ အမျိုးသားရေးကို မည်သို့ ပုံဖော်မည်ဆိုသော အယူဝါဒရေးရာ စစ်မြေပြင်တစ်ရပ် ဖြစ်လာရန် အသင့်ဖြစ်နေခဲ့သည်။ မခွဲထွက်မီကတော့ ဘာသာရေးကိုအခြေပြုပြီး လှုံ့ဆော်စည်းရုံးမှုသည် မတူကွဲပြားသော လူမျိုးစု၊ ဘာသာစကား၊ ယဉ်ကျေးမှု မျိုးစုံရှိသည့် မွတ်ဆလင်အသိုင်းအဝိုင်းအားလုံး စုစည်းညီညွတ်ရေးအတွက် အသုံးတည့်ခဲ့သော်လည်း ပါကစ္စတန်နိုင်ငံ ပေါ်ပေါက်လာသည်နှင့် ယင်းကိစ္စမှာ ပါကစ္စတန်သည် မွတ်ဆလင်တို့မြေဆိုလျှင် တိုင်းပြည်အနာဂတ်တွင် အစ္စလာမ်သာသနာသည် မည်သည့်အခန်းကဏ္ဍမျှ ပါဝင်မည်နည်းဟု မေးခွန်းထုတ်စရာဖြစ်လာခဲ့ပြီး အဓိကအကျဆုံး ဖြစ်တည်မှုဆိုင်ရာ အကျပ်အတည်း ပေါ်ပေါက်စေခဲ့သည်။

ထိုမေးခွန်းအတွက် အဖြေထုတ်ရန် အချိန်အများကြီးမယူခဲ့ရ။ ၁၉၄၉ တွင် ပါကစ္စတန်၏ တိုင်းပြည်ပြုလွှတ်တော်က အနာဂတ်အခြေခံဥပဒေအတွက် ပါကစ္စတန်၏ ရည်မှန်းချက်များ ထုတ်ပြန်ကြေညာခဲ့ရာ အစ္စလာမ်သာသနာကို ပါကစ္စတန်ဝိသေသလက္ခဏာအဖြစ် သတ်မှတ်ခဲ့သည်။ 'အလ္လာအရှင်မြတ်သာ အချုပ်အခြာအာဏာပိုင်စိုးတော်မူသည်' ဟု ကြေညာချက်တွင် ပါရှိပြီး တိုင်းပြည်၏ တာဝန်ဝတ္တရားမှာ မွတ်ဆလင်များ အစ္စလာမ်အဆုံးအမနှင့်အညီ တစ်ဦးချင်းဖြစ်စေ၊ အစုလိုက်ဖြစ်စေ နေထိုင်နိုင်ကြစေရေး ပံ့ပိုးရန်ဟူ၍ ဖြစ်ခဲ့သည်။ ထိုမှစ၍ ၆၈ နှစ်ကြာကာလသည် ဤထူးဆန်း၍ သီးသန့်ဆန်သော အမျိုးသားရေးပုံဖော်မှု၏ သမိုင်းမှတ်တမ်းကာလဖြစ်ခဲ့သည်။

အမီရ်လျာကွတ်ဟူစိန်သည် ယင်းအပေါ်တွင် အမြတ်ထုတ်အကျိုးစီးပွားရှာခဲ့ခြင်းသာဖြစ်သည်။ သူ၏ နှစ်ပတ်လည် ရာမာဒန်ဥပုသ်လ ရုပ်သံအစီအစဉ်ကြည့်ရှုသူမြင့်တက်စေရန်အတွက် ကလေးများကို ဆုလာဘ်အဖြစ် ချီးမြှင့်ခဲ့ဖူးသူ ဟူစိန်သည် ယခုအခါတွင်လည်း မြန်မာပြည်မစ်ရှင်ဖြင့် သူ့ပုံရိပ်နှင့် ကျော်ကြားမှုကို မြှင့်တင်ရန် ကြိုးပမ်းခြင်းလည်းဖြစ်နိုင်သည်။ သူ့အားထုတ်မှုမှာ ဟန့်တားခံရသော်လည်း

စာမျက်နှာ 21 သို့

“ ပါကစ္စတန်ကိုယ်တိုင်က ကျင့်သုံးရန် ဆန္ဒမရှိသော သဘောထားကြီးမှုမျိုး ဘင်္ဂါလီ မွတ်ဆလင်များ အပေါ် မြန်မာနိုင်ငံက ထားရှိပေးရန် မည်သို့များ မျှော်လင့်နေပါသနည်းဆိုသော ရှေ့ဆုံးမှ မေးခွန်းကိုသာ ပြန်မေးရပေတော့မည် ”

# WEEKEND GUIDE

**စနေ၊** တနင်္ဂနွေလို ပိတ်ရက်တွေမှာ မိသားစုကို အချိန်ပေးရင်း အပန်းဖြေချင်ကြတဲ့သူတွေရှိသလို သူငယ်ချင်းမိတ်ဆွေတွေနဲ့ ပျော်ပျော်ပါးပါး လျှောက်သွားရင်း အချိန်ကုန်ချင်ကြတဲ့သူတွေလည်း ရှိကြမှာပါ။ အဲဒီလို မိသားစုနဲ့ အချိန်ဖြုန်းချင်ကြတဲ့သူတွေအတွက် မိသားစုလိုက်သွားနိုင်မယ့် နေရာလေးတွေ၊ သူငယ်ချင်းတွေနဲ့ လျှောက်သွားချင်ကြတဲ့သူတွေအတွက်လည်း ပြပွဲ၊ ဖျော်ဖြေပွဲတွေကို လက်လှမ်းမီသလောက် စုစည်းပြောပြလိုက်ပါတယ်။

## ပန်းချီဆရာ Pann Kyi ရဲ့ Into the Forest ပြပွဲ

ပန်းချီဝါသနာအိုးတွေအတွက် ပန်းချီဆရာ Pann Kyi ရဲ့ Into the Forest ပြပွဲကို ပြောပြချင်တယ်။ ဒီပွဲမှာ ပန်းချီဆရာ Pann Kyi ရဲ့ လေးကြိမ်မြောက်တစ်ကိုယ်တော်ပြပွဲလေးဖြစ်ပြီး လက်ရာမြောက်တဲ့ ပန်းချီကားချပ်တွေကို ကြည့်ရှုခံစားရမှာ ဖြစ်ပါတယ်။ ဒီပွဲကို စက်တင်ဘာ ၂၃ ရက်နေ့ကနေ ၂၇ ရက်နေ့အထိ၊ Yangon Gallery မှာ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ■

## Romantic Opera Four Ladies ဖျော်ဖြေပွဲ

ဖျော်ဖြေပွဲ သွားကြည့်ချင်သူတွေအတွက် Romantic Opera Four Ladies ဖျော်ဖြေပွဲကို ညွှန်းချင်တယ်။ ဒီပွဲမှာ တေးသံရှင် ဖြူဖြူကျော်သိန်း၊ နီနီခင်ဇော်၊ ဝိုင်းလေးနဲ့ ဆိုဖီယာတို့က ပူးပေါင်းဖျော်ဖြေသွားမှာဖြစ်ပါတယ်။ Romantic Opera Four Ladies ဖျော်ဖြေပွဲကို စက်တင်ဘာ ၂၃ ရက်နေ့ ညနေ ၆ နာရီ၊ Rose Garden ဟိုတယ်မှာ ပြုလုပ်သွားမှာဖြစ်ပြီး လက်မှတ်ဈေးနှုန်းတွေက ၃၀၀၀၀ ကျပ်၊ ၅၀၀၀၀ ကျပ်နဲ့ ၁၀၀,၀၀၀ ကျပ်တို့ဖြစ်ပါတယ်။ ကြိုတင်လက်မှတ်ဝယ်ယူချင်တယ်ဆိုရင် ဖုန်း ၀၉-၇၉၉၉၉၃၉၄၄ နဲ့ ၄၂၀၁၂၄၇၂ တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါတယ်။ ■

## YGN Thandinkyut Festival 2017 ပွဲတော်

မကြာခင် သီတင်းကျွတ်ကာလ ရောက်တော့မှာဆိုတော့ မီးမျှောပွဲတော် သွားချင်သူတွေအတွက် ရန်ကုန်မှာပထမဦးဆုံးအကြိမ်ပြုလုပ်မယ့် YGN Thandinkyut Festival 2017 ပွဲတော်ကို ပြောပြချင်တယ်။ ဒီပွဲမှာ အစားအစာဆိုင်ခန်းပေါင်း ၆၀ ကျော်လောက် ပါဝင်မှာဖြစ်ပြီး မီးမျှောချင်သူတွေအတွက်တော့ မီးပုံးတစ်လုံးကို ၂၀၀၀ ကျပ်နဲ့ ဝယ်ယူနိုင်ပြီး မီးပုံးပေါ်မှာ ကိုယ့်စိတ်ကြိုက် စာသားလေးတွေရေးနိုင်အောင် စီစဉ်ပေးထားမှာဖြစ်ပါတယ်။ ဒါ့အပြင် ဖျော်ဖြေရေး အစီအစဉ်နားထောင်ချင်သူတွေအတွက်လည်း တေးသံရှင် ချစ်သုဝေ၊ နီနီခင်ဇော်၊ ပိုပိုဟေသာ၊ Ar-T၊ အောင်ထက်၊ ရဲရင့်အောင် တခြားအနုပညာရှင်တွေပါဝင်မှာဖြစ်ပြီး အငြိမ့်ကြည့်ချင်သူတွေအတွက်လည်း ဦးမေတ္တာရဲ့ မေတ္တာရွှေစင် အငြိမ့်ဖျော်ဖြေမှုတွေကိုလည်း ကြည့်ရှုရမှာဖြစ်ပါတယ်။ ဒီပွဲတော်ကို အောက်တိုဘာ ၁ ရက်နေ့ကနေ ၃ ရက်နေ့၊ ညနေ ၄ နာရီကနေ ည ၁၁ နာရီအထိ၊ ကန်တော်ကြီးဥယျာဉ်၊ မျှော်စင်ကွန်းမှာပြုလုပ်သွားမှာဖြစ်ပါတယ်။ ■

## Monument Books & Toys Myanmar ရဲ့ သီတင်းကျွတ်ဈေးရောင်းပွဲတော်




ကလေးအသုံးအဆောင်ပစ္စည်းတွေနဲ့ စာအုပ်တွေဝယ်ယူချင်သူတွေအတွက် Monument Books & Toys Myanmar ရဲ့ သီတင်းကျွတ် အထူးဈေးရောင်းပွဲတော်လေးကို ညွှန်းချင်တယ်။ ဒီပွဲမှာ ကိုယ်ကြိုက်နှစ်သက်တဲ့ ပစ္စည်းအသုံးအဆောင် ၂ ခု ဝယ်ယူတာနဲ့ ၁ ခု လက်ဆောင်ရရှိမယ့် အစီအစဉ်၊ ကံစမ်းမဲအစီအစဉ်တွေနဲ့ တခြားစိတ်ဝင်စားစရာ ပရိုမိုးရှင်းအစီအစဉ်တွေ ပြုလုပ်ပေးထားတာဖြစ်ပါတယ်။ Monument Books & Toys Myanmar ရဲ့ သီတင်းကျွတ်အထူးဈေးရောင်းပွဲတော်လေးကို စက်တင်ဘာ ၂၀ ရက်နေ့ကနေ အောက်တိုဘာ ၂၀ ရက်နေ့အထိ၊ အမှတ် ၃၇ (အေ)၊ ဘိုးရာဇာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်မှာ ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ ■

## ProPak Myanmar 2017 ပြပွဲ

ကုန်ပစ္စည်းထုတ်လုပ်တာတွေနဲ့ ပတ်သက်ပြီး စိတ်ဝင်စားတဲ့သူတွေအတွက် စတုတ္ထအကြိမ်မြောက် နိုင်ငံတကာ ထုတ်လုပ်ခြင်းနဲ့ ထုပ်ပိုးခြင်းဆိုင်ရာလုပ်ငန်းတွေအတွက် ရည်ရွယ်ပြုလုပ်တဲ့ ProPak Myanmar 2017 ပြပွဲကို ပြောပြချင်တယ်။ ဒီပွဲမှာ အစားအစာတွေနဲ့ တခြားကုန်ပစ္စည်းတွေရဲ့ ထုပ်ပိုးမှုဆိုင်ရာတွေကို အသေးစိတ်ရှင်းလင်းပြသသွားမှာဖြစ်ပြီး ကံစမ်းမဲအစီအစဉ်တွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ဒီပွဲကို စက်တင်ဘာ ၂၁ ရက်နေ့ကနေ ၂၃ ရက်နေ့၊ နံနက် ၉ နာရီကနေ ညနေ ၅ နာရီအထိ၊ MEP ခန်းမမှာပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ■

## Visa ကတ်လျှောက်တာနဲ့ ဗလာမပါကံစမ်းပေးမယ့် အစီအစဉ်




Visa ကတ်တွေလျှောက်ဖို့ စိတ်ဝင်စားတယ်ဆိုရင် ကတ်လာလျှောက်ထားတဲ့သူတွေအတွက် ဗလာမပါ လက်ဆောင်အစီအစဉ်တွေနဲ့ ပြုလုပ်ထားတဲ့ Travel Around the World With MAB Visa Prepaid Card ပွဲကို ပြောပြချင်တယ်။ ဒီပွဲမှာ ကတ်လျှောက်ထားသူတွေအတွက် ဗလာမပါ ကံစမ်းမဲအစီအစဉ်၊ ပျော်ပျော်ရွှင်ရွှင်ဆော့ကစားနိုင်မယ့် ဂိမ်းအစီအစဉ်တွေနဲ့ အထူးအစီအစဉ်တွေ ပြုလုပ်ထားတာဖြစ်ပါတယ်။ ဒီပွဲကို စက်တင်ဘာ ၂၂ ရက်နေ့ကနေ ၂၄ ရက်နေ့၊ နံနက် ၁၀ နာရီကနေ ည ၇ နာရီအထိ၊ Junction City မှာပြုလုပ်သွားမှာဖြစ်ပါတယ်။ ■

## အခမဲ့ကြည့်ရှုနိုင်မယ့် ဥရောပရုပ်ရှင်ပွဲတော်




ရုပ်ရှင်ဝါသနာအိုးတွေအတွက် ၂၇ ကြိမ်မြောက်ပြုလုပ်တဲ့ ဥရောပရုပ်ရှင်ပွဲတော်ကို ပြောပြချင်တယ်။ ဒီပွဲမှာ ထူးခြားတဲ့အစီအစဉ်အနေနဲ့ ကလေးရုပ်ရှင်ပွဲတော်ပြသသွားမှာဖြစ်ပြီး ဇာတ်ကားတွေက ဟောဒီမြို့ကပွေးကောင်၊ အေမီလ်နှင့်စုံထောက်ကြီးနဲ့ ဇူခီးနီး မိသားစုဝင်တစ်ယောက်ဘဝ ဇာတ်ကားတွေရဲ့နောက်မှာ မြန်မာစာတန်းထိုးအစီအစဉ်လည်း ပါဝင်မှာဖြစ်ပါတယ်။ ဒီနှစ်ပွဲတော်ကို အီတလီ ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်တဲ့ The Human Capital (လူသားအရင်းအနှီး) ဇာတ်ကားနဲ့ ဖွင့်လှစ်ပြသသွားမှာဖြစ်ပြီး နိုင်ငံတကာစီးပွားရေးအကျပ်အတည်း၊ အလွန်အကျူးရောင်းဝယ်ဖောက်ကားခြင်းရဲ့ ဆိုးရွားရက်စက်တဲ့ သက်ရောက်မှုအကြောင်းတွေကို ရိုက်ကူးတင်ပြထားတာလည်းဖြစ်ပါတယ်။ တခြားဇာတ်ကားတွေက လမ်းပေါ်ကကြောင်ကလေးဘော့ဘ် ဇာတ်ကားမှာတော့ ဂျိမ်းစ်ဘိုဝမ်ရဲ့ အရောင်းသွက် ကိုယ်တွေ့မှတ်တမ်းမှီငြမ်းရိုက်ကူးထားတာဖြစ်ပြီး ပုံရိပ်အကြွင်း၊ ကဖေးဒါဘီ၊ လူအရင်းအနှီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မျှော်လင့်ချက်ရဲ့ အခြားတစ်ဖက်မှာ၊ ထရူးမန်းစတဲ့ ဇာတ်ကား ၁၀ ကားကို ကြည့်ရှုခံစားရမှာဖြစ်ပါတယ်။ ဥရောပရုပ်ရှင်ပွဲတော်ကို စက်တင်ဘာ ၂၂ ရက်နေ့ကနေ အောက်တိုဘာ ၁ ရက်နေ့အထိ ပြသသွားမှာဖြစ်ပြီး တစ်ရက်ကို ရုပ်ရှင်ပြပွဲနှစ်ချိန်အဖြစ် ညနေ ၃ နာရီခွဲနဲ့ ၆ နာရီခွဲအထိ၊ နေပြည်တော်ရုပ်ရှင်ရုံမှာပြသသွားမှာ ဖြစ်ပါတယ်။ ကလေးရုပ်ရှင်ပွဲတော်ကို အောက်တိုဘာ ၁ ရက်နေ့၊ ဒဂုံ(၁) အခြေခံပညာအထက်တန်းကျောင်းမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ■

## Fujifilm Roadshow ပွဲ




ခရီးတွေသွားတဲ့အခါ ဓာတ်ပုံဝါသနာအိုးတွေအတွက် ကင်မရာဝယ်ယူဖို့ စီစဉ်ထားတယ်ဆိုရင် Fujifilm Roadshow ပွဲကို ညွှန်းချင်တယ်။ ဒီပွဲမှာ ကင်မရာဝယ်ယူတဲ့သူတွေကို အထူးအစီအစဉ် ကူပွန်တွေကို ရရှိမယ့်အပြင် X-Series ကင်မရာဝယ်ယူသူတိုင်းကို အင်္ကျီ၊ ထီး၊ SD ကတ်နဲ့ ကင်မရာ Straps တွေကို လက်ဆောင်ပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် Photo Contest ၊ Instax Film ဓာတ်ပုံတွေနဲ့ Lucky Draw အစီအစဉ်တွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ဒီပွဲကိုစက်တင်ဘာ ၂၂ ရက်နေ့ကနေ ၂၄ ရက်နေ့၊ နံနက် ၉ နာရီကနေ ညနေ ၆ နာခွဲအထိ၊ Junction City မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ■

## Dior by Heart ရဲ့ ၄ နှစ်ပြည့်အထူး Wedding Fair




မကြာခင် ဝါကျွတ်ကာလရောက်တော့မှာဆိုတော့ မင်္ဂလာမောင်နှံအတွက် ကြိုတင်ပြင်ဆင်ထားနိုင်အောင် Dior by Heart ရဲ့ ၄ နှစ်ပြည့်အထူး Wedding Fair ကို ပြောပြချင်တယ်။ ဒီပွဲမှာ ဘယ်လို Package နဲ့ Service ကိုမဆို လာရောက်အပ်နှံတဲ့သူတွေအတွက် ၅ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းအထိ လျှော့ပေးသွားမှာဖြစ်ပြီး အပိုလက်ဆောင်ထပ်ပေးသွားမယ့်အစီအစဉ်၊ ဗလာမပါငွေသားကံစမ်းနိုင်မယ့် အစီအစဉ်တွေနဲ့ Free Extra ဝန်ဆောင်မှုပေးမယ့် အစီအစဉ်လေးမျိုးကို ရရှိမှာ ဖြစ်ပါတယ်။ ဒါ့အပြင် လာရောက်ကြည့်ရှုတဲ့သူတွေအတွက်လည်း ကျပ်သိန်း ၁၀၀ ကျော်ရှိတဲ့ Dior Package တွေကို ကံစမ်းပေးသွားမှာဖြစ်ပါတယ်။ ဒီပွဲကို စက်တင်ဘာ ၂၃ ရက်နေ့၊ နံနက် ၉ နာရီကနေ ညနေ ၆ နာရီအထိ၊ Rose Garden ဟိုတယ်မှာ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ■

## Myanmar International Furniture Expo 2017 ပြပွဲ

ပရိဘောဂပစ္စည်းတွေ ဝယ်ယူချင်သူတွေအတွက် ကြိမ်၊ ဝါးလုပ်ငန်းရှင်းများအသင်းနဲ့ သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်တို့ပူးပေါင်းပြုလုပ်တဲ့ Myanmar International Furniture Expo 2017 ပြပွဲကို ညွှန်းချင်တယ်။ ဒီပွဲမှာ ကြိမ်၊ ဝါး၊ သစ်တွေနဲ့ အခြေခံလုပ်ထားတဲ့ ပရိဘောဂအသုံးအဆောင်ပစ္စည်းတွေကို တစ်နေရာတည်းမှာ စုစည်းရောင်းချပေးသွားမှာဖြစ်ပြီး စက်ရုံတွေနဲ့ပါ တိုက်ရိုက်ဝယ်ယူနိုင်မယ့် အစီအစဉ်တွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ဒါ့အပြင် နေ့စဉ်ကံစမ်းမဲအစီအစဉ်တွေ၊ အမှတ်တရလက်ဆောင်အစီအစဉ်တွေနဲ့ Orginal Product Award ဆုကို ပေးအပ်သွားမှာဖြစ်ပါတယ်။ ဒီပွဲကို စက်တင်ဘာ ၂၁ ရက်နေ့ကနေ ၂၄ ရက်နေ့၊ တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်းမှာပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ■

# Home Again

ဒီတစ်ပတ်တော့ ဟောလိဝုဒ် အချစ်၊ ဟာသ ဇာတ်မြူးရုပ်ရှင်ဇာတ်ကားလေး တစ်ကားကို ညွှန်းပေးချင်ပါတယ်။ ဇာတ်လမ်းကတော့ အချစ်သစ်နဲ့ အိမ်ထောင်ဖက်ဟောင်းကြားမှာ ဗျာများရတဲ့ အမျိုးသမီးတစ်ယောက်အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားတာပါ။ အမျိုးသမီး ဒါရိုက်တာ တစ်ဦးဖြစ်တဲ့ Hallie Meyers–Shyer က ရိုက်ကူးထားပြီး နာမည်ကျော်သရုပ်ဆောင်Reese Witherspoonနဲ့ Pico Alexander၊ Nat Woff တို့ ခေါင်းဆောင်ပါဝင်ထားကြပါတယ်။



Alice (Reese Witherspoon) က သမီးနှစ်ယောက်အမေ၊ တစ်ခုလပ်အမျိုးသမီးတစ်ယောက်ပါ။ ခင်ပွန်းဖြစ်သူနဲ့ လမ်းခွဲပြီးတဲ့နောက်မှာ Alice က သမီးနှစ်ယောက်နဲ့အတူ သူ့ရဲ့ဇာတိမြို့ဖြစ်တဲ့ လော့စ်အိန်ဂျလိစ်ကို ပြန်လည်ပြောင်းရွှေ့သွားခဲ့ပါတယ်။ သူကလေးဘဝကတည်းက နေထိုင်ခဲ့တဲ့ အိမ်ကလေးမှာပဲ Alice က သမီးနှစ်ယောက်နဲ့အတူ ဘဝသစ်ကိုပြန်စဖို့ ကြိုးစားပါတယ်။ အသက် ၄၀ အရွယ်ရှိပြီဖြစ်တဲ့ Alice က ကလေးနှစ်ယောက်မိခင်ဆိုပေမယ့် အရွယ်တင်ပြီး နုပျိုလှပနေဆဲပါ။

Harry၊ Teddy နဲ့ George တို့ က စိတ်တူ၊ ကိုယ်တူ၊ ဝါသနာတူကြတဲ့ အသက်နှစ်ဆယ်ကျော်အရွယ်သူငယ်ချင်းသုံးယောက်ပါ။ Harry က ဒါရိုက်တာဖြစ်ဖို့ ကြိုးစားနေတာဖြစ်ပြီး Teddy ကတော့ အောင်မြင်တဲ့ သရုပ်ဆောင်တစ်ယောက် ဖြစ်ချင်သူပါ။ George ကတော့ ဇာတ်ညွှန်းရေး ဆရာတစ်ယောက်အဖြစ် အောင်မြင်မှုရဖို့ ကြိုးစားနေသူပါ။ တစ်ရက်မှာတော့ သူတို့နေတဲ့တိုက်ခန်းကနေ နှင်ထုတ်ခံလိုက်ရတဲ့အတွက် သုံးယောက်သား ဘားတစ်ခုကို သွားပြီး သောက်စား ပျော်ပါးကြပါတယ်။ Alice ကလည်း မိန်းကလေးသူငယ်ချင်းတွေနဲ့အတူ ဘားကိုရောက်ရှိလာခဲ့ပါတယ်။

ဒီဘားမှာပဲ ဘဝမှာ ဘာကိုမှ အပူအပင်မထားဘဲ ပျော်ပျော်နေတတ်တဲ့ လူငယ်သုံးယောက်နဲ့ သက်လတ်ပိုင်းအရွယ် အမျိုးသမီးတစ်စုတို့ ခင်မင်ရင်းနှီးသွားခဲ့ပါတယ်။ အမူးလွန်နေတဲ့ လူငယ်သုံးယောက်က Alice အိမ်မှာ ညအိပ်ဖို့ လိုက်သွားခဲ့ကြပါတယ်။ Alice ကတော့ Harry နဲ့ တစ်ညတာ ပျော်ပါးမိတဲ့အထိဖြစ်သွားခဲ့ပါတယ်။ နောက်တစ်နေ့မနက်မှာ Alice ရဲ့ မိခင်က အိမ်ကိုရောက်ရှိလာခဲ့ပါတယ်။ နေစရာအိမ်မရှိလို့ အခက်ကြုံနေရတဲ့ Harry တို့ သူငယ်ချင်းသုံးယောက်ကို Alice ရဲ့မိခင်က အိမ်မှာလာနေဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ Alice ရဲ့ ကွယ်လွန်သွားခဲ့ပြီဖြစ်တဲ့ ဖခင်ဖြစ်သူကလည်း ရုပ်ရှင်ဒါရိုက်တာတစ်ယောက်ပါ။

Alice က အိမ်တွင်းအလှဆင်တဲ့ လုပ်ငန်းနဲ့ သမီးနှစ်ယောက်ကို တစ်ယောက်တည်း ပြုစုစောင့်ရှောက်ဖို့ ကြိုးစားသလို၊ Harry ကလည်း အောင်မြင်တဲ့ ဒါရိုက်တာတစ်ယောက်ဖြစ်ချင်တဲ့ သူ့ရဲ့အိပ်မက်ကို အကောင်အထည်ဖော်ဖို့ ကြိုးစားပါတယ်။ သူတို့နှစ်ယောက်က အသက်အရွယ်ကွာပေမယ့် အချစ်ရေးကတော့ အဆင်ပြေ ချောမွေ့နေပါတယ်။ ဒီအချိန်မှာပဲ Alice ရဲ့ခင်ပွန်းဟောင်းက ဇနီးဖြစ်သူကို ပြန်လည်ပေါင်းဖက်ဖို့ ကြိုးစားလာရာမှာတော့ ဘာတွေဆက်ဖြစ်လာမလဲဆိုတာ ရှုစားရမှာပါ။ ■

# ခေါင်

ဒီတစ်ပတ်တော့ မိသားစုမေတ္တာဖွဲ့ဇာတ်လမ်းကြည့်ချင်သူတွေအတွက် ခေါင်ဆိုတဲ့ ဇာတ်ကားကို ညွှန်းချင်တယ်။ ဒီကားမှာ ဘသော်(လူမင်း)ဟာ အနှစ် ၂၀ လောက် သင်္ဘောတက်ပြီးချိန်မှာ သင်္ဘောဆက်မတက်တော့ဘဲ အပြင်ကုမ္ပဏီတွေမှာ အလုပ်ဝင်လုပ် ခဲ့တယ်။ အလုပ်မှာ ဂုဏ်သိက္ခာကို ငွေနဲ့မလဲဘူးဆိုတဲ့စိတ်ကြောင့်ပဲ အပေါ်မှာမဟုတ်တာလုပ်တာနဲ့ပြဿနာ တက်ပြီး အလုပ်တွေမှာမြဲလေ့မရှိဘူး။ ဘသော်ရဲ့ဇနီးခင်မ (မေသဥ္ဇာဦး) ကလည်း မိသားစုစားဝတ်နေရေး အတွက် ရပ်ကွက်ထဲမှာ မုန့်ဟင်းခါးရောင်းရပြီး အလုပ်မမြဲတဲ့ယောကျ်ားဖြစ်သူ ဘသော်ကို အမြဲ ဆူပူပြောနေတာမို့ အရက်သောက်ပြီး စိတ်အပန်းဖြေလာခဲ့ရတယ်။ မိသားစုကလည်း အဆင်မပြေတာကြောင့် သား ဟဲဗီးဖြိုးကလည်း ငွေသုံးချင်တဲ့စိတ်နဲ့ ငွေရလွယ်တဲ့ဆေးခြောက်တွေရောင်းလာပြီး အိမ်အတွက် ပိုက်ဆံရှာပေးခဲ့တယ်။ သမီးဖြစ်တဲ့ ပပ (ဆုလာဘ်) က အရွယ်လေးရောက်လာချိန်မှာ လှချင်တဲ့စိတ်တွေကြောင့် ရပ်ကွက်ထဲက မကောင်းတဲ့သူငယ်ချင်းတွေနဲ့တွဲမိပြီး အလှအပနောက်ကို လိုက်ခဲ့မိတယ်။ နေ့စဉ်နဲ့အမျှ အရက်ကိုပဲ အမြဲသောက်လေ့ရှိတတ်တာမို့ဘသော်ကို သားသမီးတွေက အမြင်မကြည်ဖြစ်လာခဲ့တယ်။ ဒီလို နဲ့အိမ်စရိတ်အတွက် သားသမီးတွေက ထောက်ပံ့လာတာကြောင့် ခင်မကလည်း ဘသော်အပေါ် ဆက်ဆံရေးကအစ ပြောင်းလဲလာခဲ့တယ်။ နောက်ဆုံးမှာတော့ သူတို့မိသားစုကြားမှာ ဘယ်လိုပြဿနာမျိုးတွေ ဆက်ဖြစ်မလဲဆိုတာ ကြည့်ရှုရမှာဖြစ်ပါတယ်။ ဒီဇာတ်ကားကို ဒါရိုက်တာ တင်အောင်ကျော် ရိုက်ကူးထားတာဖြစ်ပြီး သရုပ်ဆောင် လူမင်း၊ ဟဲဗီးဖြိုး၊ မေသဥ္ဇာဦးနဲ့ ဆုလာဘ်တို့က အဓိက ပါဝင်သရုပ်ဆောင်ထားပါတယ်။ ■





# Nick Jonas ရဲ့ Find You



ဒီတစ်ပတ်တော့ Nick Jonas ရဲ့ 'Find You ' လို့အမည်ရတဲ့ အချစ်သီချင်းလေးတစ်ပုဒ်ကို ညွှန်းပေးချင်ပါတယ်။ သီချင်းအကြောင်းအရာကတော့ ပျောက်ဆုံးသွားတဲ့ချစ်သူကို ရှာဖွေဖို့ ကြိုးစားနေတဲ့ ကောင်လေးတစ်ယောက်အကြောင်းကို ရေးဖွဲ့ထားတာပါ။ ဒီသီချင်းကို ရေးဖို့အတွက် Coachella ဂီတပွဲတော်ကို ရောက်တဲ့အချိန်မှာ စိတ်ကူးရခဲ့တာဖြစ်ကြောင်း Nick Jonas က အင်တာဗျူးတစ်ခုမှာ ဖြေကြားခဲ့ပါတယ်။ ဒီသီချင်းက ကိုယ်ဟာ ဘယ်လိုလူမျိုးလဲဆိုတာ ပြန်လည်သုံးသပ်တဲ့ ရှုထောင့်ကနေ ခံစားနိုင်သလို၊ ကိုယ်ချစ်ရတဲ့သူတစ်ယောက်ကို ရှာဖွေတဲ့အကြောင်းကို ရေးထားတာလို့လည်း မှတ်ယူနိုင်ကြောင်း Nick Jonas က ပြောကြားခဲ့ပါတယ်။ 'ကိုယ့်မျက်လုံးတွေကို မှိတ်ထားရင်တောင် မင်းမျက်နှာကို မြင်နေရတယ်။ ဒါပေမဲ့ မင်းကို ဘယ်နေရာမှာ လိုက်ရှာရမလဲဆိုတာကို ကိုယ်တကယ်မသိဘူး။ မင်းပါးစပ်ကထွက်ကျလာတဲ့ စကားလုံးတွေကိုလည်း ကိုယ်ခံစားကြည့်မိတယ်။ မင်းမှာ ကိုယ်ဘယ်တော့မှ နားမလည်နိုင်တဲ့ အယူအဆ တစ်ခုရှိတယ်' ဆိုတဲ့စာသားတွေက အချစ်ပျောက်ရှာနေတဲ့ ကောင်လေးတစ်ယောက်ရဲ့ခံစားမှုကို မြင်ယောင်ကြည့်လို့ရမှာပါ။ ဂီတဗီဒီယိုမှာတော့ ကမ်းခြေတစ်ခုမှာ ပျောက်ဆုံးသွားတဲ့ချစ်သူအတွက် ဝမ်းနည်းကြေကွဲနေတဲ့ Nick Jonas ရဲ့ပုံရိပ်တွေကို တွေ့မြင်ရမှာပါ။ အသည်းကွဲ သီချင်းကောင်းတစ်ပုဒ်လောက် နားဆင်ကြည့်ရင်တော့ Nick Jonas ရဲ့ Find You ကို အခုပဲဖွင့်ကြည့်လိုက်ပါ။



The VOICE Daily
Friday, September 22, 2017

# ENTERTAINMENT


soompi.com

## ခွဲမင်ဆစ်ခ် နဲ့ ပါ့ခ်ရှင်ဟေးတို့ ပါဝင်တဲ့ Silence ရုပ်ရှင် နိုဝင်ဘာလအတွင်း ရုံတင်ပြသမယ်

**ဆိုးလ်၊ စက်တင်ဘာ ၂၁**

တောင်ကိုရီးယား နိုင်ငံရဲ့နာမည်ကျော် ဝါရင့်သရုပ်ဆောင် ခွဲမင်ဆစ်ခ် နဲ့ ပါ့ခ်ရှင်ဟေးတို့ ပါဝင်ထားတဲ့ 'Silence' ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာလအတွင်း ရုံတင်ပြသသွားမှာဖြစ်ကြောင်း kpop herald.com မှာ ဖော်ပြထားပါတယ်။

ဒီဇာတ်ကားမှာတော့ ဝါရင့်သရုပ်ဆောင် ခွဲမင်ဆစ်ခ်က သူပိုင်ဆိုင်တဲ့ ငွေကြေး၊ ဂုဏ်သိက္ခာ၊ အာဏာတွေအားလုံးကို ဆုံးရှုံးရတော့မယ့် အခြေအနေမျိုးကို ရင်ဆိုင်နေရတဲ့ စီးပွားရေးလုပ်ငန်းစုကြီးတစ်ခုရဲ့ အကြီးအကဲအဖြစ် ပါဝင်သရုပ်ဆောင်ထားပါတယ်။

"ကိုယ်ချစ်ခင်မြတ်နိုးတဲ့ အရာတွေကို ဆုံးရှုံးရတော့မယ့် အရေးနဲ့ ရင်ဆိုင်လာရတဲ့ လူတစ်ယောက်က ဘယ်လို ရွေးချယ်မှုမျိုး လုပ်နိုင်ပါသလဲ" လို့ ဇာတ်ကားအတွက် စာနယ်ဇင်းရှင်းလင်းပွဲမှာ သရုပ်ဆောင် ခွဲမင်ဆစ်ခ် က ပြောကြားခဲ့ပါတယ်။

သရုပ်ဆောင်ပါ့ခ်ရှင်ဟေးကတော့ ခွဲမင်ဆစ်ခ်ကို ကူညီပေးမယ့် ရှေ့နေတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားပါတယ်။ ဒီဇာတ်ကားကို ဒါရိုက်တာ ဂျန်ဂျိုဝူးက ရိုက်ကူးတာဖြစ်ပြီး နိုဝင်ဘာလအတွင်း စတင် ရုံတင်ပြသသွားတော့မှာ ဖြစ်ပါတယ်။

## အနုပညာပျိုးခင်း ၂ က ညီအစ်မတွေရဲ့ပေါင်းသင်း ဆက်ဆံရေးကို ရိုးသားစွာဖွင့်ဟလာတဲ့ ရွှေသမီး

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

အနုပညာပျိုးခင်း ၂ က ညီအစ်မသုံးယောက်မှာ ပြိုင်ဆိုင်တာမျိုးတွေမရှိဘဲ တစ်ယောက်နဲ့ တစ်ယောက်က လူချင်းမတွေ့ပေမယ့်လည်း အမြဲတမ်းဖုန်းပြောဖြစ်ပြီး တော်တော်လေး ချစ်ကြတယ်လို့ သရုပ်ဆောင်ရွှေသမီးက The Voice ကို ပြောကြားပါတယ်။

"ညီမတို့သုံးယောက်က တော်တော်လေးလည်း ချစ်ကြတယ်။ ညီမမှာလည်း အမြဲတမ်း ဖုန်းပြောဖြစ်တဲ့သူတွေဆိုရင် မပိုင်ဖြိုးသုနဲ့ မရတနာဗိုပဲရှိတယ်။ ညီမကိုယ်တိုင်လည်း မန္တလေးကလာတော့ ရန်ကုန်မှာ သူငယ်ချင်းမရှိတာကြောင့် ဖုန်းပြောစရာက သူတို့ပဲရှိတယ်။ ညီမကိုယ်တိုင်ကလည်း သူတို့နှစ်ယောက်ကို အရမ်းချစ်တယ်။ အချင်းချင်းကလည်း ပွင့်လင်းတယ်။ တစ်ယောက်နဲ့တစ်ယောက်လည်း နားလည်ပေးကြသလို ဘာပဲဖြစ်ဖြစ် ကူညီပေးကြတယ်" လို့ ၎င်းကပြောပါတယ်။

အနုပညာပျိုးခင်း ၂ က ညီအစ်မသုံးယောက်ဆိုတဲ့ ဗီဒီယိုဇာတ်ကားက နှစ်ကားသာရှိပြီး အပြင်မှာ မဆုံတာလည်း တစ်နှစ်လောက် ရှိသွားပြီဖြစ်ကြောင်း၊ အပြင်မှာ မတွေ့ပေမယ့်လည်း ဖုန်းနဲ့ စကားအမြဲပြောဖြစ်ပြီး အလုပ်မှာ လိုအပ်တာတွေကအစ အစ်မတွေဆီမှာ အကူအညီတောင်းတတ်ကြောင်း သရုပ်ဆောင် ရွှေသမီးက ပြောထားပါတယ်။

"ညီမတို့သုံးယောက်က နောက်ပိုင်းမှာတော့ ပွဲတွေမှာ ဆုံတာမျိုးလောက်ပဲရှိတယ်။ အပြင်မှာ သုံးယောက်ဆုံပြီး မတွေ့တာတောင် တစ်နှစ်လောက်ရှိသွားပြီ။ ဒါပေမဲ့ ဖုန်းနဲ့ကတော့ တစ်ယောက်မဟုတ်တစ်ယောက်နဲ့ အမြဲပြောဖြစ်တယ်။ ညီမဆိုရင် ကားရိုက်မှာအဝတ်အစားဝတ်တာကအစ သူတို့ ဆီကနေ အကြံဉာဏ်တောင်းတယ်။ ဒီ ဇာတ်ရုပ်မှာ ဘယ်လို ပုံစံလေးဝတ်ရမလဲဆိုတာက အစပေါ့နော်" လို့ ၎င်းက ပြောပါတယ်။


ဓာတ်ပုံ- ဝင်းထွန်းနိုင်

## "ဒီသီချင်းက ငြိမ်းချမ်းရေးသီချင်းဖြစ်တယ်။ ဒီသီချင်းမှာ ပုဂ္ဂိုလ်အစွဲ၊ အဖွဲ့အစည်းအစွဲ ရေးထားတာ ဘာမှမပါပါဘူး"

### G Fatt နဲ့ တွေ့ဆုံခြင်း ▶ ဝင်းထွန်းနိုင်


ဓာတ်ပုံ- ဝင်းထွန်းနိုင်

**ဆယ်ကျော်သက်နှုတ်ခမ်းနီမလေးတွေရဲ့အားပေးမှုများစွာကို ရရှိထားတဲ့ Hip Hop လူငယ်တေးသံရှင် G Fatt နဲ့ တွေ့ဆုံပြီး Cherry FM ရှစ်နှစ်ပြည့်ပွဲမှာ သီဆိုဖျော်ဖြေခဲ့တဲ့ 'စစ်' သီချင်းအကြောင်း အပြည့်အစုံနဲ့အတူ ဒုတိယ တစ်ကိုယ်တော်ခွေအကြောင်း တစေ့တစောင်းကို The Voice က မေးမြန်းဖော်ပြလိုက်ပါတယ်။**

**Voice: လတ်တလောမှာ ပရိသတ်တွေ စိတ်ဝင်စားနေကြတဲ့ 'စစ်' သီချင်းကို ရေးဖြစ်ပုံကနေ စပြောပေးပါဦး။**

**GF:** လွန်ခဲ့တဲ့တစ်နှစ်လောက်က ပြင်ဦးလွင်က အစ်မဆီ ကျွန်တော် သွားလည်တယ်။ အစ်မ အမျိုးသားက စစ်သားဆိုတော့ ကျွန်တော်သွားလည်တဲ့အချိန်မှာ အဲ့ဒီကဗိုလ်ကြီးတွေနဲ့ ခင်သွားတယ်။ ကိုယ်သွားတာကလည်း နှစ်ပတ်၊ သုံးပတ်လောက်ကြာတော့ ညဘက်တွေဆို သူတို့နဲ့စကားတွေပြောဖြစ်တယ်။ သူတို့စစ်တိုက်သွားရတဲ့ အကြောင်းတွေ၊ သူတို့ကိုယ်တိုင် စစ်မတိုက်ချင်တော့ဘူးဆိုတဲ့ အကြောင်းတွေကို ကျွန်တော့်ကို ပြောပြတယ်။ သူတို့ ပြောပြတဲ့ အကြောင်းအရာလေးတွေကို နားထောင်ပြီး သီချင်းရေးချင်စိတ်ဖြစ်လာတာနဲ့ 'စစ်' သီချင်းကို ရေးဖြစ်တာပါ။

**Voice: အချစ်သီချင်းတွေ၊ အသည်းကွဲသီချင်းတွေ၊ ဘဝသီချင်းတွေရေးခဲ့တဲ့ လူတစ်ယောက်က စစ်သီချင်းရေးဖို့အတွက် Mood တော်တော်ယူခဲ့ရလား။**

**GF:** ဒီသီချင်းကို ပြင်ဦးလွင်မှာပဲ အားချင်းရေးမယ်ဆိုပြီးလုပ်တာပေါ့နော်။ အဲ့ဒါနဲ့ သီချင်းရဲ့နောက်ဆုံးပိုဒ်ကို အရင်ဆုံးရေးလိုက်တယ်။ ဒါပေမဲ့ နောက်ထပ် ဆက်ရေးလို့မရတော့ဘူး။ ကျွန်တော့်မှာ စစ်ရဲ့ Mood ကို မရဘူး ဖြစ်သွားတယ်။ အဲ့ဒါကြောင့် ရန်ကုန်ပြန်လာတယ်။ ဒီရောက်တော့လည်း ဆက်မရေးဖြစ်ဘဲ သူငယ်ချင်းတွေနဲ့ ဂစ်တာတီးပြီးဆိုရင်လည်း ရေးထားတဲ့တစ်ပိုဒ်ကိုပဲ ဆိုခဲ့တယ်။ နောက်ဆုံး ဗထူးစစ်တပ်ကို ထပ်ရောက်မှ အဲ့ဒီအငွေ့အသက်လေးပြန်ရပြီး ဆက်ရေးဖြစ်သွားတာပါ။ Mood ပြန်ရဖို့ စောင့်နေရတာနဲ့ ဒီသီချင်းက တော်တော်လေး ကြာသွားတယ်။ သီချင်းတစ်ပိုဒ်လုံးကို ရေးလို့ပြီးတာတောင် မကြာသေးပါဘူး။

**Voice: Cherry FM ရှစ်နှစ်ပြည့်ပွဲမှာ ဆိုဖြစ်သွားတဲ့စိတ်ကူးကိုလည်း သိချင်ပါသေးတယ်။**

**GF:** ဒီသီချင်းက ကျွန်တော့်ရဲ့ဒုတိယခွေမှာထည့်ဖို့ပါ။ ဒါပေမဲ့ Cherry FM က သီချင်းလိုလို့တောင်းတာနဲ့ ဘယ်သီချင်းကိုပေးရင် ကောင်းမလဲဆိုပြီး စဉ်းစားတယ်။ နောက်ဆုံး သူတို့ကို 'စစ်' သီချင်းပေးမယ်၊ ဒီသီချင်းရဲ့ Music Video သေချာရိုက်ပေးပါလို့ တောင်းဆိုလိုက်တယ်။ အဲ့ဒါနဲ့ Cherry FM ပွဲမှာ ဆိုဖြစ်သွားတာပါ။

**Voice: စစ်သီချင်းဆိုရတာက ပထမဆုံးဆိုတော့ စိတ်ခံစားမှုက ပြောင်းလဲမှုရှိခဲ့လား။**

**GF:** ကျွန်တော့်ရဲ့ခံယူချက်တွေက တဖြည်းဖြည်းနဲ့ ပြောင်းလဲလာပါတယ်။ လက်ရှိအချိန်မှာတော့ ကျွန်တော့်စိတ်ထဲမှာ ခံစားရတဲ့အရာကိုပဲ ပရိသတ်ကိုပြချင်တော့တယ်။ ရှေ့ပိုင်းမှာ ကျွန်တော် ဘာလို့အချစ်သီချင်းတွေများခဲ့လဲ မေးလို့ရှိရင်တော့ ကျွန်တော်ချစ်နေခဲ့လို့ နေမှာပေါ့နော်။ ကိုးတန်း၊ ဆယ်တန်းလောက်က ခံစားချက်တွေ၊ နိုင်ငံခြားထွက်သွားတဲ့ ကောင်မလေး၊ ကွဲသွားတဲ့ရည်းစားတွေနဲ့ပတ်သက်တဲ့ခံစားချက်တွေက တောက်လျှောက်ဖြစ်ခဲ့တော့ အချစ်သီချင်းတွေပဲ ထွက်ခဲ့တယ်။ ဒါပေမဲ့ လက်ရှိအချိန်မှာတော့ ကျွန်တော်ခံစားလို့ရသမျှအားလုံး က သီချင်းအဖြစ် ထွက်လာမှာပါ။ ဒီ 'စစ်' သီချင်းဆိုရင်လည်း Cherry FM ပွဲမှာ ဆိုလိုက်ရတဲ့အတွက် ကိုယ့် ကိုယ်ကိုယ် ကျေနပ်တယ်။ ကျွန်တော်ကျေနပ်တာကြောင့် အောင်မြင်သလို ခံစားရတယ်။ ကြိုက်တာ၊ မကြိုက် တာကိုတော့ ပရိသတ်က ဆုံးဖြတ်မှာပေါ့နော်။ သူတို့ရင်ထဲကို ဘယ်လောက်ထိရောက်မလဲဆိုတာ ကျွန်တော် မသိဘူးလေ။

**Voice: စစ်သီချင်းဆိုတော့ ထွက်လာတဲ့အခါမှာ ဝေဖန်မှုတွေ မကြုံတွေ့ရဘူးလို့လည်း တပ်အပ်မပြောနိုင်တော့ ပရိသတ်ကိုကြိုပြီး မေတ္တာရပ်ခံထားချင်တာမျိုးရှိလား။**

**GF:** ကျွန်တော်ကတော့ စိတ်ရှင်းပါတယ်။ ဒီသီချင်းက ဘယ်သူ့ဘယ်သူကိုမှ တည်ရေးတာမဟုတ်ပါဘူး။ ကျွန်တော်နဲ့ အရမ်းခင်တဲ့ဗိုလ်ကြီးတွေရဲ့ လက်ရှိဖြစ်နေတဲ့စိတ်ခံစားမှုတွေကို ကျွန်တော်က ပြန်ခံစားပြီး ရေးထားတာပါ။ ဒီသီချင်းက ငြိမ်းချမ်းရေးသီချင်းဖြစ်တယ်။ အဓိက စစ်ပွဲတွေထပ်မဖြစ်စေချင်ဘူး။ ဘယ်သူနဲ့ဘယ်သူ တိုက်ခိုက်နေကြတယ်ဆိုတာကိုလည်း မလိုလားဘူးဆိုတာ ပြချင်တာပါ။ ဒီသီချင်းမှာ ပုဂ္ဂိုလ်အစွဲ၊ အဖွဲ့အစည်းအစွဲ ရေးထာတာ ဘာမှမပါပါဘူး။

**Voice: Music Video ကို ရိုက်ဖို့စဉ်းစားထားပြီလား၊ ဘယ်လိုမျိုး ပုံစံရိုက်သွားမှာလဲ။**

**GF:** လောလောဆယ်မှာတော့ ကျွန်တော်တို့ တိုင်ပင်နေတုန်းပါပဲ။ အဲ့ဒါကြောင့် ဘယ်လိုပုံစံရိုက်မယ်ဆိုတာကို အတိအကျ မပြောနိုင်သေးဘူး။ ဒီသီချင်းက ကျွန်တော့်ဘဝအတွက် အမှတ်တရလည်းဖြစ်တော့ သေသေချာချာ လေးရိုက်ချင်တယ်။ ဒါပေမဲ့ သေချာတာကတော့စစ်ပွဲပုံစံရိုက်မှာပါ။ ဒီလကုန်ခါနီးလောက်မှာ ရိုက်ကူးသွားဖို့ရှိပါ တယ်။

**Voice: ဒုတိယတစ်ကိုယ်တော်ခွေက ထွက်ဖို့နီးနေပြီလား၊ Title က အပြောင်းအလဲရှိသေးလား။**

**GF:** ကျွန်တော့်ရဲ့ဒုတိယခွေက ခုနစ်ဆယ်ရာခိုင်နှုန်းလောက်ပြီးနေပါပြီ။ အဲ့ဒါကြောင့် ခွေကတော့ဒီနှစ်ထဲမှာ ပဲထွက်လာပါလိမ့်မယ်။ ခွေ Title ကိုတော့ လောလောဆယ်မှာ '၁၂၀/ဘီ' ဆိုပြီး ယာယီပေးထားတုန်းပါပဲ။ ဒါပေမဲ့ ပြောင်းချင်လည်း ပြောင်းမှာပေါ့နော်။ ခွေမှာ သီချင်းပုံစံတွေကတော့ ပထမခွေနဲ့မတူတော့ပါဘူး။ မတူတဲ့ Music စတိုင်တွေအပြင် အကြောင်းအရာတွေ အများကြီး လုပ်ထားပါတယ်။ ကျွန်တော်လုပ်ချင်တာတွေကို စုံနေအောင် လုပ်ထားတာပေါ့နော်။

# မိရိုးဖလာ

သန့်ဇင်ဦး

**နတ်ကိုးကွယ်ယုံကြည်မှုအကြောင်းကို အခြေခံထားတဲ့ 'မိရိုးဖလာ' ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ သီတာလင်းက သရုပ်ဆောင် ရန်အောင်၊ ရဲအောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ Laurel Art အနုပညာသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူတွေနဲ့ ရိုက်ကူးနေပါတယ်။ ဇာတ်ကားမှာ ပါဝင်တဲ့ အနုပညာရှင်အချို့ရဲ့ သရုပ်ဆောင်ရတဲ့ ဇာတ်ကောင်စရိုက်တွေနဲ့ ဇာတ်လမ်းနဲ့ ပတ်သက်တဲ့ ခံစားမှုတွေကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**


ဓာတ်ပုံ- သန့်ဇင်ဦး

## ရန်အောင်

ဒီဇာတ်လမ်းက မြန်မာ့ရိုးရာ သုံးဆယ့်ခုနစ်မင်း နတ်တွေအကြောင်းကို အခြေခံထားပါတယ်။နတ်တွေအကြောင်းဆိုတာထက် မိရိုးဖလာ အစဉ်အလာအတိုင်း နတ်တွေကို ထိန်းသိမ်းခဲ့ရတဲ့ မိသားစုတစ်စု အကြောင်းကိုရိုက်ကူးပြတာပါ။ ကျွန်တော့်ရဲ့ ကာရိုက်တာကတော့ နတ်ကိုးကွယ်ယုံကြည်တဲ့ အဘိုးတွေ၊ အဖေတွေရဲ့ အစဉ်အလာကို ဆက်လက်ထိန်းသိမ်းရတဲ့သူပေါ့။ မထိန်းချင်ပေမယ့် ထိန်းရတယ်ပေါ့။ ဇာတ်လမ်းလေးက အလှည့်အပြောင်းလေးတွေလည်းပါပါတယ်။

မြန်မာနိုင်ငံမှာ ရှိတဲ့ နတ်ကိုးကွယ်ယုံကြည်မှုနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကိုလည်း ဒီဇာတ်ကားကို ကြည့်ရင်းနဲ့ ပရိသတ်တွေ သိခွင့်ရမှာပေါ့နော်။ တောင်ပြုန်းမှာလည်း ကျွန်တော်တို့ သွားရိုက်ကြမယ်။ တောင်ပြုန်းကို ရောက်ဖူးတဲ့သူတွေရော၊ မရောက်ဖူးတဲ့သူတွေရော၊ တောင်ပြုန်းရဲ့ အလှအပတွေ၊ ယဉ်ကျေးမှုတွေ၊ ဓလေ့ထုံးစံတွေကိုလည်း မြင်တွေ့ရမှာပါ။


ဓာတ်ပုံ- သန့်ဇင်ဦး

## ဒါရိုက်တာ သီတာလင်း

အစ်မက ရုပ်ရှင်တစ်ကား ရိုက်တော့မယ်ဆိုရင် ပရိသတ်အတွက် အမြင်ဆန်းတာလေးတွေ၊ ဗဟုသုတရစရာလေးတွေ ပါဖို့ အမြဲတမ်း ထည့်သွင်းစဉ်းစားပါတယ်။ တောင်ပြုန်းကို သွားတဲ့အခါမှာ ကိုယ်တောင်မှ မသိသေးတဲ့ဓလေ့ထုံးစံလေးတွေ အများကြီးတွေ့ခဲ့ရတယ်။ နတ်ကိုးကွယ်မှုဆိုတာက မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့ နှစ်နှစ်ရာကျော်လောက် ကတည်းက တည်ရှိခဲ့တဲ့ ယဉ်ကျေးမှုထုံးတမ်းစဉ်လာတစ်ခုပါ။ ဒီဇာတ်ကားမှာဆို နတ်ကိုးကွယ်ယုံကြည်မှု ထွန်းကားတဲ့ တောင်ပြုန်းဒေသရဲ့ အလှအပတွေ၊ ယဉ်ကျေးမှုတွေ၊ ဓလေ့ထုံးစံတွေကို အစ်မတို့ ထည့်သွင်းရိုက်ပြသွားမှာပါ။ ဇာတ်လမ်းကတော့ ဒရာမာလေးပါပဲ။ နတ်တွေကို ကိုးကွယ်ယုံကြည်တဲ့ မိသားစုတစ်စုနဲ့ မင်းမျိုးမင်းနွယ် မိသားစုတစ်စုတို့ကြားက အချစ်ဇာတ်လမ်းလေးကို ရိုက်ကူးပြမှာ ဖြစ်ပါတယ်။ ဒီဇာတ်ကားကို ရိုက်ပြဖို့ အစ်မတို့ တစ်နှစ်ကျော်လောက် အချိန်ယူပြင်ဆင်ခဲ့ရပါတယ်။ ကိုယ်ရိုက်ပြလိုက်လို့ တောင်ပြုန်းဒေသကို ထိခိုက်မှာကိုလည်း အရမ်းစိုးရိမ်ပါတယ်။ ကိုယ်မသိတဲ့ အကြောင်းအရာတစ်ခုကို ကြားတာတစ်ခုတည်းနဲ့ ဇာတ်လမ်းရေးသားတာမျိုးမလုပ်ခဲ့ပါဘူး။ တောင်ပြုန်းမှာရှိတဲ့ နတ်ချုပ်တွေ၊ သိုးဆောင်း၊ ဗောင်းဆောင်းတွေကို သေချာ မေးမြန်းပါတယ်။ ကိုယ်တိုင်လည်း တောင်ပြုန်းဒေသကို သွားရောက်ပြီး ဓလေ့ထုံးတမ်းစဉ်လာတွေကို လေ့လာခဲ့ပါတယ်။


ဓာတ်ပုံ- သန့်ဇင်ဦး

## ရဲအောင်

ဒီဇာတ်ကားမှာ ကျွန်တော်က ဦးပြည့်စုံဆိုတဲ့ ဇာတ်ကောင်နေရာက သရုပ်ဆောင်ရမှာပေါ့နော်။ မိဘမျိုးရိုး အစဉ်အဆက်က နတ်နဲ့ ပတ်သက်တဲ့ အစဉ်အလာတွေ အကုန်လုံးကို လုပ်တယ်။ ဒီဇာတ်ကားမှာ သရုပ်ဆောင်တွေကတော့ ကျွန်တော်၊ ကိုရန်အောင်၊ မဆင့် (မေသန်းနု )တို့အပြင် Laurel Art အနုပညာသင်တန်းကျောင်းက သင်တန်းသား၊ သင်တန်းသူတွေလည်း ပါဝင်ပါတယ်။ ဇာတ်လမ်းကတော့ ကျွန်တော်တို့က မျိုးရိုးအစဉ်အဆက် နတ်တွေကို ကိုးကွယ်ခဲ့တယ်။ ဝေါထမ်းခဲ့တယ်။ ကိုရန်လေးဆိုလည်း နတ်တွေကို ကိုးကွယ်ယုံကြည်တဲ့ မိသားစုက ဆင်းသက်လာခဲ့တယ်။ ကျွန်တော်တို့ မွေးလာတဲ့ သားကိုလည်း မိရိုးဖလာအစဉ်အလာကို ဆက်လက်ထိန်းသိမ်းစေချင်တယ်။ ကျွန်တော်တို့က မွေးလာတဲ့ သားသမီးတွေနဲ့ တစ်ဖက်က မိသားစုက မွေးလာတဲ့ သားသမီးတွေကြားမှာ အချစ်ဇာတ်လမ်းလေးတွေရှိတယ်။ ကျွန်တော်နဲ့ မဆင့် (မေသန်းနု) ကြားမှာလည်း ငယ်ငယ်က ပြဿနာလေးတွေရှိတယ်။ ဒီဇာတ်ကားက မိသားစုဒရာမာ ဇာတ်လမ်းလေးပါပဲ။


ဓာတ်ပုံ- သန့်ဇင်ဦး

## အေးငြိမ်းဖြူ

ညီမရဲ့ကာရိုက်ကတော့ အင်္ဂလန်ကနေ မြန်မာနိုင်ငံကို လာပြီး စာတမ်းပြုစုနေတဲ့ ကောင်မလေးတစ်ယောက်နေရာက သရုပ်ဆောင်ရတာပါ။ ဒီဇာတ်ကားအတွက် သိပ်ပြီး ထွေထွေထူးထူး ပြင်ဆင်ရတာမျိုးတော့ မရှိပါဘူး။ အဝတ်အစားပိုင်းကိုပဲ နည်းနည်းဂရုစိုက်ပြီး ဝတ်ရတယ်။ နောက်ပြီးတော့ ဒီကားက တောင်ပြုန်းတို့၊ မန္တလေးတို့မှာ သွားရိုက်ရမယ့် ဇာတ်ဝင်ခန်းတွေလည်းပါတဲ့အတွက် အဝတ်အစားတော့ နည်းနည်းကြိုပြင်ရတယ်။ ဇာတ်လမ်းကတော့ ကိုယ်ချစ်တဲ့သူက နတ်တွေ ဘာတွေကိုးကွယ်တဲ့ မိသားစုက ဖြစ်နေတဲ့အတွက် မိဘတွေက သဘောမတူဘူးပေါ့နော်။ မိသားစုဒရာမာ ဇာတ်လမ်းလေးပါပဲ။ ဒီဇာတ်ကားက ညီမရဲ့ ဒုတိယမြောက် ရုပ်ရှင်ဇာတ်ကားကြီးပါ။ ရှေ့မှာတော့ 'ဘာတဲ့လဲဟေ့ လာ' ဆို တဲ့ ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထားပါတယ် ။ မိရိုးဖလာ ဇာတ်ကားက တောင်ပြုန်းကို အခြေခံပြီး ရိုက်မှာဖြစ်တဲ့အတွက် ပရိသတ်တွေလည်း စိတ်ဝင်စားကြမှာပါ။ ရုံတင်တဲ့အခါကျရင်လည်း လာရောက်အားပေးကြပါဦးလို့ ပြောချင်ပါတယ်။ ဒီကားပြီးရင်တော့ ဒါရိုက်တာဝိုင်းနဲ့ ရုပ်ရှင်ကားကြီး တစ်ကား ရိုက်ဖို့ရှိပါတယ်။




# ဂျွန်လင်နွန်၏ imagine သီချင်းစာသားကို ကလေးပုံပြစာအုပ်အဖြစ် ထုတ်ဝေ

စက်တင်ဘာလ ၂၁ ရက်နေ့ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့တွင် ဂျွန်လင်နွန်၏ ကမ္ဘာကျော်တေးသီချင်း imagine ကို ကလေးပုံပြစာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ပါတယ်။

ဂျွန်လင်နွန် ရေးသားထားတဲ့ ငြိမ်းချမ်းရေးသီချင်းစာသားများကို နာမည်ကျော် ပြင်သစ် သရုပ်ဖော်ဆွဲသားသူ ယန်းဂျူလီယန်က သရုပ်ဖော်ပုံရေးထားတာ ဖြစ်ပါတယ်။

ဂျွန်လင်နွန်ရဲ့ ဇနီးသည်ဖြစ်သူ ယိုကိုအိုနိုက အမှာစကားရေးပေးတာဖြစ်ပြီး ထိုစာအုပ်ကို Amnesty International အဖွဲ့က စီစဉ်ခဲ့တာ ဖြစ်ပါသတဲ့။

"ကျွန်မခင်ပွန်းဟာ Imagine ကို ကမ္ဘာ့ငြိမ်းချမ်းရေး တောင်းဆိုတဲ့ သီချင်းအနေနဲ့ ရေးသားခဲ့တာ ဖြစ်ပါတယ်။ ယနေ့မှာတော့ ကျွန်မတို့ဟာ စိတ်ကူးကြည့်နိုင်တာထက်ပိုပြီး ငြိမ်းချမ်းရေးကို လိုအပ်နေပါပြီ။ အတူတကွ ကျွန်မတို့ဟာ ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ပါတယ်။ ဒါဆိုရင်တော့ ကမ္ဘာကြီးဟာ တစ်လုံးတစ်ဝတည်း ရပ်တည်နိုင်မှာပါ" ဟု ဂျွန်လင်နွန် ရဲ့ဇနီးဖြစ်သူ ယိုကိုအိုနိုလင်နွန်က အမှာစာမှာ ရေးသားပေးထားပါတယ်။

Amnesty International ဟာ ယိုကိုအိုနိုလင်နွန် နဲ့ ပူးပေါင်းပြီးတော့ နာမည်ကျော် ပြင်သစ်သရုပ်ဖော်ပုံဆရာ ယန်းဂျူလီယန်နဲ့အတူ အထက်ပါ သီချင်းကို ပုံပြစာအုပ်အဖြစ် တင်ဆက်ပြီး ဘာသာစကား ၁၅ မျိုးနဲ့ ထုတ်ဝေမှာ ဖြစ်ပါသတဲ့။

စာအုပ်ထုတ်ဝေရခြင်း ရည်ရွယ်ချက်က ကမ္ဘာကြီးရဲ့နောက်မျိုးဆက်အနေနဲ့ လွတ်လပ်မှု၊ တရားမျှတမှုနဲ့ ကြင်နာတတ်မှုတို့ကို အားကျအတုယူဖို့ ဖြစ်ပါသတဲ့။

ဘာသာစကားမျိုးစုံနဲ့ စာအုပ်တွေကို အွန်လိုင်းမှာရော စာအုပ်ဆိုင်တွေမှာပါ ဝယ်ယူနိုင်ပြီဖြစ်ပြီးတော့ အကျိုးအမြတ်တွေကိုတော့ Amnesty International ကို လှူဒါန်းမှာ ဖြစ်ပါသတဲ့။ **F-02**

# TECHNOLOGY

## ဩစတြေးလျနိုင်ငံကာကွယ်ရေးဌာန တရုတ်နိုင်ငံမှ ဒရုန်းယာဉ်များကိုတားမြစ်

**ဆစ်ဒနီ၊ စက်တင်ဘာ ၂၁**


AP

ဩစတြေးလျနိုင်ငံ ကာကွယ်ရေးဌာနသည် တရုတ်နိုင်ငံထုတ် မောင်းသူမဲ့ ဒရုန်းယာဉ်များကို နိုင်ငံအတွင်း တင်သွင်းခွင့်၊ မောင်းနှင်ပျံသန်းခွင့်များအား ပိတ်ပင်တားမြစ်လိုက်ကြောင်း The Australian သတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံထုတ် ဒရုန်းယာဉ်များကို အမေရိကန်တပ်မတော်က လုံခြုံရေးအရ ပိတ်ပင်တားမြစ်ခဲ့ပြီးသည့် နောက်တွင် ဩစတြေးလျနိုင်ငံကလည်း ဆိုက်ဘာလုံခြုံရေးကိစ္စများအတွက် စိုးရိမ်ရသည့်အတွက် ပိတ်ပင် တားမြစ်လိုက်ရခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ဩဂုတ်လအတွင်းက အမေရိကန်ပြည်ထောင်စုမှ တာဝန်ရှိသူများက တရုတ်နိုင်ငံ DIJ (Da-Jiang Innovations Technology) ကထုတ်သည့် ဒရုန်းယာဉ်များကို ဆိုက်ဘာခိုးဖောက်နိုင်မှုများအတွက် သင်္ကာမကင်းဖြစ်သောကြောင့် ပိတ်ပင်လိုက်ကြောင်း အမိန့်ထုတ်ကာ တားမြစ်ခဲ့ပြီးဖြစ်သည်။

ဩစတြေးလျနိုင်ငံ ကာကွယ်ရေးဌာနသည် လွန်ခဲ့သည့် နှစ်ပတ်အတွင်းက မောင်းသူမဲ့ ဒရုန်းယာဉ်များ ပျံသန်းထောက်လှမ်းနေမှုများကို သင်္ကာမကင်းဖြစ်သဖြင့် တားမြစ်ပိတ်ပင်ရခြင်းဖြစ်ကြောင်း၊ စီးပွားရေးအရ အသုံးပြုနေသည့် ဒရုန်းများကိုလည်း ကန့်သတ်စိစစ်ပြီးမှ ခွင့်ပြုရန်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဩစတြေးလျနိုင်ငံ ကာကွယ်ရေးဌာနတွင် လက်ရှိ အသုံးပြုနေသည့် DIJ ထုတ် မောင်းသူမဲ့ ဒရုန်းယာဉ် အစင်း ၄၀ ခန့်ရှိပြီး၊ စစ်ရေးဆိုင်ရာကိစ္စများတွင် အသုံးပြုနိုင်ရန် ပူးတွဲလေ့ကျင့်လျက်ရှိသည်။

DIJ ဒရုန်းများသည် တရုတ်နိုင်ငံအရှေ့တောင်ပိုင်း ရှန်ဇန်းအခြေစိုက် စက်ရုံတစ်ခုက ထုတ်လုပ်ထားခြင်းဖြစ်ပြီး အမေရိကန်ပြည်ထောင်စု၊ အစ္စရေးနှင့် ဩစတြေးလျကာကွယ်ရေးဌာနများကို ပေးပို့ထောက်ပံ့ခွင့်များရထား သည့် အဖွဲ့ကြီးတစ်ခုဖြစ်သည်။

DIJ ဒရုန်းများသည် ယခုအခါ တစ်ကမ္ဘာလုံးရှိ ဈေးကွက်များတွင် ပျံ့နှံ့လျက်ရှိပြီး လာမည့် ငါးနှစ်အတွင်း ဒေါ်လာ ဘီလီယံ ၁၀၀ ဖိုးခန့်အထိ ရောင်းချနိုင်မည်ဟု ခန့်မှန်းထားသည်။

ယခုအခါ အမေရိကန်ပြည်ထောင်စုကလည်း ဆီးရီးယားနိုင်ငံ စစ်ဆင်ရေးကစတင်ပြီး ဒရုန်းယာဉ်များကို တွင်ကျယ်စွာ အသုံးပြု၍ စစ်ဆင်ရေးများကို ဆင်နွှဲလျက်ရှိသည်။

ဩစတြေးလျနိုင်ငံ ကာကွယ်ရေးဌာနသည် တရုတ်ထုတ် ဒရုန်းများအစား အမေရိကန်ပြည်ထောင်စု Aero Vironment ကုမ္ပဏီထုတ် Wasp AE ဒရုန်းများကို ဝယ်ယူသုံးစွဲရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း၊ ဒေါ်လာ ၁၀၁ သန်းဖိုးခန့်ဝယ်ယူပြီး အဆင့်မြှင့်ရန် စီစဉ်ထားကြောင်း The Australian သတင်းတွင် ရေးသားထားသည်။ ■

---

## ကမ္ဘာ့ပထမဆုံး စကားပြောနိုင်သည့် လိင်ဖျော်ဖြေရေးစက်ရုပ်များတီထွင်

**ဆန်မာကိုစ်၊ ကာလီဖိုးနီးယား၊ စက်တင်ဘာ ၂၁**


Eduardo Contreras,TNS

၂၀၁၈ ခုနှစ် ဇန်နဝါရီလကစတင်ပြီး ကာလီဖိုးနီးယားပြည်နယ်၊ ဆန်မာကိုစ်အခြေစိုက် Westworld ကုမ္ပဏီ သည် စကားပြောဆိုတုံ့ပြန်နိုင်မည့် လိင်ဖျော်ဖြေရေးစက်ရုပ်များကို ကမ္ဘာ့ပထမဆုံး အနေနှင့် ဈေးကွက်တွင် ဖြန့်ချိသွားရန် ပြင်ဆင်လျက်ရှိကြောင်း The Record သတင်းတွင်ဖော်ပြထားသည်။

လူပုံစံအတိုင်း တီထွင်ထားသည့် ဆီလီကွန်စက်ရုပ်များသည် လာမည့် နှစ်ပေါင်း ၂၀ အတွင်း လူသားတို့၏ လောကအတွင်း ပျံ့နှံ့ခြေချလာတော့မည်ဖြစ်ကြောင်း၊ ကိုယ်ကျင့်တရားအရလည်းကောင်း၊ အနာဂတ်စိုးရိမ်စိတ် များကြောင့်လည်းကောင်း လိင်ဖျော်ဖြေရေးစက်ရုပ်များကို မည်မျှကန့်ကွက်နေသည်ဆိုစေ တီထွင်ဆန်းသစ်မှုများနှင့် လူသားတို့လိုအပ်ချက်ကို တားဆီးပိတ်ပင်ရန် မဖြစ်နိုင်ကြောင်း တီထွင်သူ မတ် မက်မူလန်ကပြောကြားသည်။

မကြာသေးမီက တီထွင်ထားသော စက်ရုပ်များကို ဟက်ကာများက ပရိုဂရမ်များအား ခိုးဖောက်ပြီး ပိုင်ဆိုင်သူကို သတ်ခိုင်းနိုင်ကြောင်း သတင်းများ ပေါ်ထွက်ခဲ့သော်လည်း၊ ပရိုဂရမ်များကို စက်ရုပ်ပိုင်ရှင်က လိုသလို ထည့်သွင်းပြီး အသုံးပြုနိုင်သောကြောင့် စိုးရိမ်စရာမလိုကြောင်း ယင်းသတင်းကဆိုသည်။

မတ် တီထွင်ထားသည့် Harmony ဆိုသော စက်ရုပ်မယ်လေးများသည် မိမိပိုင်ရှင်ကို ချစ်စဖွယ် ချိုသာသော လေသံလေးများဖြင့် ခွန်းတုံ့ပြန်နိုင်စွမ်းရှိပြီး ဟာသလေးများ အရွှန်းဖောက်ကာ ပြောဆိုနိုင် စွမ်းရှိသဖြင့် ပိုပြီး နှစ်လိုဖွယ်ကောင်းကြောင်း The Record တွင် ရေးသားထားသည်။

ယခုအဆင့်မြှင့်ပြီးတီထွင်ထားသော စက်ရုပ်မယ်လေးများသည် ကိုယ်အင်္ဂါအစိတ်အပိုင်းတိုင်း လှုပ်ရှားစွမ်းဆောင်နိုင်စွမ်းရှိရုံမက တုံ့ပြန်နိုင်စွမ်းများကလည်းပိုကောင်းလာကြောင်း၊ စက်ရုပ်မယ်လေးများကို အမျိုးသမီးများ၏နေရာတွင် အစားထိုးရန်မရည်ရွယ်သော်လည်း ရွေးချယ်ပိုင်ခွင့်တစ်ခုအနေနှင့် မဖြစ်မနေရှိရန် လိုအပ် လာကြောင်း မတ်ကဆိုသည်။

မတ်တီထွင်ထားသည့် စက်ရုပ်မယ်လေးများ၏ မျက်နှာ အနေအထားသည် မယုံကြည်နိုင်လောက်အောင် ချောမောသည့်အပြင်၊ မျက်လုံးများ လှုပ်ရှားနိုင်ခြင်း၊ မျက်တောင်ခတ်နိုင်ခြင်း၊ မျက်ခုံးပင့်ပြီး အံ့အားသင့် သကဲ့သို့ ကြည့်တတ်ခြင်း၊ ခေါင်းကို နောက်ပြန်လှည့်ကြည့်တတ်ခြင်း၊ မေးထိုးပေးပြီး နမ်းခိုင်းတတ်ခြင်းများ အပြင် မျက်နှာအမူအရာ အမျိုးမျိုးကိုလည်း ဖော်ဆောင်ပြနိုင်စွမ်းရှိလာပြီဖြစ်သည်။

Harmony စက်ရုပ်မယ်တစ်ရုပ်လျှင် ဒေါ်လာ ၁၀၀၀၀ ဖြင့် ရောင်းချသွားရန်ပြင်ဆင်ထားကြောင်း စက်တင်ဘာလ ၁၉ ရက်နေ့က မီဒီယာသို့ ပွဲထုတ်ပြရာတွင် မက်ကပြောကြားသည်။ ■

---

## NEWS IN BRIEF

### ကြိုးမဲ့အားသွင်းပန်းအိုးတီထွင်

ဆီလီကွန်တောင်ကြားမှ လူငယ်တီထွင်ပညာရှင် ပိုင်ဆိုသူသည် ကမ္ဘာ့ပထမဆုံး ကြိုးမလိုသည့် အားသွင်း ပန်းအိုးအသွင် Charger လေးတစ်ခုကို အောင်မြင်စွာ တီထွင်နိုင်ခဲ့ကြောင်း AFP သတင်းတွင်ဖော်ပြထားသည်။

ပိုင်တီထွင်သည့် ပန်းအိုးအသွင် Cgarger လေးသည် စားပွဲပေါ်တွင် အလှတင်ထားရုံသာဖြစ်ပြီး၊ ပန်းအိုးနှင့် ပေအနည်းငယ်အကွာတွင် တင်ထားသည့် ဖုန်းများကို အားပြန်လည်ပြည့်စေရန် ဆောင်ရွက်ပေးနိုင်ကြောင်း ယင်းသတင်းကဆိုသည်။

ပိုင်က Android ဖုန်းများသာမက Apple ဖုန်းများလည်း ချိတ်ဆက်ပြီး အားဖြည့်နိုင်ကြောင်း၊ သူတီထွင်ထားသည့် Charger သည် သံလိုက်လှိုင်းများဖြင့် အားပြန်ဖြည့်ပေးခြင်းဖြစ်ကြောင်း၊ ပိုင်ခေါ် လီရှင် ရှီးသည် ယင်းနည်းပညာကို ဂျွန်မက်ဒေါ်နယ်နှင့်ပူးပေါင်းတီထွင်ထားကြောင်း AFP တွင်ရေးသားထားသည်။ ■

### မျက်နှာကို မှတ်ထားမည့် တံခါးလူခေါ်ခေါင်းလောင်းတီထွင်

Google ၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သည့် Nest Labs သည် မျက်နှာကို မှတ်သားထားမည့် ကင်မရာစနစ်ကို တွဲဖက် ထားသော လုံခြုံရေးအဆင့်မြှင့် တံခါးလူခေါ်ခေါင်းလောင်းခလုတ်တစ်ခုကိုအောင်မြင်စွာ တီထွင်နိုင်ခဲ့ကြောင်း AP သတင်းတွင်ဖော်ပြထားသည်။

Hello ဟုအမည်ပေးထားသည့် ယင်းလူခေါ်ခေါင်းလောင်း အချက်ပေးစနစ်သည် ကင်မရာကိုသာမက စပီကာကိုပါ ပူးတွဲတပ်ဆင်ထားပြီး မျက်နှာပြင်နှင့် အသံကို ကြိုတင်မှတ်တမ်းတင်ထားကာ တိုက်ဆိုင်ပြီးမှ တံခါးကို ဖွင့်ပေးနိုင်ကြောင်း ယင်းသတင်းကဆိုသည်။

ကင်မရာက လူခေါ်ခေါင်းလောင်းကို မတီးသော်လည်း တံခါးရှေ့တွင် လာရပ်နေလျှင် မသင်္ကာပါက ပုံကိုမှတ်တမ်းတင်ပြီး အိမ်အတွင်းကို အချက်ပေးစေရန်လည်း စီစဉ်ထားကြောင်း၊ တစ်စုံလျှင် ၃၄၉ ဒေါ်လာခန့်ဖြင့် ရောင်းချရန် စီစဉ်နေကြောင်း AP တွင်ရေးသားထားသည်။ ■

### ဆွစ်ဇာလန်နိုင်ငံတွင် သွေးလိုအပ်သည့်နေရာများကို ဒရုန်းယာဉ်များဖြင့်ပို့ဆောင်

ဆီလီကွန်တောင်ကြားနည်းပညာရပ်ဝန်းမှ Matternet ကုမ္ပဏီသည် ဆွစ်ဇာလန်နိုင်ငံအတွင်း ဆေးရုံများ၌ လိုအပ်နေသည့် သွေးများကို ဒရုန်းယာဉ်များဖြင့် ပို့ဆောင်ခြင်းအား စတင်စမ်းသပ်ဆောင်ရွက်နေပြီဖြစ်ကြောင်း Wired သတင်းတွင်ဖော်ပြထားသည်။

ယင်းကုမ္ပဏီကတီထွင်ထားသည့် ဒရုန်းယာဉ်များသည် ၄ ပေါင်အလေးချိန် ပမာဏကို ၁၂ မိုင်အတွင်း အရေးပေါ် အမြန်ဆုံးရောက်စေရန် ပို့ဆောင်ပေးနိုင်ကြောင်း ယင်းသတင်းကဆိုသည်။

လေကြောင်းတွင် အရေးပေါ်လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ ပစ္စည်းများ ပို့ဆောင်နိုင်ရေးအတွက် ဆွစ်နိုင်ငံ လေကြောင်း အာဏာပိုင်များထံမှ ခွင့်ပြုချက်လိုအပ်နေပြီး၊ ယခုနှစ်ကုန်ပိုင်းတွင် တရားဝင်ခွင့်ပြုချက်ဖြင့် ဆေးရုံများ နှင့်ချိတ်ဆက်ကာ သွေးပို့ဆောင်မှုများကိုဆောင်ရွက်သွားမည်ဟု Wired တွင်ရေးသားထားသည်။ ■

### ကမ္ဘာ့ PowerPoint လုပ်ဆောင်မှုပြိုင်ပွဲထိုင်းနိုင်ငံကျောင်းသား ပထမဆုရ

MOS World Championsip ပြိုင်ပွဲဟုခေါ်သည့် Microsoft ကုမ္ပဏီထုတ် ကမ္ဘာ့အသုံးအများဆုံး ဆော့ဖ်ဝဲဖြစ် သည့် Word/ Excel/ PowerPoint ပြိုင်ပွဲတွင် ထိုင်းနိုင်ငံ၊ ရန်းဆစ်နည်းပညာတက္ကသိုလ်မှ ဒုတိယနှစ်ကျောင်းသား ပက်တာရာပုံ တန်တီကိုဝစ်ကဆွတ်ခူးသွားကြောင်း Bangkok Post သတင်းတွင် ဖော်ပြထားသည်။

Microsoft ကုမ္ပဏီအနေနှင့် ကျင်းပသည့် ဆော့ဖ်ဝဲကျွမ်းကျင်မှုပြိုင်ပွဲတွင် ပက်တာရာပုံသည် တတိယမြောက် ထိုင်းနိုင်ငံမှ ဆုရရှိသူတစ်ဦးဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ပက်တာရာပုံသည် PowerPoint ဖြင့် အကောင်းဆုံး တီထွင်ဖန်တီးမှုများကို ဖော်ထုတ်ပြသနိုင်ခဲ့သူဖြစ်ကြောင်း၊ ၁၅ မိနစ်အတွင်း အကောင်းဆုံးလုပ်ဆောင်မှုကို ဖော်ထုတ်ပြသနိုင်သဖြင့် ပထမဆုရပြီး ဒေါ်လာ ၇၀၀၀ ပေးအပ်ချီးမြှင့်ခြင်း ခံရကြောင်း Bangkok Post တွင် ရေးသားထားသည်။ ■

### ဆော်ဒီအာရေးဗီးယားတွင် အင်တာနက်ဖုန်းခေါ်ဆိုမှု ပိတ်ထားသည်ကို ပြန်ဖွင့်ပေး

ဆော်ဒီအာရေးဗီးယားနိုင်ငံတွင် အင်တာနက်ဖုန်းခေါ်ဆိုနိုင်မှုများကို ပိတ်ပင်ထားခဲ့ရာမှ စီးပွားရေးဖွံ့ဖြိုးတိုးတက် စေရန် ပိုမိုလုပ်ဆောင်နိုင်ရေးအတွက် ပြန်ဖွင့်ပေးလိုက်ပြီဖြစ်ကြောင်း အစိုးရဌာနတာဝန်ရှိသူတစ်ဦးက ပြောကြားကြောင်း Retuers သတင်းတွင် ဖော်ပြထားသည်။

Microsoft မှ Skype နှင့် Facebook မှ WhatsApp များကို ဒေသစံတော်ချိန် ည ၉ နာရီအချိန်က စတင်ကာ အသုံးပြုခွင့်ရသွားကြောင်း၊ ရေနံဈေးနှုန်းများကျဆင်းနေပြီး စီးပွားရေးထိခိုက်နေမှုများအတွက် ပြန်လည်မြှင့်တင်ရန် လုပ်ဆောင်မှုတစ်ခုဖြစ်နိုင်ကြောင်း ယင်းသတင်းကဆိုသည်။

ဆော်ဒီအာရေးဗီးယားတွင် အင်တာနက်ဖုန်းများခေါ်ဆိုနိုင်မှုကို ၂၀၁၃ ခုနှစ်ကတည်းက တားမြစ်ပိတ်ပင်ခဲ့ပြီး အကြမ်းဖက်သမားများ ချိတ်ဆက်ကာ အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်မည်စိုးရိမ်သဖြင့် ပိတ်ပင်ခဲ့ရခြင်းဖြစ်ကြောင်း Reuters တွင်ရေးသားထားသည်။ ■

# လွှတ်တော်ကိုယ်စားလှယ် နုတ်ထွက်ရေး မုဒုံတွင် ဆန္ဒပြ

**မုဒုံ၊ စက်တင်ဘာ ၂၁**

မွန်ပြည်နယ် မုဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသိင်္ဂီမော် နုတ်ထွက်ပေးရေး မိုန်ဂနိမ်း ဒေသခံ ၁၀၀ ခန့်က စက်တင်ဘာလ ၂၁ ရက်နေ့ နံနက် ၈ နာရီခွဲတွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ကျေးရွာအုပ်ချုပ်ရေးမှူး တာဝန်မှ ရပ်စဲခံရသည့်ကိစ္စ၊ မြေယာကိစ္စနှင့် ချေးငွေကိစ္စများတွင် လူထုဘက်က မရပ်တည်သောကြောင့် ဆန္ဒပြကြခြင်းဖြစ်ကြောင်း ဆန္ဒပြသူများက ပြောသည်။

"အန်တီတို့ဖြစ်စေချင်တဲ့ ဆန္ဒက ကိုယ်စားလှယ်တစ်ယောက်သည် ပြည်သူလူထုက တင်ထားတဲ့အတွက် ပြည်သူ့မျက်နှာကို ကြည့်ရမယ်၊ အမှန်တရားဘက်ကို ရပ်တည်ရမယ်၊ အခုက ပြည်သူဘက်လဲ မကြည့်ဘူး၊ ပြည်သူဘက်မှာလည်း မရပ်တည်တဲ့အတွက် အန်တီတို့ ဆန္ဒထုတ်ဖော်တာဖြစ်တယ်"ဟု ဆန္ဒထုတ်ဖော်မှုတွင် ပါဝင်သည့် မိုန်ဂနိမ်းကျေးရွာသူ ဒေါ်သန်းအေးက ပြောသည်။

ဆန္ဒထုတ်ဖော်သူတို့သည် 'မိုန်ဂနိမ်းကျေးရွာ အုပ်ချုပ်ရေးမှူးဟောင်း ဦးအောင်ကိုအား တာဝန်မှ ရပ်စဲခြင်းကို ဖျက်သိမ်းပေးရေး တို့အရေး'၊ 'လွှတ်တော်တွင် မဟုတ်မမှန် စွပ်စွဲပြောဆို တင်ပြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသိင်္ဂီမော်အား အလိုမရှိ'၊ 'ဒေါ်မြသိင်္ဂီမော် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပေးရေးတို့အရေး' စသည့် ကြွေးကြော်သံများဖြင့် လှည့်လည်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

"အလုပ်လုပ်လို့ အပြောခံရတာ ကိစ္စမရှိပါဘူး၊ ကျွန်မ အပြောခံနိုင်ပါတယ်၊ ကျွန်မလုပ်လိုက်တဲ့ အလုပ်အတွက် အများအကျိုး ရှိမယ်ဆိုရင် ကျေနပ်ပါတယ်၊ အခုဖြစ်နေတဲ့ ကိစ္စက အနာနဲ့ဆေး လွဲနေပါတယ်၊ ဘာကြောင့်လဲဆိုရင် အုပ်ချုပ်ရေးမှူး ပြုတ်တယ်၊ သူ့ကို ကျွန်မအနေနဲ့ဖြုတ်လို့မရပါဘူး၊ အုပ်ချုပ်ရေးမှူးကို ဖြုတ်တဲ့သူတွေကို သူတို့က ဆန္ဒမပြဘဲနဲ့ ကျွန်မကို ဆန္ဒပြတယ်ဆိုတော့ သူတို့ တော်တော်လွဲနေတယ်လို့ပဲ မြင်ပါတယ်။ ဒါပေမဲ့ မသိလို့လုပ်တာဖြစ်တဲ့အတွက် လုပ်ပါစေ"ဟု လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသိင်္ဂီမော်က ပြောသည်။

ဆန္ဒထုတ်ဖော်သူများသည် မိုန်ဂနိမ်းကျေးရွာအတွင်း လှည့်လည်ဆန္ဒထုတ်ဖော်ခဲ့ကြပြီးနောက် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ညစျေးတန်းတွင်လည်း သွားရောက်ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။ ■ **Dawei Watch**

# တနင်္သာရီနှင့် ဒေသအချို့မိုးအားပိုမည်

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

အရှေ့ဘက်မှရွေ့လျားလာသည့် လေပွေလှိုင်းအရှိန်ကြောင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နောက်နှစ်ရက်အတွင်း မိုးအားပိုလာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက ပြောကြားသည်။

ယင်းလေပွေလှိုင်းအရှိန်ကြောင့် တနင်္သာရီတိုင်းဒေသကြီးတွင် မိုးအားပိုများနိုင်ပြီး နေရာကွက်၍ မိုးကြီးနိုင်ဖွယ်ရှိကြောင်း၊ ယင်းကြောင့် ရုတ်တရက် ရေကြီးရေလျှံခြင်းကို သတိပြုရန်လိုအပ်ကြောင်း ၎င်းက ပြောဆိုသည်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ခန့်မှန်းထားသည်။

ထို့ပြင် ချင်းတွင်းမြစ်အပါအဝင် မြစ်ကြီးများတွင် မြစ်ရေဆက်လက်တက်နေသည့်အတွက် မင်းကင်း၊ မုံရွာအစရှိသည့်မြို့အချို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ဖွယ်ရှိပြီး မြန်မာနိုင်ငံအောက်ပိုင်းဒေသများဖြစ်သည့် ဟင်္သာတနှင့် ဇလွန်မြို့တို့တွင် စိုးရိမ်ရေမှတ်ကိုကျော်လွန်ရောက်ရှိနိုင်ကြောင်း ဒေါက်တာကျော်မိုးဦးက ပြောကြားသည်။

"နောက်တစ်ရက်လောက်ထိတော့ မြစ်ရေဆက်တက်နိုင်သေးတယ်။ အပေါ်က ဆင်းလာတဲ့ရေက အများကြီး မဟုတ်ပေမယ့် ရေဝင်ရောက်မှု ရှိနိုင်တဲ့နေရာက လူတွေအနေနဲ့ ဘေးအန္တရာယ်မဖြစ်အောင် ကြိုတင်ပြင်ဆင်ထားသင့်တယ်" ဟု ၎င်းက အကြံပြုပြောဆိုသည်။ ■ **E-03**

# ဒီပဲယင်းတွင် ကျောင်းသားတစ်ရာကျော် အစာအဆိပ်သင့်

**ဒီပဲယင်း၊ စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ ဒိုင်နက်ကျေးရွာရှိ ဓမ္မစကူးဘုန်းတော်ကြီး စာသင်ကျောင်းတွင် စက်တင်ဘာလ ၂၀ ရက်နေ့က ကျောင်းသူ၊ ကျောင်းသားတစ်ရာကျော်သည် နံနက်စာအဖြစ်စားသော ခေါက်ဆွဲကြော်မှ အစာအဆိပ်သင့်ခဲ့ကြောင်း ဒီပဲယင်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံးထံမှ စုံစမ်းသိရှိရသည်။

အဆိုပါ ကျောင်းတွင် KG တန်းမှ သတ္တမတန်းအထိကျောင်းသား ၁၄၄ ဦး စာသင်ကြားနေရာ နံနက်စာအဖြစ် အလှူရှင်မှ လှူဒါန်းသည့် ဂေါ်ဖီ၊ ကြက်သားတို့ဖြင့်ကြော်သော ခေါက်ဆွဲကြော်ကို စားသုံးပြီးနောက် မွန်းလွဲ ၂ နာရီတွင် ကျောင်းသားများ အော့အန်ကာဝမ်းလျှောခဲ့၍ နီးစပ်ရာ ဆေးခန်းများသို့ပြသခဲ့ရကြောင်း ဒီပဲယင်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ ဒုဦးစီးမှူး ဦးသန်းထွန်းအောင်က ပြောကြားသည်။

"တစ်ကျောင်းလုံးအပြင် ချက်ပြုတ်တဲ့ကူညီသူတွေရော ၁၉၉ ယောက်ဖြစ်တယ်။ ရွာထဲဝေပြီးစားကြတာ။ အန်တာ ဝမ်းသွားတာတွေဖြစ်တယ်။ နို့တိုက်မိခင်ဆိုရင် ကလေးပါဖြစ်တယ်၊ ဂေါ်ဖီကပိုးသတ်ဆေးရေစင်အောင် မဆေးမိတာလို့ပြောသလိုကြက်သားကြောင့်လို့ပြောတာလည်း ရှိတယ်။ အားလုံးသက်သာပါတယ်" ဟု ၎င်းက ဆိုသည်။

ယင်းသို့အစာအဆိပ်သင့်ခဲ့သည့် ကျောင်းသားအများစုသည် သက်သာပျောက်ကင်းသည့်အတွက် ယင်းနေ့ညနေတွင် နေအိမ်သို့ပြန်နိုင်ခဲ့ပြီး ဒိုင်နက် ကျန်းမာရေးဌာနခွဲ မရကန်ကျန်းမာရေးဌာနတွင် ၂၅ ဦး၊ ရွေးဆေးရုံတွင်နှစ်ဦး တက်ရောက်ဆေးကုသမှုခံယူနေရာမှ စက်တင်ဘာလ ၂၁ ရက် နေ့လယ်တွင် ဆေးရုံမှ ဆင်းနိုင်ခဲ့ကြောင်း ၎င်းက ရှင်းပြသည်။ ■ **R-08**

## စာ - 15 "ပါကစ္စတန်၏ ဘင်္ဂါလီအရေး ကြောင်သူတော်မူဝါဒ" မှ အဆက်

သူ့ရည်ရွယ်ချက်စစ်စစ်မှာ သူရဲကောင်းကြီးဆိုသော ပုံရိပ်ဖြင့် ငွေရှာရေးသာဖြစ်သည်။ ဟူစိန်သည် သူ၏ ဘာသာရေးဟောပြောပွဲဆိုသော်လည်း ဆယ်လီဘရီတီရှိုးပွဲဆန်သော အစီအစဉ်ကို ရှရွှန်မာဆိရ်၏ မိဘများနှင့် တစ်သားတည်းရှိကြောင်းပြသရန်၊ ဆစ်(ပန်ချာပီ) လူမျိုးကလေးငယ်များ အဓိက တက်ရောက်သည့် ပုဂ္ဂလိကစာသင်ကျောင်း ရုတ်တရက်ပိတ်လိုက်ရမှုအပေါ် ပူပန်မိကြောင်း ပြောကြားရန်၊ လူနည်းစုလူမျိုးစုဝင် ဟာဇာရာ ရှီးယားမွတ်ဆလင်မိသားစုဝင် လေးဦး ပစ်မှတ်ထားသတ်ဖြတ်ခံရခြင်းတို့ကို ရှုတ်ချဝေဖန်ရန်တော့ အသုံးချဖွယ်မရှိပေ။ မဖြစ်စလောက်လူတချို့သာ အာရုံစိုက်သည့် ၎င်းတို့၏ အတိဒုက္ခကို ယခုမျှ အာရုံစိုက်ပြနေ၍ ဘာများထူးပါဦးမည်နည်း။

မြန်မာနိုင်ငံမှ ဖြစ်စဉ်အပေါ် ပါကစ္စတန်အစိုးရနှင့် နိုင်ငံသားများက နေ့စဉ်နှင့်အမျှ ပြင်းပြင်းထန်ထန်ကန့်ကွက်ဆန္ဒပြနေချိန်တွင်ပင် ပါကစ္စတန်နိုင်ငံ၌ အထက်ပါလူနည်းစုများကို ရက်စက်စွာပြုမူသော အဖြစ်ဆိုးများ ဖြစ်ပွားလျက်ရှိသည်။ တစ်ဖက်တွင်တော့ အမျက်မာန်ဟုန်ပြင်းပြနေသော်လည်း တစ်ဖက်တွင်တော့မသိသလိုလုပ်နေကြသည်။ အဝေးမှဖြစ်နေသည်များကို အမျက်ခြောင်းခြောင်း ထွက်ပြနေသော်လည်း ပြည်တွင်းမှ လူနည်းစုများ၏ အတိဒုက္ခကိုတော့ မျက်ကွယ်ပြုထားကြသည်။

နောက်ထပ်သူတော်ကောင်းယောင်ဆောင်သည့် ကိစ္စတစ်ရပ်လည်းရှိနေသေးသည်။

မြန်မာနိုင်ငံမှ အကျပ်အတည်းသည် ပါကစ္စတန်တွင်ရှိနေသည့် သူတို့ကိုယ်သူတို့ ရိုဟင်ဂျာဟုဆိုသော ဘင်္ဂါလီလူဦးရေ၏ ဆိုးရွားလှသော အတိဒုက္ခအပေါ်အာရုံစိုက်စရာလည်းဖြစ်လာခဲ့သည်။ ပါကစ္စတန်နိုင်ငံတွင် အာဏာရှင်အုပ်စိုးမှုကာလ၏ အစဟုဆိုနိုင်သော (၁၉၅၈ ပထမအကြိမ်) အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် နှစ်အနည်းငယ်အကြာ ၁၉၆၂ တွင် ခန့်မှန်းခြေ ၅ သိန်းခန့်ရှိသော ဘင်္ဂါလီမိသားစုများ ဆိပ်ကမ်းမြို့ ကရာချိတွင် စတင်ခြေချခဲ့ကြသည်။ ၁၉၈၀ ပြည့်နှစ်များတွင် ဗိုလ်ချုပ်ကြီး ဇိုင်ယာအာလ်ဟက်၏ စစ်အစိုးရက အာဖဂန်ဂျီဟတ်စစ်ပွဲတွင် ပါဝင်ရန်နှင့် ဘာသာရေး သင်တန်းများပေးရန် ထပ်မံလက်ခံပေးခဲ့မှုနှင့်အတူ ဘင်္ဂါလီဦးရေပိုမိုတိုးပွားလာခဲ့သည်။ ပါကစ္စတန်တွင် ဘင်္ဂါလီအမြောက်အမြားရှိနေခြင်းမှာ ၎င်းတို့ တည်ရှိမှုကို တရားဝင်အသိအမှတ်ပြုခြင်းမဟုတ်ပေ။ ပါကစ္စတန်မှ ဘင်္ဂါလီအများစုမှာ နိုင်ငံသားဖြစ်ခွင့်မရကြဘဲ အများစုမှာ စိစစ်ရေး ကတ်ပြားပင်မရှိကြပေ။ အစိုးရကျောင်းများ တက်ရောက်ခွင့်မရကြသလို၊ အစိုးရကပံ့ပိုးသော ကျန်းမာရေး စောင့်ရှောက်မှုလည်းမရပေ။ ဘဏ်စာရင်းဖွင့်သည့်ကိစ္စကဲ့သို့ နေ့စဉ်လူမှုကိစ္စများလည်း ဆောင်ရွက်ခွင့်မရပေ။ ယင်း၏ အကျိုးသက်ရောက်မှုကို ပါကစ္စတန် ကာရာချိမှ ဘင်္ဂါလီအများစု နေထိုင်ရာ ကျူးကျော်ရပ်ကွက်များတွင် မြင်တွေ့နိုင်ပြီး အခြေခံအဆောက်အဦ ကင်းမဲ့ချို့တဲ့မှု၏ ရလဒ်အဖြစ် ဘင်္ဂါလီများမှာ နုံချာစုတ်ပြတ်စွာ နေထိုင်ရလျက်ရှိသည်။ မကြာခဏ ရန်လိုမှုများနှင့်လည်း ရင်ဆိုင်နေရပြီး ကရာချိမှ ဘင်္ဂါလီများ စောဒကအတက်ဆုံးကိစ္စမှာ တရားဝင်အထောက်အထားမရှိမှုနှင့် နယ်မြေတွင် ဖြစ်ပွားသည့် ရာဇဝတ်မှုများအတွက် ပုံမှန်လိုလို ညှဉ်းပန်း နှိပ်စက်တရားခံရှာခံရခြင်းဖြစ်သည်။

ပါကစ္စတန်ကိုယ်တိုင်က ကျင့်သုံးရန် ဆန္ဒမရှိသော သဘောထားကြီးမှုမျိုး ဘင်္ဂါလီ မွတ်ဆလင်များအပေါ် မြန်မာနိုင်ငံက ထားရှိပေးရန် မည်သို့များ မျှော်လင့်နေပါသနည်းဆိုသော ရှေ့ဆုံးမှ မေးခွန်းကိုသာ ပြန်မေးရပေတော့မည်။ တကယ်တမ်းတွင်လည်း



i0.wp.comhewire.in

ပါကစ္စတန်သည် ၎င်းတို့၏ တရားဝင်ရှိမှုကိုလည်း ပါကစ္စတန်မှ မည်သူမျှ အသိအမှတ်ပြုကြမည်မဟုတ်ရာ ဤမေးခွန်းသည် တန်ဖိုးရှိချင်မှ ရှိပေလိမ့်မည်။ ပါကစ္စတန်သားအများစု၏ သဘောထားမှာ မြန်မာနိုင်ငံသားအများစု ဘင်္ဂါလီများအပေါ် ထားရှိသည့် သဘောထားနည်းတူသာဖြစ်သည်။ သို့သော်လည်း အစ္စလာမ်မီးရှူးတန်ဆောင် ဆိုသော အယူအဆဖြင့် ပေါ်ပေါက်လာသော ပါကစ္စတန်တွင် မွတ်ဆလင်တို့၏ အခွင့်အရေးနှင့် လိုအပ်ချက်များသည် အခြားအရာတို့ထက် အရေးကြီးသော ရပ်တည်ချက်တွင် လူနည်းစုအတွက် စာနာမှုမပါဟု ဖယ်ထုတ်လိုက်လျှင် ပိုမိုကျယ်ပြန့်သော မွတ်ဆလင်အားလုံးအတွက် ပါကစ္စတန်ဆိုသော ရပ်တည်ချက်မှာ စိုးရိမ်စရာဖြစ်လာပေသည်။ အဓိက အန္တရာယ်မှာ ယင်းသို့သော တွေးခေါ် စဉ်းစားပုံသာဖြစ်ပြီး ပါကစ္စတန်အနေနှင့် နေရာအနှံ့မှ ဖိနှိပ်ခံပြည်သူများ၏ အခွင့်အရေးအတွက် ရှေ့ဆောင်ရှေ့ရွက်ပြုနေသည်ဟု ဆိုချိန်တွင် ၎င်း၏ ယဉ်ကျေးမှုဓလေ့တွင်းမှ အစွန်းရောက်ဝါဒ ပေါက်ဖွားလာခြင်းကို ကောင်းစွာ အမှတ်ရသတိပြုရန်လိုအပ်မည်ဖြစ်ပေသည်။ ■

**မူရင်းစာရေးသူ အူစမန်အာမက်သည် ဗြိတိန်နိုင်ငံသား ဆောင်းပါးရှင်တစ်ဦးဖြစ်ပြီး လက်ရှိပါကစ္စတန်တွင် အခြေစိုက်၍ သတင်းဆောင်းပါးများ၊ ခါတ်ပုံများ အလွတ်တန်း ရေးသား၊ ရိုက်ကူးနေသူ ဖြစ်သည်။**

**Ref:The Diplomat, Pakistan's Rohingya Hypocrisy by Usman Ahmad**

# ဟိန္ဒူဘာသာရေးပွဲနှင့် ချိတ်ဆက်ကြော်ငြာသည့် ကွန်ဒုံးကြော်ငြာပိုစတာများကြောင့် အိန္ဒိယပြည်သူများ အမျက်ဒေါသထွက်

**ဒေလီ၊ စက်တင်ဘာ ၂၁**

အိန္ဒိယနိုင်ငံတွင် ကွန်ဒုံးများရောင်းချလျက်ရှိသည့် နာမည်ကျော်ကုမ္ပဏီတစ်ခုသည် ဟိန္ဒူဘာသာရေးပွဲတော်တစ်ခု မတိုင်မီ ဘာသာရေးကွန်ဆာဗေးတစ်အင်အားစုများ၏ ကန့်ကွက်ဆန္ဒပြမှုများကြောင့် ကွန်ဒုံးကြော်ငြာပိုစတာများနှင့် Billboard များကို အရေးတကြီး လိုက်လံဖြုတ်ချခဲ့ရကြောင်း BBC သတင်းဌာနက ရေးသားဖော်ပြသည်။

Manforce အမှတ်တံဆိပ် ကွန်ဒုံးသည် အိန္ဒိယတွင် နာမည်ကျော်ကြားမှုရရှိထားသော်လည်း အနောက်ပိုင်း ဂူဂျာရက်ပြည်နယ်တွင် ကျင်းပရန်ရှိသော နာဗရာထရီအမည်ရ ဟိန္ဒူဘာသာရေးပွဲတော်မတိုင်မီ ဆန္ဒပြမှုများပေါ်ပေါက်ခဲ့သောကြောင့် အဆိုပါကွန်ဒုံးကြော်ငြာများကို ကုမ္ပဏီက လိုက်လံဖြုတ်ချနေရသည်။

အဆိုပါကွန်ဒုံးကြော်ငြာအတွက် ဓာတ်ပုံများကို ယခင်အပြာဇာတ်ကားများတွင် သရုပ်ဆောင်ခဲ့ဖူးပြီး ယခုအခါ ဘောလိဝုဒ်သရုပ်ဆောင် မင်းသမီးတစ်ဦးဖြစ်သူ ဆန်နီလီယွန်နှင့် ရိုက်ကူးခဲ့သလို ၎င်းသည် Manforce အမှတ်တံဆိပ်၏ Brand Ambassador တစ်ဦးလည်းဖြစ်သည်။

ကြော်ငြာများတွင် ဆန်နီလီယွန်က "နာဗရာထရီပွဲမှာ ပျော်ပါ၊ ဒါပေမဲ့ အချစ်နဲ့ပျော်မှုဖြစ်မယ်" ဟူ၍ပြောဆိုထားပုံများပါရှိသည်ကို ကွန်ဆာဗေးတစ်များ အိန္ဒိယလူမျိုးများက မကျေမနပ်ဖြစ်ကာ ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

၎င်းတို့က အဆိုပါကြော်ငြာသည် သားဆက်ခြားလုပ်ငန်းတစ်ခု၏ နိမ့်ကျသော မားကက်တင်းလုပ်မှုတစ်ရပ်သာဖြစ်သည်ဟု စွပ်စွဲပြောဆိုသလို လူမှုကွန်ရက်များပေါ်တွင်လည်း ယုတ်ညံ့သည့်ကြော်ငြာအဖြစ် ဝေဖန်ပြောဆိုမှုများထွက်ပေါ်လာခဲ့သလို အိန္ဒိယကုန်သည်ကြီးများအဖွဲ့ချုပ် (CAIT) သည်ပင် ယင်းကြော်ငြာနှင့်ပတ်သက်၍ အစိုးရထံတိုင်တန်းခဲ့ပြီး ဖျက်သိမ်းပေးရန် တောင်းဆိုခဲ့သည်။

'ယင်းကြော်ငြာအစီအစဉ်သည် တာဝန်ယူမှုကင်းမဲ့ပြီး ရင့်ကျက်မှုမရှိသော လုပ်ရပ်ဖြင့် အရောင်းမြှင့်တင်ရေးလုပ်ဆောင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ယဉ်ကျေးမှုတန်ဖိုးများကို လောင်းကြေးထပ်ကာ အရောင်းမြှင့်တင်ခြင်းဖြစ်သည်" ဟု CAIT က စားသုံးသူများဆိုင်ရာဝန်ကြီးထံသို့ စာပေးပို့တိုင်တန်းခဲ့သည်။

CAIT ၏ အထွေထွေအတွင်းရေးမှူး ပရာဗင်ခန်ဒဲလ်ဝါက "နာဗရာထရီပွဲတော်ဟာ မိန်းမသားတွေရဲ့ ခွန်အားကို ဖော်ကျူးတဲ့ ဘာသာရေးပွဲတော်တစ်ခုပါ၊ အဲဒီလိုပွဲတော်ကို ကွန်ဒုံးကြော်ငြာနဲ့ချိတ်ဆက်တာဟာ လုံးဝကို လက်သင့်ခံစရာမရှိပါဘူး" ဟု ပြောကြားသည်။

အဆိုပါ ကြော်ငြာဆိုင်းဘုတ်များတွင် ကွန်ဒုံးဟူသည့် စကားလုံးကို အသုံးပြု ဖော်ပြထားခြင်း မရှိသော်လည်း နာဗရာထရီပွဲတော်တွင် လူငယ်များအား Manforce ကွန်ဒုံး အသုံးပြုရန် ရည်ရွယ်ချက်ရှိရှိ ဖော်ကျူးထားခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

■ F-01







ပြိုကျပျက်စီးသွားသည့် အဆောက်အအုံများအောက်တွင် ပိတ်မိနေသူများစွာရှိနေသေးသည်ဟု အာဏာပိုင်များက ယုံကြည်ထားသည်

# ပြိုကျသည့်အဆောက်အအုံများတွင် အသက်ရှင်လျက်ပိတ်မိနေသူများကို အပူတပြင်းရှာဖွေ၊ သေဆုံးသူပေါင်း ၂၃၀ ကျော်ထိရှိ

**မက္ကဆီကိုစီးတီး၊ စက်တင်ဘာ ၂၁**

မက္ကဆီကိုနိုင်ငံတွင် အင်အားပြင်းမြေငလျင်ကြီးလှုပ်ခတ်သွားပြီးနောက် ပြိုကျပျက်စီးသွားသော အဆောက်အအုံများအတွင်း အသက်ရှင်လျက်ပိတ်မိနေနိုင်သူများကို ကယ်ဆယ်ရေးအဖွဲ့များက အစွမ်းကုန် ရှာဖွေလျက်ရှိကြောင်း BBC သတင်းဌာနက ရေးသားဖော်ပြသည်။

မက္ကဆီကိုစီးတီးတွင် စာသင်ကျောင်းတစ်ကျောင်း ပြိုကျခဲ့ရာ ကျောင်းသား၊ ကျောင်းသူများသည် အပြိုအပျက်များအောက်၌ ပိတ်မိလျက်ရှိကြောင်း၊ အသက် ၁၃ နှစ်အရွယ် ကျောင်းသူတစ်ဦးမှာ စားပွဲခုံအောက်၌ ပုန်းခိုရာမှ ပိတ်မိနေသည်ဟု ယုံကြည်ရကြောင်း မက္ကဆီကိုအစိုးရအရာရှိများက ပြောကြားသည်။

ယင်းစာသင်ကျောင်းတစ်ခုတည်း ပြိုကျမှုတွင် ကလေးငယ် ၂၁ ဦးနှင့်အရွယ်ရောက်ပြီးသူ ၅ ဦး သေဆုံးခဲ့ရုံမျှမက အမြောက်အမြား ပျောက်ဆုံးလျက်ရှိသည်။ မက္ကဆီကိုစီးတီး၏ ပြိုကျခဲ့သည့်အဆောက်အအုံများစွာအနက် ယင်းစာသင်ကျောင်းလည်း ပါဝင်ပြီး အခြားနေရာများတွင်လည်း အလားတူပိတ်မိနေသူများရှိနေသည်ဟု ယုံကြည်ထားကြောင်း အာဏာပိုင်များက ဆိုသည်။

လက်ရှိအနေအထားတွင် မက္ကဆီကို ငလျင်ကြောင့် သေဆုံးသူစုစုပေါင်း ၂၃၀ ကျော်ရှိသွားပြီဖြစ်သည်ဟု သိရှိရကြောင်း ကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် အစိုးရအာဏာပိုင်များကဆိုသည်။

မက္ကဆီကိုသမ္မတ အင်နရစ်မီနာနီတိုက ငလျင်ကြောင့် ထိခိုက်သေဆုံးသူများအတွက် သုံးရက်တိတိ ပူဆွေးဝမ်းနည်းဖွယ်နေ့ရက်အဖြစ် သတ်မှတ်ကြောင်း ကြေညာသည်။

ငလျင်လှုပ်ခတ်ပြီးနောက် ဒုတိယမြောက်ညတွင် အဆိုပါ ပြိုကျပျက်စီးခဲ့သော စာသင်ကျောင်းကို အလေးပေးကာ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ကြသည်။

ယင်းစာသင်ကျောင်း အပြင်ဘက်တွင် ပျောက်ဆုံးနေသော ကျောင်းသား၊ ကျောင်းသူများ၏မိဘများမှာ စိုးရိမ်သောကကြီးစွာဖြင့် စောင့်မျှော်လျက်ရှိသည်။

အရပ်ဘက် ကယ်ဆယ်ရေးအဖွဲ့ဝင်တစ်ဦးက ကွန်ကရစ်တုံးများအောက်တွင် အသက်ရှင်လျက်ရှိနေသူများရှိနေသည်ကို အပူချိန်တိုင်းကိရိယာဖြင့် စမ်းသပ်တွေ့ရှိထားကြောင်း ပြောကြားသည်။

"သူတို့တွေ အသက်မသေဘဲရှိနေကြတယ်၊ ရှင်နေတုန်းပဲဗျ" ဟု ၎င်းက အော်ဟစ်ပြောဆိုသည်။

"အထဲကတစ်ယောက်ယောက်က နံရံကို အကြိမ်ပေါင်းများစွာထုနှက်နေတယ်။ တစ်နေရာတည်းကို ထုနှက်နေတာ၊ ဓာတ်မီးနဲ့အချက်ပြတာလည်းတွေ့တယ်" ဟု ၎င်းကပြောကြားသည်။

အသက် ၇ နှစ်အရွယ်သမီးငယ်ပျောက်ဆုံးနေသောကြောင့် စာသင်ကျောင်းအနီး စောင့်မျှော်နေသော မိခင်တစ်ဦးက "ကျွန်မအခုနာကျင်ခံစားနေရတဲ့ဝေဒနာကို ဘယ်သူကမှ သိနိုင်မှာမဟုတ်ပါဘူး" ဟု ဝမ်းနည်းငိုကြွေးရင်း ပြောကြားသည်။

Enrique Rebsamen ဟုအမည်ရသည့် ယင်းစာသင်ကျောင်းအနီးတွင် ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ စစ်သားများ၊ ဆရာဝန်များနှင့် ဆရာ၊ ဆရာမ အစရှိသည့် လူရာပေါင်းများစွာ ဝိုင်းရံစောင့်ဆိုင်းနေကြသည်။

■ F-01






ဘာစီလိုနာတွင် စပိန်ရဲကားများကို ဆန္ဒပြသူများက ဝိုင်းရံပိတ်ဆို့ထားစဉ်

# ကက်တလုံးနီးယားလွတ်လပ်ရေး လူထုဆန္ဒခံယူပွဲကျင်းပရေး လှုပ်ရှားသူခေါင်းဆောင်များကို စပိန်အစိုးရ ဆက်တိုက်ဖမ်းဆီး

**မက်ဒရစ်-ဘာစီလိုနာ၊ စက်တင်ဘာ ၂၁**

ကက်တလုံးနီးယားပြည်နယ် စပိန်နိုင်ငံအတွင်းမှ ခွဲထွက်နိုင်ရေးအတွက် ကျင်းပပြုလုပ်မည့် လွတ်လပ်ရေးလူထုဆန္ဒခံယူပွဲဖြစ်မြောက်အောင် အကောင်အထည်ဖော်လျက်ရှိသော ကက်တလုံးနီးယားအစိုးရအရာရှိများကို စပိန်အာဏာပိုင်များက လိုက်လံဖမ်းဆီးလျက်ရှိကြောင်း BBC သတင်းဌာနက ရေးသားဖော်ပြထားသည်။

စပိန်အာဏာပိုင်များသည် ကက်တလုံးနီးယားလွတ်လပ်ရေး လူထုဆန္ဒခံယူပွဲဖြစ်မြောက်အောင် ဦးဆောင်လုပ်ကိုင်လျက်ရှိသူ ကက်တလုံးနီးယားအစိုးရအရာရှိ ဒါဇင်ခန့်ကို ဖမ်းဆီးခဲ့သလို ကက်တလုံးနီးယားပြည်နယ်အစိုးရ ဝန်ကြီးဌာနရုံးများကိုလည်း ဝင်ရောက်စီးနင်းခဲ့ကြသည်။

ကက်တလုံးနီးယားပြည်နယ်အစိုးရ၏ ဒုတိယအုပ်ချုပ်ရေးမှူး မာရီယာဂျိုဗီနှင့် အခြားထိပ်တန်းအရာရှိများ ဖမ်းဆီးထိန်းသိမ်းခံလိုက်ရပြီးနောက် တင်းမာမှုများမှာ ပိုမိုမြင့်တက်သွားခဲ့သည်။

ကက်တလုံးနီးယားခေါင်းဆောင်များကမူ လူထုဆန္ဒခံယူပွဲဖျက်သိမ်းရန် စပိန်တရားရုံး၏အမိန့်ကို ဖီဆန်မည်ဟု ပြောဆိုထားသည်။

စပိန်အစိုးရ(မက်ဒရစ်)ကမူ အဆိုပါ လူထုဆန္ဒခံယူပွဲသည် တရားမဝင်သော နိုင်ငံရေး ဖြစ်စဉ်ဟု သတ်မှတ်ကာ ရှုတ်ချထားသည်။

စပိန်ဝန်ကြီးချုပ် မာရီယာနိုရာဂျွိုင်းက ကက်တလုံးနီးယားပြည်နယ်အနေနှင့် ယင်းအမိန့်အတိုင်း လိုက်ပါဆောင်ရွက်ပေးရန် ညွှန်ကြားထားကြောင်း ပြောကြားသည်။

ကက်တလုံးနီးယားခေါင်းဆောင်တစ်ဦးကမူ စပိန်အစိုးရကိုဆန္ဒပြရာတွင် ငြိမ်းချမ်းစွာပြုမူကြရန် တိုက်တွန်းသည်။

“အချိန်ကျလာပြီ၊ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ခုခံကြရအောင်။ ကျွန်တော်တို့ရဲ့အင်စတီကျူးရှင်းတွေကို ကာကွယ်ကြရအောင်” ဟု ကက်တလုံးနီးယားလွှတ်တော်ဥက္ကဋ္ဌ ဂျိုဒီဆန်းချက်ဇ်က Twitter တွင်ရေးသားဖော်ပြသည်။

ကက်တလုံးနီးယားခေါင်းဆောင်တစ်ဦးဖြစ်သူ အိုရီယိုယွန်ကီရာက စပိန်ရဲတပ်ဖွဲ့သည် ကက်တလုံးနီးယားအင်စတီကျူးရှင်းများသာမက ကက်တလန်လူမျိုးများကိုပါ တိုက်ခိုက်လျက်ရှိကြောင်း စွပ်စွဲပြောကြားသည်။

“အဲဒီလို တိုက်ခိုက်တာတွေကို ကျွန်တော်တို့ ခွင့်မပြုနိုင်ဘူး” ဟု ၎င်းက ပြောကြားသည်။

မက်ဒရစ်မြို့တွင်မူ ကက်တလုံးနီးယားခွဲထွက်ရေး လွှတ်တော်အမတ် ဂါဘရီယယ်ရူဖီယန်က စပိန်ဝန်ကြီးချုပ်အနေနှင့် ကက်တလုံးနီးယား အင်စတီကျူးရှင်းများကို ချုပ်ကိုင်ထားသည့် ၎င်း၏ ညစ်ပေသော လက်များကို ဖယ်ရှားသင့်ကြောင်း ပါလီမန်၌ ပြောကြားသည်။

■ F-01

# ရုရှားသည် အီရတ်ကာ့ဒ်များ၏ထိပ်တန်းရင်းနှီးမြှုပ်နှံသူဖြစ်၊ လွတ်လပ်ရေး ဆန္ဒခံယူပွဲနှင့်ပတ်သက်၍ နှုတ်ဆိတ်နေ

**ဘဂ္ဂဒက်၊ စက်တင်ဘာ ၂၁**

အီရတ်ကာ့ဒ်များ၏ လာမည့်အပတ် လွတ်လပ်ရေး ဆန္ဒခံယူပွဲနှင့် ပတ်သက်၍ နှုတ်ဆိတ်နေသော တစ်ခုတည်းသော အင်အားကြီးနိုင်ငံ ရုရှားသည် တစ်နှစ်အတွင်း ဒေါ်လာ ၄ ဘီလီယံ ကတိပြုခြင်းဖြင့် ကာဒစ်ရှ် ရေနံ၊ ဓာတ်ငွေ့သဘောတူစာချုပ်များ၏ထိပ်တန်း ရင်းနှီးမြှုပ်နှံသူဖြစ်သွားပြီဟု Reuters သတင်းတွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံအတွင်း ကိုယ်ပိုင်နယ်မြေ ထူထောင်ရေးကို နှစ်ပေါင်းများစွာ လှုပ်ရှားခဲ့ကြသော ကာ့ဒ်များက လွတ်လပ်ရေးကြေညာရန် ဆန္ဒခံယူပွဲကို စက်တင်ဘာလ ၂၅ ရက်တွင် ကျင်းပရန် စီစဉ်နေခြင်းအပေါ် ဝါရှင်တန်နှင့် ဥရောပနိုင်ငံများ၊ တူရကီနှင့် အီရန်စသောနိုင်ငံများက တညီတညွတ်တည်း ကန့်ကွက်ထားကြသည်။

မော်စကိုကမူ ထိုသို့ ကန့်ကွက်ခြင်းမပြုဘဲနှုတ်ဆိတ်နေခဲ့ပြီးနောက် ဆန္ဒခံယူပွဲကျင်းပရန် ရက်ပိုင်းအလိုတွင် ရုရှား ရို့စနက်ဖ် ရေနံကုမ္ပဏီကြီးက ကာဒစ်ရှ်သဘာဝ ဓာတ်ငွေ့လုပ်ငန်းတွင် နောက်ထပ် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်မှုကို ထုတ်ပြန်ကြေညာခဲ့သည်။

စာချုပ်ပမာဏကို တရားဝင် မထုတ်ပြန်သော်လည်း ဒေါ်လာတစ်ဘီလီယံ ကျော်မည်ဟု နီးစပ်သောသတင်းရင်းမြစ်များက ဆိုသည်။

ဖေဖော်ဝါရီလ နောက်ပိုင်း ကာဒစ်စတန်ဒေသ၌ ရို့စနက်ဖ်၏တတိယမြောက် အများဆုံး ရင်းနှီးမြှုပ်နှံမှုသည် ဒေသတွင်း အရေးမပါသောနေရာမှ ရုရှားအား အဓိက ငွေကြေးရင်းမြစ်အဖြစ် ပြောင်းလဲသွားစေသည်။

ရို့စနက်ဖ်သည် ဒီဇင်ဘာလတွင် ကာဒစ္စတန်ဒေသသို့ ဝင်ရောက်လာပြီး ဒေါ်လာ ၄ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ရာ ၎င်းဒေသအတွက် နိုင်ငံတကာကုမ္ပဏီများထံမှရရှိသော ဒေါ်လာ ၂ ဘီလီယံ၊ တူရကီထံမှ ရရှိသော ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ စုပေါင်းပမာဏထက် ကျော်လွန်သွားခဲ့သည်။

ထို့ပြင် ၁၉၉၁ ကတည်းက ဝါရှင်တန်နှင့်ဆက်ဆံရေး နီးစပ်ခဲ့သော ကာ့ဒ်များအတွက် အဓိကဦးစားပေး စဉ်းစားရာတွင် အကြီးစားပြောင်းလဲမှု ဖြစ်သွားစေခဲ့သည်။

“ဝါရှင်တန်က အီရတ်က ခွာနေတဲ့အချိန်မှာ မော်စကိုက အပီအပြင် နေရာဝင်ယူလိုက်တာပါ” ဟု ကာဒစ္စတန်မြို့တော်မှ သတင်းရင်းမြစ်များက ဆိုသည်။

မော်စကိုက အီရတ်၏ အချုပ်အခြာအာဏာကို ထောက်ခံသကဲ့သို့ ကာ့ဒ်များ၏ ဇာတိမြေ ရည်မှန်းချက်ကိုလည်း အသိအမှတ်ပြုသည်ဟု ပြောဆိုခဲ့သည်။ အရှေ့အလယ်ပိုင်းမှ ကာ့ဒ်လူဦးရေ ၃၅ သန်းသည် အီရတ်၊ အီရန်၊ တူရကီနှင့် ဆီးရီးယားတို့တွင် ပြန့်ကြဲနေထိုင်ကြသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ကာဒစ်ရှ် လွတ်လပ်ရေး ဆန္ဒခံယူပွဲအပေါ် ထင်မြင်ချက်မပေးဘဲ ရှောင်ရှားခဲ့သည်။

“ရုရှားရဲ့သဘောထားက ဆန္ဒခံယူပွဲရဲ့ရလဒ်ကို စောင့်ကြည့်နေတာပါ။ သူတို့က ကာဒစ်ရှ်တွေရဲ့အနေအထားကို နားလည်ပုံရပါတယ်”ဟု ကာဒစ္စတန် ဒေသန္တရအစိုးရ၏ ထိပ်တန်းအကြံပေး ဟိုရှီယာဇာဘာရီက ပြောကြားခဲ့သည်။

■ F-01




ရုရှားရေနံကုမ္ပဏီ၏အမှတ်တံဆိပ်

# ဂါဇာဒေသအပေါ် ပိတ်ဆို့မှုဖယ်ရှားပေးရန် ပါလက်စတိုင်းသမ္မတကို ဟားမတ်တောင်းဆို




ဂျာကာတာမြို့တော်တွင်ဖြစ်ပွားခဲ့သည့် ကွန်မြူနစ်ဆန့်ကျင်ရေးဆန္ဒပြပွဲ

**ရာဖတ်၊ စက်တင်ဘာ ၂၁**

ဂါဇာဒေသတွင်း ဖွဲ့စည်းထားသည့် (တရားဝင်ရပ်တည်ခြင်းမရှိသည့် ) အစိုးရအဖွဲ့ကို ဖျက်သိမ်းလိုက်ပြီဖြစ်ခြင်းကြောင့် အရေးယူပိတ်ဆို့မှု ဖယ်ရှားပေးရန် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်ကို ဟားမတ်အုပ်စုက တောင်းဆိုလိုက်ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

အနောက်တိုင်း ထောက်ပံ့မှုရရှိထားသည့် မာမွတ်အဘတ်၏ဖာတာအုပ်စုနှင့် အစ္စလာမ္မစ်ဟားမတ်စစ်သွေးကြွအုပ်စုကို အီဂျစ်က ကြားဝင်စေ့စပ်လိုက်ပြီးနောက်တွင် ဂါဇာဒေသကို အုပ်ချုပ်လျက်ရှိသည့် အုပ်ချုပ်ရေးကော်မတီ ဖျက်သိမ်းကာ သမ္မတ အာဘတ်၏အုပ်ချုပ်ရေးအဖွဲ့ထံသို့ လွှဲပြောင်းပေးရန် သဘောတူညီခဲ့သည်။

ဂါဇာဒေသကို ဟားမတ်အုပ်စိုးသည့် ဆယ်စုနှစ်တစ်ခုတာကာလတွင်း ဆင်းရဲမွဲတေမှု၊ အစ္စရေးနှင့် စစ်ပွဲသုံးပွဲတို့ကို ကြုံတွေ့ခဲ့ရပြီး လက်ရှိတွင် အဆိုပါဒေသအပေါ် အကူအညီပေးအပ်မည်ဟု သဘောတူညီချက်တွင် ဖော်ပြထားသည်။

သို့သော်လည်း သဘောတူညီချက်များကို လက်တွေ့အကောင်အထည်ဖော်မှုသည် ဟားမတ်နှင့်ဖာတာကြား အာဏာခွဲဝေရေးအပေါ် အဓိကမူတည်လျက်ရှိပြီး ယခင် ပေါင်းစည်းရေးကြိုးပမ်းမှုများ ပြိုလဲသည့် မှတ်လမ်းလည်းရှိနေသည်။

“ကျွန်တော်တို့တော့ လက်တွေ့အကောင်အထည်ဖော်နေပါပြီ။ ဂါဇာမှာ အုပ်ချုပ်ရေးကော်မတီတွေ မရှိတော့ပါဘူး။ အမျိုးသားသဘောတူ အစိုးရအဖွဲ့ကို ကြိုဆိုပါတယ်”ဟု ဟားမတ်အစိုးရအရာရှိ အစ်စမေက ပြောကြားသွားသည်။

ဂါဇာဒေသအပေါ် ဟားမတ်တို့ ထိန်းချုပ်ထားခြင်းကို ဖိအားပေးရန် ရည်ရွယ်ချက်ဖြင့် ဂါဇာသို့အစ္စရေး လျှပ်စစ်ဓာတ်အား ထောက်ပံ့နေမှု ကုန်ကျစရိတ်ကို ပါလက်စတိုင်းသမ္မတ အဘတ်က ဇွန်လမှ စတင်ပြီး ငွေချေခြင်းမရှိတော့ပေ။

■ F-05

## မှုခင်းသတင်းတိုများ

■ ရန်ကင်းမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ ကံဘဲ့ဘူတာတွင် စက်တင်ဘာလ ၂၀ ရက် နေ့လယ်ပိုင်းက လောင်းက စား သတင်းအရ အသက် ၄၄ နှစ်အရွယ် အမျိုးသားတစ်ဦးကို ရှာဖွေစစ်ဆေးရာ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသောစာရွက်စာတမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းမိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က)ဖြင့် အမှုဖွင့်ထားသည်။

■ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ ရန်ပြေ(၁၄)လမ်းရှိနေအိမ် တစ်လုံးတွင် စက်တင်ဘာလ ၁၁ နာရီ ၁၅ မိနစ်ခန့်က နေအိမ်ဧည့်ခန်း အုတ်နံရံတွင်တပ်ဆင်ထားသော မီးခလုတ်မိန်းခုံ(ဘရေကာ)အပူလွန်ကဲရာမှ စတင်မီးလောင်ခဲ့ရာ မီးငြိမ်းသတ်ယာဉ် ၅ စီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရသဖြင့် မီးပေါ့ဆသုံးစွဲသူကို ယင်းမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်ထားသည်။

■ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ စစ်ကိုင်းလမ်းပေါ်တွင် စက်တင်ဘာလ ၂၀ ရက် နေ့လယ်ပိုင်းက လောင်းကစားသတင်းအရ နီနက်ရောင်ဆိုင်ကယ်တစ်စီးကို ရပ်တန့်စစ်ဆေးရာ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသော စာရွက်စာတမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသက် ၃၃ နှစ်အရွယ် အမျိုးသားတစ်ဦးကို ဖမ်းမိခဲ့သဖြင့်သောင်ကြီးနယ်မြေရဲစခန်းက လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က)ဖြင့် အမှုဖွင့်ထားသည်။

■ မင်္ဂလာဒုံမြို့နယ်၊ အောင်မင်္ဂလာအဝေးပြေးဝင်း၊ စားသောက်ဆိုင်တိုက်ခန်း အပေါ်ထပ်တွင် စက်တင်ဘာလ ၂၀ ရက် နံနက် ၉ နာရီခန့်က အသက် ၃၂ နှစ်အရွယ် ယင်းဆိုင်နေဂျာအမျိုးသားတစ်ဦး ပြင်ပဒဏ်ရာမတွေ့ရဘဲ ရုတ်တရက် သေဆုံးနေသည်ကိုတွေ့ရသဖြင့် ရုပ်အလောင်းကို မြောက်ဥက္ကလာပ ဆေးရုံကြီးသို့ပို့ဆောင်ကာ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် သိရှိနိုင်ရန် ယင်းမြို့မရဲစခန်းက သေမှုသေခင်းဖွင့်စစ်ဆေးနေသည်။

■ တိုက်ကြီးမြို့နယ်၊ အင်းယက်ကြီးကျေးရွာ၊ ရန်ကုန်-ပြည် ကားလမ်း၊ မိုင်တိုင်အမှတ်(၄၄)အနီးတွင် စက်တင်ဘာ လ ၂၀ ရက် နေ့လယ် ၁၁ နာရီခွဲခန့်က YBS အမှတ်(၉၁) ခရီးသည်တင်ယာဉ်တစ်စီး ဝါယာရှော့ခ်ဖြစ်မီးလောင်ခဲ့ရာ ယာဉ်၏ရှေ့လေကာမှန်၊ ဆိုဖာခုံ ၁၀ လုံးနှင့် လေးတံခါးများ မီးလောင်ဆုံးရှုံးခဲ့သဖြင့် အသက် ၅၅ နှစ်အ ရွယ် ယာဉ်မောင်းအမျိုးသားကို ယင်းမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်ထားသည်။ **J 16**

The VOICE Daily CARTOON



## ငွေကျပ်သိန်းထောင်ချီ လိမ်လည်မှုဖြင့် မော်တော်ယာဉ်ရောင်းဝယ်ရေးကုမ္ပဏီကို အမှုဖွင့်

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

ရောဝတီဘဏ်က Best Auto Co., Ltd. မော်တော်ယာဉ်ရောင်းဝယ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာနှင့် မန်နေဂျာတို့ကို ယုံကြည်အပ်နှံရေး ဖောက်ဖျက်ကာ ငွေ ကျပ်သိန်းထောင်ချီ လိမ်လည်မှုဖြင့် စက်တင်ဘာလ ၂၀ ရက် ညနေ ၅ နာရီခွဲခန့်တွင် ပိတောက်ချောင်းနယ်မြေရဲစခန်း၌ အမှုဖွင့်တိုင်ကြားထားကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ သိရသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရွှေမြယာအိမ်ရာ၊ မြယာကုန်းလမ်းရှိ တိုက်(A/B/C)၊ အခန်း(၇/၈/၉) တွင် ဖွင့်လှစ်ထားသည့် Best Auto Co., Ltd. မော်တော်ယာဉ်ရောင်းဝယ်ရေးကုမ္ပဏီသည် ရောဝတီဘဏ်နှင့်ချိတ်ဆက်၍ (Hire Purchase) စနစ်ဖြင့် မော်တော်ယာဉ် ၁၀၆ စီးကို ရောင်းချရာ မော်တော်ယာဉ် ၃၆ စီးကို ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ၊ မိသားစု၊ ဆွေမျိုးသားချင်းများ၏အမည်များကို အရစ်ကျဝယ်ယူသူများဖြစ်သည်ဟု လိမ်လည်ဖော်ပြကာ ငွေကျပ်သိန်း ၅၇၀၀ ကို လိမ်လည်သွားကြောင်း အမှုဖွင့်တိုင်တန်းချက်အရ ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

"ဖြစ်တာက လှိုင်မှာ ဖြစ်တာမို့ အဲဒီမှာ အမှုဖွင့်တာ၊ လိမ်လည်မှုရဲ့သဘောက ပြုလုပ်တဲ့နေရာမှာ အမှုဖွင့်ရတယ်၊ အဓိကကတော့ စာချုပ်စာတမ်းလုပ်နေရာပေါ့၊ ရောဝတီဘဏ်ရုံးချုပ်က လှိုင်ပိတောက်ချောင်းအပိုင်နယ်ထဲမှာ ရှိတော့ အဲဒီမှာဖွင့်တာပါ" ဟု ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

လိမ်လည်သွားသူများမှာ Best Auto Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော်နိုင်နှင့် မန်နေဂျာဒေါ်ဝတ်ရည်ဖြိုးတို့ဖြစ်ပြီး လာရောက်ရှင်းလင်းရန် ဘဏ်မှခေါ်ယူခဲ့သော်လည်း ငွေစာရင်းများ ရှင်းလင်းရန် ကျန်ရှိနေသည်ဟုဆိုကာ ခေတ္တစောင့်ဆိုင်းရန်ပြောဆိုခဲ့ကြောင်း၊ ထိုသို့စောင့်ဆိုင်းပေးနေစဉ် လာရောက်ရှင်းလင်းခြင်းမရှိဘဲ ကုမ္ပဏီကို ဖျက်သိမ်းကာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် အမှုဖွင့်တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လိမ်လည်သွားသူနှစ်ဦးကို အရေးယူပေးရန် ရောဝတီဘဏ်၊ ချေးငွေဌာန အထွေထွေမန်နေဂျာ ဦးမောင်မောင်ဦးက အမှုဖွင့်တိုင်ကြားခဲ့သဖြင့် ပိတောက်ချောင်းနယ်မြေရဲစခန်းက (ပ) ၅၄၂/၁၇၊ ရာဇသတ်ကြီး ပုဒ်မ ၄၀၉ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ သိရသည်။

■ **J 16**

## စမ်းချောင်းမှ ဓာတ်လှေကားထဲ ပိတ်မိနေသူ နှစ်ဦးကို ကယ်ဆယ်

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(မြောက်) ရပ်ကွက်၊ သပြေလမ်းတွင် စက်တင်ဘာလ ၂၁ ရက် နံနက် ၉ နာရီဝန်းကျင်က အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်တစ်ဦး ဓာတ်လှေကားအတွင်း ပိတ်မိနေသောကြောင့် မီးသတ်တပ်ဖွဲ့မှ အချိန်မီ ကယ်ထုတ်ပေးခဲ့ရသည်။

သပြေလမ်းရှိ ခုနစ်ထပ်အဆောက်အအုံတွင် တပ်ဆင်ထားသော ဓာတ်လှေကားအား စီးနင်းလိုက်ပါလာသည့် အမျိုးသမီးနှင့်ကလေးငယ်တို့မှာ သုံးလွှာအရောက်တွင် မီးပျက်သွားသဖြင့် ဓာတ်လှေကားအတွင်း ပိတ်မိနေကြောင်း ရပ်ကွက်နေသူများက မီးသတ်တပ်ဖွဲ့ထံသို့ ဖုန်းဆက်အကြောင်းကြားခဲ့ခြင်းဖြစ်သည်။

"ဒီမနက် ၉ နာရီကနေ နေ့ခင်း ၁ နာရီအထိ လျှပ်စစ်မီးတွေ ပျက်မယ်လို့ ညက ရပ်ကွက်ထဲ လိုက်ကြေညာထားတာ။ သူတို့က ဒါကိုသတိမထားမိဘဲ ဓာတ်လှေကား အသုံးပြုမိချိန်နဲ့ မီးပျက်တဲ့အချိန် တိုက်ဆိုင်ပြီး အထဲမှာ ပိတ်မိနေတာ။ အထဲမှာ မိနစ် ၂၀ လောက် ပိတ်မိနေတော့ အနည်းငယ် မူးတာတော့ ရှိတာပေါ့။ အချိန်မီ ကယ်ထုတ်ပေးနိုင်ခဲ့ပါတယ်" ဟု မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးက ရှင်းပြသည်။



ဓာတ်ပုံ — မီးသတ်တပ်ဖွဲ့

အဆိုပါ ဓာတ်လှေကားအတွင်း ပိတ်မိနေသူ နှစ်ဦးကို စမ်းချောင်းမြို့နယ် မီးသတ်ဦးစီးမှူး၊ သန္ဓေမီးသတ် တပ်ဖွဲ့ဝင် ခုနစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် လေးဦးနှင့် မီးသတ်စခန်းမှ ဝမ်းနိုင်းဝမ်း အသက်ကယ်ဆယ်ရေး ယာဉ်တစ်စီးတို့ဖြင့် ကူညီဆောင်ရွက်ပေးခဲ့သည်။

ဩဂုတ်လ ၂၆ ရက်နေ့က တောင်ဥက္ကလာပမြို့နယ်ရှိ အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် ဓာတ်လှေကားထဲ၌အမျိုးသားကိုးဦး ပိတ်မိနေသောကြောင့် အရှေ့ပိုင်းခရိုင် မီးသတ်တပ်ဖွဲ့က ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရကြောင်း မီးသတ်တပ်ဖွဲ့ထံမှ သိရသည်။

■ **S-03**

## ဂိုးဒင်းစတားအလှကုန်ပစ္စည်းဖြန့်ချိရေးရုံးခန်းတွင် အားသွင်းထားသည့် ဖုန်းငါးလုံးခိုးယူခံရ

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

လှိုင်သာယာမြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ ရွှေဥဒေါင်းလမ်းရှိ ဂိုးဒင်းစတားအလှကုန်ပစ္စည်းဖြန့်ချိရေးကုမ္ပဏီရုံးခန်းတွင် စက်တင်ဘာလ ၂၀ ရက် နံနက်ပိုင်းက ဖုန်းအားသွင်းထားသည့် လက်ကိုင်ဖုန်း ၅ လုံး ခိုးယူခံခဲ့ရကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ သိရသည်။

ခိုးယူခံရသည့်ဖုန်း(၅)လုံးမှာ 818 အမျိုးအစား အဖြူရောင် တက်ဘလက်ဖုန်းတစ်လုံး၊ Huawei Y 62 အမျိုးအစားခဲရောင် ဖုန်းတစ်လုံး၊ Huawei 730 အမျိုးအစား အဖြူရောင်ဖုန်းတစ်လုံး၊ Oppo အမျိုးအစား အဖြူရောင်ဖုန်းတစ်လုံးနှင့် Vivo Y 15 အမျိုးအစား အနက်ရောင်ဖုန်းတစ်လုံးတို့ဖြစ်ပြီး စုစုပေါင်းတန်ဖိုးအားဖြင့် ၁၂ သိန်းခန့်ရှိကြောင်း အမှုဖွင့်တိုင်ကြားချက်အရ ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

"ဝန်ထမ်းတွေရဲ့ဖုန်းတွေပါ၊ ည ၁၁ နာရီခွဲလောက်မှာ ဖုန်းတွေအားသွင်းပြီး အိပ်ကြတာ၊ အိပ်ပျော်လို့ မနက်မိုးလင်း ထကြည့်တော့ ဖုန်းတွေပျောက်နေတာနဲ့ မန်နေဂျာကို ဖုန်းဆက်အကြောင်းကြားခဲ့တာ၊ အခုရဲစခန်းမှာ အမှုဖွင့်တဲ့သူက မန်နေဂျာကနေ အမှုဖွင့်ခဲ့တာပါ၊ ခိုးယူသွားတဲ့သူကို ဖော်ထုတ်နိုင်ဖို့ လိုက်လံစုံစမ်းနေပါတယ်" ဟု လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

အလားတူ လှိုင်မြို့နယ်၊ အမှတ်(၄) ရပ်ကွက်၊ စကားဝါလမ်းနေအိမ်တစ်လုံးအတွင်းမှ စိန်လက်စွပ်များအပါအဝင် သိန်းနှစ်ရာကျော်တန်ဖိုးရှိ ပစ္စည်းများကို ခိုးယူသွားသည်ဟုဆိုသော အသက် ၂၁ နှစ်အရွယ် အမျိုးသားနှင့် ၂၂ နှစ်အရွယ် အမျိုးသမီးနှစ်ဦးကို အမှုဖွင့်အရေးယူပေးရန် အသက် ၄၇ နှစ်အရွယ် အိမ်ရှင်အမျိုးသမီးက ပိတောက်ချောင်းနယ်မြေရဲစခန်း၌ စက်တင်ဘာလ ၂၀ ရက်နေ့မွန်းလွဲပိုင်းက အမှုဖွင့်တိုင်ကြားခဲ့သည်။ ■

# အတိုင်ပင်ခံပုဂ္ဂိုလ်၏မိန့်ခွန်း LED ဘုတ်တွင် ပြသစဉ် မီးပြတ်မှု အရေးယူမည်

**ပုသိမ်၊ စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကမ်းနားလမ်း မြို့တော်ခန်းမရှေ့ရှိ LED ဘုတ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ခွန်း ပြသစဉ် လျှပ်စစ်မီး ပြတ်တောက်ခဲ့မှုနှင့် ပတ်သက်၍ တာဝန်ရှိသူများကို အရေးယူနိုင်ရေးအတွက် စုံစမ်းစစ်ဆေးနေကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှသိရသည်။

“ဒီကိစ္စကို တိုင်းလျှပ်စစ်က စစ်ဆေးနေပါပြီ၊ ဒီဓာတ်အားလိုင်းကို ညွှန်ကြားချက်မရှိဘဲနဲ့ ဘာလို့ပိတ်တာလဲ ပေ့ါ၊ မီးလိုင်းပိတ်ရင် ဘယ်လိုပိတ်ရမယ်ဆိုတဲ့ ညွှန်ကြားချက်တွေ ရှိပါတယ်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနဲ့ အရေးယူဆောင်ရွက်ဖို့ကို စစ်ဆေးမှုတွေ စတင်နေပါပြီ” ဟု တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေး ကပြောကြားသည်။

ဖြစ်ပွားခဲ့သော စက်တင်ဘာ ၁၉ရက် ညနေပိုင်းက လူကိုယ်တိုင်နှင့် စာကိုပါ တာဝန်ရှိသူများ လာရောက်ရှင်းပြခဲ့ကြောင်း၊ မြို့တော်ခန်းမရှေ့က LED ဘုတ်နှင့် ဓာတ်အားလိုင်း တစ်လိုင်းတည်းရှိနေသည့် လိုင်းပေါ်တွင် ထရန်စဖော်မာတစ်လုံး တပ်ဆင်ရန်အတွက် မလွတ်သော သစ်ပင်များကို ခုတ်ခြင်း ၊ ကြိုးဆိုင်းကာ ခုတ်သော်လည်း ဝိတ်မနိုင်သဖြင့် ဓာတ်ကြိုးများ ထိကုန်ကာ မီးလိုင်းကို ဖြတ်ချခြင်းဖြစ်ကြောင်း၊ မီးလိုင်းကို ပြန်တင်ပေးသော်လည်း ၁၀မိနစ်ခန့်ကြာသွားကြောင်း ၎င်းထံမှ သိရသည်။

“သူ့ (ပုသိမ်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ) မှာက ဒီလို ဖြစ်သွားပါစေဆိုတဲ့ စိတ်ဆန္ဒမပါကြောင်း တွေ့ရပါတယ်၊ ရည်ရွယ်ချက်မရှိဘဲ ဆောင်ရွက်ခဲ့တယ်လို့လည်း ပြောပါတယ်၊ သူဘာကြောင့်ဒီလို မီးဖြတ်လိုက်တာလဲ၊ ဌာနဆိုင်ရာ စစ်ဆေးမှုတွေ ဆောင်ရွက်နေပါတယ်၊ တကယ်ကို အရေးကြီးနေတဲ့အချိန်၊ တစ်တိုင်းပြည်လုံးက အလေးထားနေရတဲ့ အချိန်၊ အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ခွန်းပြောနေတဲ့ အချိန်၊ ဒီအချိန်မှာဖြစ်တယ် ဆိုတာတော့ မဖြစ်သင့်တဲ့ အချိန် ဖြစ်ပါတယ်”ဟု ၎င်းက ဆက်လက် ပြောဆိုသည်။

မြို့တော်ခန်းမရှေ့တွင် LED ဘုတ်ဖြင့် မိန့်ခွန်းပြသနေသည်ကို မသိရှိကြောင်း၊ ပုသိမ်မြို့နယ် စည်ပင်ကော်မတီက အကြောင်းမကြားထားသဖြင့် သစ်ပင်ခုတ်ရန်အတွက် လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ဖြစ်ပွားရခြင်းမှာ မည်သည့်ရည်ရွယ်ချက်မှ မရှိပါကြောင်း ပုသိမ်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးတင်အောင်မိုးက ရှင်းပြသည်။

စက်တင်ဘာ ၁၉ ရက်နေ့က ပုသိမ်မြို့ကမ်းနားလမ်း မြို့တော်ခန်းမရှေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းကို LED ဘုတ်ဖြင့် ထုတ်လွှင့် ပြသခဲ့ကြောင်း၊ မြို့တော် ခန်းမ၏ အရှေ့ဘက်ပေ ၁၅၀၀ ခန့်အကွာ ထွေ/အုပ်ဦးစီးအိမ်ရာတွင် ထရန်စဖော်မာ တပ်ဆင်ရန်အတွက် မဲဇလီပင်ကြီးကို အောက်ခြေမှ ခုတ်ဖြတ်လှဲခဲ့ကြောင်း၊ သစ်ပင်လဲချိန်တွင် မီးကြိုးများပါ ပြုတ်ကျကုန်သဖြင့် လျှပ်စစ်မီးပြတ်ကာ LED ဘုတ်လည်း မိန့်ခွန်းမလာတော့ကြောင်း ဒေသခံများထံမှ သိရသည်။

ယင်းမိန့်ခွန်းထုတ်လွှင့်မှုကို တိုင်းအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပုသိမ်ဒေသခံ အပါအဝင် လူ ၃၀၀၀ကျော် လာရောက်နားထောင်ခဲ့ကြောင်း ၎င်းတို့ထံမှ သိရသည်။ ■ R-11

The VOICE Daily CARTOON




အခမဲ့ ကြော်ငြာကဏ္ဍ Classifieds

| | | | | | |
|---|---|---|---|---|---|
| Yoon Kein Nari Travel & Tours Co.,Ltd No.30(A), 1st Floor, 3 Street Zay Yar Thiri Qtr, Dawbon Tsp. Ph:09-444438012,09-450128884 | Landscaping & Service Ph: 09-788221368 | Doctor Air Air conditioner install & Service Ph:09-450049598,09-250001757 | Ph:09-5036502 | | Perfect Jewels Diamond & Fine Jewelary Ko Tharr & Ma Thandar No.993(A), Aie Dar (11) Street North Okkalapa, Yangon |
| Ph:09-421104982,09-30204817 | (24-Hours) Ko Kyaw Kyaw Lin | Forever Online Shop Wholesale & Retail Ph:09-250664595,09-770823442 09-781171853, Viber- 09-974962377 | AK Thaelay Online Shopping No.502, Thein Phyu Street, Mingalar Taung Nyut | Chan Myae Phyu Sin (Dental Clinic) Ph:09-256193500 | Super Girl Online Shopping Ph:09-250508477 |
| Ph:09-5020583,09-8503102 | Ph:09-73025603,09-73076625 | MK (mobile) Phone Accessories Soft ware Hardware Services Ph:09-42005991 | (LED, TV) | No.122, 25th Street, Upper Middle Block, PBDN Ph:09-771170858,01-352537 | |
| Fashion Store | U-PVC | ROYAL STAR RAZOR BLADE WIRE GENERAL TRADING Co.,Ltd Room-4, Near Kan Tha Yar Bus Stand,Thudamar Rd, North Oakalapa Ph:09-5054189,09-451104612 | Ko Myo Kyaw & Brothers Copier Sales and Services No.330,Thudamar main Rd, E-Block North Okkalapa Ph:09-450066410,09-974976195 | LUCKY SEVEN Wheels Alignment,Suspension Repairing Hydrulic press | BRIGHT STAR Eduction Centre |
| Noe (Online Shopping) Ph:09-5160176 | Kyaw Gyi (Air Con Washing Sale & Service) Ph:09-976551557,09-791629657 | SWEET Home Ph: 09-5006928 | Ph:09-78500688 | | |

# မိုးပျံလမ်း ဖောက်လုပ်မည်မှာ မဟုတ်မှန်ဟု ရောဝတီတိုင်းအစိုးရရှင်း

**ပုသိမ်၊ စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးပျံလမ်းများ ဖောက်လုပ်မည်ဆိုခြင်းမှာ မဟုတ်မှန်ဘဲ Elevated Road ပုံစံ ဖောက်လုပ်မည်သာ ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးက ပြောကြားသည်။

လမ်းဖောက်လုပ်ရာတွင် လယ်ယာမြေများ၊ ရေနစ်မြုပ် ရေနက်ကွင်းများ၊ လျှိုချောက်များရှိနေပါက မြေပြင်အနေအထားအတိုင်း လမ်းဖောက်ခြင်းမဟုတ်ဘဲ ကွန်ကရစ်တိုင်ဖြင့် လမ်းကိုမြှင့်တင်ကာ ဖောက်လုပ်သည့် လမ်းအမျိုးအစား(Elevated Road ဟုခေါ်ဆိုကြောင်း) သာဖြစ်ကြောင်း ဝန်ကြီးက စက်တင်ဘာလ ၂၀ရက် သတင်းစာရှင်းလင်းစဉ် ပြောဆိုခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး အတွင်း ချောင်းသာ-ပုသိမ်-ရန်ကုန်လမ်း၊ ငွေဆောင်-ပုသိမ်-ရန်ကုန်လမ်း၊ မော်တင်-ပုသိမ်-ရန်ကုန်နှင့် ဒေသတွင်း လမ်းအချို့သည် ဖြောင့်တန်းခြင်းမရှိဘဲ ကွေ့ကောက်နေ၍ အချိန် ကြန့်ကြာမှုများရှိနေသဖြင့် ခရီးအကွာအဝေးနှင့် အချိန်လျှော့ချနိုင်ရန် ဖြစ်ကြောင်း လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးက ပြောကြားသည်။

လမ်းများကို အဖြောင့်အတိုင်း ဖောက်လုပ်ပါက အချိန်ကြန့်ကြာမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး လက်ရှိ ဧရာဝတီတိုင်းဒေသကြီး၏ ပထဝီဝင် အနေအထားသည် လျှိုမြောင်ချောက်များ၊ ရေနက်ကွင်းများ၊ လယ်ယာမြေများရှိနေသဖြင့် Elevated Road ပုံစံ ဖောက်လုပ်ရေးလုပ်ငန်း လုပ်ဆောင်ရန် တင်ပြသည့်ကုမ္ပဏီများကို အကြံပြုခြင်းသာဖြစ်ကြောင်း ၎င်းက ဆိုသည်။

"မိုးပျံလမ်းဆိုတာ အမှတ်မှား ပြောဆိုကြတာပါ၊ ဥပမာပေးပြီး ရှင်းပြရရင် လမ်းဖောက်ရာမှာ ခုနကပြောတဲ့ ချောက်တွေပြီဆိုရင် လမ်းကို ချောက်ထဲအတိုင်း ဆင်းချပြီး ဖောက်တာမျိုးမလုပ်တော့ဘဲ တိုင်နဲ့လမ်းကို မြှင့်တင်တည်ဆောက်တဲ့ နည်းပါ။ Elevated Road ပုံစံဆိုရင် လယ်ယာမြေတွေ ဖြတ်သန်း ဖောက်ရင်လည်း လယ်ယာမြေတွေ မပျက်စီးတော့ဘူး။ မြေပြင်အထက် ၃ပေပဲ မြင့်မြင့်၊ ၁၀ ပေပဲမြင့်မြင့် ဘယ်လောက်မြင့်မြင့် Elevated Road လို့ခေါ်ပါတယ်" ဟု ဝန်ကြီးဦးဝင်းဌေးက ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် မိုးပျံလမ်းများ Elevated Road ဖောက်လုပ်မည်ဟု ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီက ၂၀၁၆ခုနှစ် နှစ်ကုန်ပိုင်းလောက်တွင် ဟင်္သာတခရိုင်မှ ပြည်သူများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ယင်းလုပ်ငန်းအတွက် Myanmar Construction & Development Public(MCD) ကုမ္ပဏီဘုတ်အဖွဲ့ အတွင်းရေးမှူး ဦးရဲလင်းက ချောင်းသာ-ရန်ကုန် မိုးပျံလမ်း Elevated Road အမျိုးအစား ဖောက်လုပ်ရန် လိုအပ်သောတိုင်းထွာစစ်ဆေး လေ့လာမှုများ ပြုလုပ်ရေး တိုင်းအစိုးရ ခွင့်ပြုချက်ရရှိထားကြောင်း စက်တင်ဘာလ ဒုတိယပတ်တွင် ပုဂ္ဂလိက သတင်းစာများတွင် ဖော်ပြထားသည်။

Myanmar Construction & Development Public(MCD) ကုမ္ပဏီနှင့်အတူ ကိုရီးယားကုမ္ပဏီတစ်ခုဖြစ်သည့် KECC က ပူးပေါင်း ဆောင်ရွက်နေပြီး လေ့လာဆန်းစစ်မှုများကို လာမည့် ၂၀၁၈ ခုနှစ်အတွင်း အပြီးသတ် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်တွင်း သတင်းမီဒီယာအချို့တွင် ဖော်ပြထားသည်။

မိုးပျံလမ်းနှင့် ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာတွင် မဖြစ်နိုင်ကြောင်း ပြောဆို ဝေဖန်မှုများရှိခဲ့သည်။

ချောင်းသာ-ရန်ကုန် မိုးပျံလမ်းဆိုသည်မှာလည်း အမှန်တကယ် ဖောက်လုပ်ရန် သေချာမှုမရှိသေးကြောင်း ဧရာဝတီတိုင်းတွင် ရင်းနှီးမြှုပ်နှံလိုသည့် ကုမ္ပဏီတစ်ခုက ကြိုတင်လေ့လာဆန်းစစ်နေခြင်းသာဖြစ်ကြောင်း၊ အချို့ကုမ္ပဏီများလည်း လေ့လာဆန်းမှုပြုလုပ်ကြကြောင်း တိုင်းအစိုးရအဖွဲ့ထံမှ သိရှိရသည်။

တိုင်းအစိုးရအနေနှင့် ယင်းလုပ်ငန်းများအတွက် ကြိုတင်လေ့လာဆန်းစစ်ခြင်းကိုသာခွင့်ပြုပြီး ထိုကဲ့သို့ကြီးမားသည့် လမ်းများ ရေနက်ဆိပ်ကမ်း လုပ်ငန်းများကို ပြည်ထောင်စု အစိုးရကသာ ခွင့်ပြုလေ့ရှိကြောင်း လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးက ပြောကြားသည်။

■ R-12

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)
ဖုန်း - ၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)



ဓာတ်ပုံ – ဧယျာကို

# ၁၆၆ နှစ်မြောက် ရွှေကျင်မီးမျှောပွဲယိမ်းအဖွဲ့ ၁၇ သင်း ယှဉ်ပြိုင်ကပြမည်

**တောင်ငူ၊ စက်တင်ဘာ ၂၁**

ရွှေကျင်မြို့နယ်လုံးဆိုင်ရာ မီးမျှောပွဲတော်၏ ယခုနှစ် ပွဲတော် နောက်ဆုံးရက်ဖြစ်သော အောက်တိုဘာလ ၆ရက် (သီတင်းကျွတ်လပြည့်ကျော် ၁ရက်)တွင် ယိမ်းအဖွဲ့ ၁၇ ဖွဲ့ ယှဉ်ပြိုင်ကပြမည်ဖြစ်ကြောင်း ရွှေကျင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်းက ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် သီတင်းကျွတ်မီးမျှောပွဲတော်နှင့် ရှင်ဥပဂုတ္တမထေရ်ပူဇော်ပွဲကို ကျင်းပလာခဲ့သည်မှာ ယခုနှစ်သည် ၁၆၆ နှစ်မြောက်ဖြစ်ပြီး အောက်တိုဘာလ ၄ရက်မှ ၆ရက်အထိ ၃ရက်တိုင်တိုင် ယိမ်းအကပြိုင်ပွဲများ၊ ဇာတ်ပွဲများဖြင့် စည်ကားစွာ ကျင်းပမည်ဖြစ်သည်။

သီတင်းကျွတ်လပြည့် (အောက်တိုဘာလ ၅ရက်)တွင် ဆွမ်းတော်ကြီးတင်ပွဲကျင်းပမည်ဖြစ်ပြီး လပြည့်ကျော် ၁ ရက် နံနက် ၉နာရီခန့်မှစ၍ ယိမ်းပြိုင်ပွဲများ၊ ညနေပိုင်းတွင် ရွှေကျင်မီးမျှောပွဲဟု လူသိများသည့် မီးထွန်းပွဲနှင့် ရှင်ဥပဂုတ္တမထေရ်ပူဇော်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း၊ ရွှေရက်များတွင် ပွဲတော်ဈေး ဖွင့်လှစ်မည်ဖြစ်ကြောင်း ရွှေကျင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးထံမှ သိရှိရသည်။

သီတင်းကျွတ်မီးမျှောပွဲနှင့် ရှင်ဥပဂုတ္တမထေရ်ပူဇော်ပွဲသည် အဓိကအားဖြင့် စံကျောင်းတော်၌ တစ်နှစ်ပတ်လုံး စံမြန်းနေသည့် ရှင်ဥပဂုတ္တမထေရ်မြတ်ကို ပွဲတော်ရက်မတိုင်မီကတည်းက ရွှေကျင်မြစ်ကမ်းပျဉ်းမပင်ရပ်ကွက် ယာယီစံကျောင်းတော်ပေါ် ရွှေ့ပြောင်း စံမြန်းထားပြီး လပြည့်ကျော် ၁ ရက်တွင် ကရဝိက်ဖောင်တော်ပေါ် ပင့်ဆောင်ပြီး ရွှေကျင်မြစ်အတွင်း ဆီမီးများ ထွန်းညှိပူဇော်ကာ တစ်မိုင်ခန့် ကွာဝေးသော စစ်တောင်းမြစ် အထိ မျှောချပူဇော်သည့် ဓလေ့ဖြစ်သည်။

မီးမျှောပွဲကျင်းပမည့် အောက်တိုဘာလ ၆ ရက်တွင် မြို့ပေါ်ရပ်ကွက် ၈ ခုနှင့် ကျေးရွာပေါင်း ၉ ရွာမှ တက်ပုံယိမ်း ၁၇သင်းနှင့် ယိမ်းအလှအဖွဲ့ ၈ ဖွဲ့ခန့် ပြိုင်ပွဲဝင် ကပြကြမည်ဖြစ်ပြီး ဧည့်ခံဖြေဖျော်ရေး လှေကြီးများကလည်း ရန်ကုန်မြို့မှ နာမည်ကြီး တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုဧည့်ခံခဲ့ကြခြင်းဖြစ်သည်ဟု ပွဲတော်ကျင်းပရေး ဆပ်ကော်မတီဝင်တစ်ဦးက ပြောကြားသည်။

"ဒီပွဲတော်က ကျွန်မတို့ဒေသခံတွေ မျှော်နေရတဲ့ ပွဲတော်တစ်ခုလည်း ဖြစ်သလို ပွဲတော်နေ့မှာ ဒေသခံတွေအတွက် ဧည့်သည်တွေကို ကျွေးမွေးဧည့်ခံပြီး အလှူဒါနပြုကြတဲ့ နေ့လည်းဖြစ်ပါတယ်" ဟု ရွှေကျင်ဒေသခံ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

■ R-15

# တိုက်ကြီးမှ နေပြည်တော်အထိ စက်ဘီးစီးကာ ဦးသိန်းစိန်ကို သွားရောက်ဂါရဝပြု

**တိုက်ကြီး၊ စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကံသာယာကျေးရွာနေ ကိုသူရိန်ထွန်းက စက်တင်ဘာ ၂၀ ရက်မှ စတင်ကာ တိုက်ကြီးမြို့မှ နေပြည်တော်သို့ စက်ဘီးစီးသွားရောက်ကာ သမ္မတဟောင်း ဦးသိန်းစိန်ကို ဂါရဝပြုမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နေပြည်တော်သို့ စက်ဘီးစီးသွားရောက်ကာ သမ္မတဟောင်းဦးသိန်းစိန်ကို ဂါရဝပြုခြင်းသည် ပြည်ပရောက် မြန်မာနိုင်ငံသားများ ပြည်တော်ပြန်ဝင်ခွင့်ပြုသဖြင့် မိသားစုဝင်များနှင့် ပြန်လည်တွေ့ခွင့်ရ၍ ဦးသိန်းစိန်အပေါ် ကျေးဇူးရှိသည်ဟုယူဆပြီး ယင်းသို့ လုပ်ဆောင်ခြင်းဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

တိုက်ကြီးမှ နေပြည်တော်သို့စက်ဘီးစီးခရီးစဉ်တွင် နေပြည်တော်လမ်းဟောင်းမှ သွားရောက်မည်ဖြစ်ပြီး ၁၅ရက်ကြာမည်ဖြစ်ကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ လမ်းတစ်လျှောက် ဖြတ်သန်းရမည့် မြို့နယ်များအတွက် ယင်းမြို့နယ် အုပ်ချုပ်ရေးတာဝန်ရှိသူများထံ အသိပေး၊ ခွင့်ပြုချက်တောင်းခံထားပြီးဖြစ်ကြောင်း ကိုသူရိန်ထွန်းက ပြောဆိုသည်။ ■

# ကမ်းပါးပြိုကျမှုကြောင့် မြေဆုံးရှုံးသူများကို အစားထိုးပေးမည်

တောင်ငူ၊ စက်တင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင် စစ်တောင်းမြစ်ကမ်းပါး ပြိုမှုကြောင့် ကျေးရွာ ၁၀ ရွာခန့်မှ မြေဆုံးရှုံးသူများကို အစားထိုးမြေပေးမည်ဖြစ်ကြောင်း တောင်ငူမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခက ပြောကြားသည်။

ကမ်းပါးပြိုမှုမှာ လွန်ခဲ့သော တစ်နှစ်ကျော်ခန့်မှ စတင်ကာ ဖြစ်ပွားနေပြီး နစ်နာသူများကို မြေအစားထိုးပေးရန်အတွက် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် စက်တင်ဘာလ ၂၁ရက်နံနက်ပိုင်းက အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စီမံကိန်းရုံး တာဝန်ရှိသူများနှင့် မြေစာရင်းဌာနမှ တာဝန်ရှိသူများနှင့် နယ်မြေခံ လွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းကာ နေရာ ရှာဖွေနေကြောင်း၊ စားကျက်မြေနှင့် ပလပ်မြေ မလွတ်ပါက လယ်မြေများကို ဝယ်ယူကာ နေရာချထားပေးမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

လတ်တလောတွင် မြစ်ကမ်းပါးပြိုကျ ပျက်စီးမှုဘေးနှင့် ကြုံတွေ့နေရသည့် ကျေးရွာများမှာ ရွှေလေးအင်း၊ ရွာတန်းရှည်၊ ကမ်းပါးနီ၊ အနောက်ဆင် ကျေးရွာနှင့် မလွှပင်ရွာအပါအဝင် ကျေးရွာ ၁၀ရွာမှ အိမ်ထောင်စု ၅၀ကျော် ရှိနိုင်ကြောင်း မြို့နယ် အုပ်ချုပ်ရေးမှူးရုံးထံမှ သိရသည်။

"စစ်တောင်းမြစ်က ရေတက်ပြီး ပြန်အကျမှာပိုပြီး ပြိုတယ်၊ ပြီးခဲ့တဲ့မေလလောက်က တိုင်းဒေသကြီး ရန်ပုံငွေနဲ့ အများထည့်ဝင်ငွေပေါင်းပြီး ရွာတန်းရှည်မြစ်ကွေ့မှာ ဝါးနွယ်ဝါးနဲ့ တိုင်စိုက်ပြီး ကမ်းပါးထိန်းပေးခဲ့သေးတယ်။ အခု မြစ်ရေတက်ပြီးပြန်အကျမှာ တာဘောင် ၅ ပေလောက် ပါသွားတယ်"ဟု ရွာတန်းရှည် ဒေသခံတစ်ဦးက ပြောကြားသည်။

စစ်တောင်းမြစ်ကမ်းပါးရှိ ကျေးရွာများတွင် လွန်ခဲ့သော ငါးနှစ်ခန့်မှ စတင်ကာ မြစ်ကမ်းပါး ပြိုကျခဲ့သည့်အတွက် လူနေအိမ်ခြေများကို အကြိမ်ကြိမ် ရွှေ့ပြောင်းခဲ့ရသည့်အပြင် စိုက်ပျိုးမြေဧကရာနှင့်ချီပြီး မြစ်ထဲ မျောပါခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

စစ်တောင်းမြစ်ကမ်းပါး ကျေးရွာများဖြစ်သော အရှေ့ဆင်ကျေးရွာအုပ်စု ကမ်းပါးနီ၊ ဆင်ရွာလေး၊ နောင်ဘို၊ ကျွန်းတောကုန်း၊ ဘနှောင်းကျေးရွာ အပါအဝင် ကျေးရွာပေါင်း ၁၀ ရွာခန့်ရှိ အရှေ့ဆင်ကျေးရွာ တမံပြင်ပတွင် ကိုင်းစိုက်ခင်းဧကပေါင်း ၅၀၀ ကျော်ရှိသည့်အနက် ကမ်းပါးပြိုကျမှုကြောင့် သုံးပုံတစ်ပုံနီးပါးပျက်စီးကြောင်း၊ လက်ရှိတွင်ဆင်ရွာလေးရွာ သစ်ရှိစိုက်ခင်းများမှာ အဆိုးဝါးဆုံး အခြေအနေရှိကြောင်း ဒေသခံများထံမှ သိရသည်။

■ R-15



ဓာတ်ပုံ – အောင်မြိုး

# ကျေးရွာ ၃၀ကျော်ရေမြုပ်၍ ဝက်ပုတ်ရွှေလေးချောင်း တူးဖော်မည်

ပြည်၊ စက်တင်ဘာ ၂၁

သဲကုန်းမြို့နယ်နှင့် ပေါင်းတည်မြို့နယ်အတွင်းရှိ ဝက်ပုတ်ရွှေလေးချောင်း တိမ်ကောနေသည့်အတွက် ကျေးရွာပေါင်း ၃၀ ကျော် နှစ်လကြာ ရေဝင်နစ်မြုပ်နေသည့်အတွက် ရေကျသည်နှင့် တစ်ပြိုင်နက်ပြန်လည်တူးဖော်မည်ဖြစ်ကြောင်း ပေါင်းတည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က ပြောကြားသည်။

ရေကျပြီးသည်နှင့် ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်ကာ ကုန်ကျစရိတ် ဘတ်ဂျက်ကိုတင်ပြမည်ဖြစ်ပြီး တိုင်းဒေသကြီး ရန်ပုံငွေ သို့မဟုတ် အခြားရန်ပုံငွေဖြင့်လည်းကောင်း တူးဖော်ရန်လုပ်ဆောင်နေကြောင်း ၎င်းကပြောဆိုသည်။

"ဆည်ကရေပိုလွှဲက လျှံကျတဲ့ရေ တစ်ခုတည်းကြောင့် မဟုတ်ဘူး။ အောက်ဘက်မှာကလည်း ချောင်းအသေးလေးသုံးခုက ဝက်ပုတ်ချောင်းထဲကိုစီးဝင်တယ်။ ချောင်းထဲမှာကလည်း ချုံတွေ၊ သောင်တွေနဲ့ သစ်ပင်ကြီးတွေနဲ့ဆိုတော့ ရေစီးဆင်းမသွားနိုင်ပဲ ကမ်းပါးတွေကျော်ပြီး အိမ်တွေရေဝင်ရတာပါ"ဟု ဦးသိန်းထွန်းအောင်က ဆိုသည်။

ဝဲကြီးဆည်မှာ အမြင့်ပေ ၂၄၀ အထိသာ ရေလှောင်နိုင်ပြီး ကျော်လွန်ပါက ရေပိုလွှဲမှရေကျော်ကျခြင်းဖြစ်ကြောင်း၊ မိုးရွာသွန်းမှုများသည့်အတွက် ဇူလိုင်လမှ စတင်ကာ ရေကျော်ခြင်းဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနထံမှ သိရသည်။

"ဆည်ကရေမနိုင်တိုင်း ဒီထဲပဲလွှဲချတော့ ရေကျမယ်ဆိုရုံရှိသေးလို့ပြန်စိုက်လိုက် ရေကပြန်ကြီးလိုက်နဲ့ လေးခါရှိသွားပြီ။ မျိုးလည်းမရှိတော့ဘူး။ နောက်သီးနှံစိုက်ဖို့လည်းအဆင်မပြေတော့ဘူး" ဟု ထန်းပင်ကုန်းကျေးရွာတောင်သူ ဦးလှထွန်းက ပြောဆိုသည်။

အဆိုပါဝက်ပုတ်ရွှေလေးချောင်း ကောမှုကြောင့် သဲကုန်းမြို့နယ်နှင့် ပေါင်းတည်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုလေးစု၊ ကျေးရွာပေါင်း ၃၀ ကျော်တွင် ဇူလိုင်လ၊ ဒုတိယအပတ်မှစတင်ကာ လက်ရှိအချိန်အထိ ရေဝင်နစ်မြုပ်နေပြီး စပါးနှင့် အခြားသီးနှံများ ဧက ၅၀၀ ခန့်၊ ကျေးရွာချင်းဆက်လမ်းများပျက်စီးနေရကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

■ M-06

# NEWS IN BRIEF

## ကျိုင်းတုံတွင် လေးတန်းကျောင်းသူကို အဓမ္မပြုကျင့်

ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက် စိန်မေရီ မိဘမဲ့ကျောင်းတွင် နေထိုင်သော အသက် ၁၁နှစ်အရွယ် လေးတန်းကျောင်းသူကို အသက် ၄၀ အရွယ် အမျိုးသားက အဓမ္မပြုကျင့်ခဲ့သဖြင့် စက်တင်ဘာလ ၂၀ ရက် ည ၁၀ နာရီခန့်က အမှုဖွင့်တိုင်ကြားခဲ့ကြောင်း ကျိုင်းတုံမြို့မရဲစခန်းမှူး ဒုရဲမှူး သန်းထွန်းအောင်က ပြောကြားသည်။

လွန်ခဲ့သော ရက် ၂၀ ခန့်က ကျောင်းသူကို ကျောင်းမှခေါ်ဆောင်ကာ လူမနေသည့်အိမ်တွင် အဓမ္မပြုကျင့်ခဲ့ပြီး နောက်ပိုင်းတွင်လည်း အဓမ္မ ပြုကျင့်ခဲ့ကြောင်း၊ အဓမ္မပြုကျင့်သူသည် ဆိုင်ကယ် ကယ်ရီမောင်းသူဖြစ်ပြီး မရီး၏သမီးကို အဓမ္မ ပြုကျင့်ခဲ့ကြောင်း ၊ ထွက်ပြေးနေသော ကျူးလွန်သူ အမျိုးသားကို ရာဇသတ်ကြီးပုဒ်မ ၃၇၆ဖြင့် အမှုဖွင့်ကာ စုံစမ်းနေကြောင်းယင်းရဲစခန်းထံမှ သိရှိရသည်။

■ R-16

## ခရီးသည်တင်ကားပေါ်မှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

ရွှေဘိုမြို့နယ်တွင် ခရီးသည်တင်ယာဉ်တစ်စီးပေါ်မှ တရားမဝင်သယ်ဆောင်လာသည့် တရားမဝင်သစ်များကို စက်တင်ဘာလ ၁၇ ရက်နေ့က ဖမ်းဆီးရမိခဲ့ကြောင်း ရွှေဘိုမြို့နယ်၊ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးစန်းလှိုင်ဦးက ပြောကြားသည်။

ယင်းနေ့က ခရီးသည်များတင်ဆောင်လာခြင်းမရှိဘဲ တမလန်းသစ်များကိုဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်နှစ်ဦးအပါအဝင် သစ်ပိုင်ရှင်တို့ကို ရွှေဘိုမြို့မစခန်းက ပြည်သူ့ပိုင်ပစ္စည်း ကာကွယ်ရေးဥပဒေပုဒ်မ ၆(၁) ဖြင့်အမှုဖွင့်ထားကြောင်း အဆိုပါစခန်းထံမှ သိရသည်။

■ R-09

# ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများပါဝင်မှု အပြည့်အဝရရှိရန်လိုလား

မြစ်ကြီးနား၊ စက်တင်ဘာ ၂၁

ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သည့်လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ အနေဖြင့် ရာခိုင်နှုန်းအပြည့်အဝပါဝင်ရန် လိုလားကြောင်း ကချင်ပြည်နယ် အမျိုးသမီးများကွန်ရက်ထံမှ သိရသည်။

အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်ပွဲကို 'ငြိမ်းချမ်းရေးနှင့် တရားမျှတသည့် ရေရှည်တည်တံ့သော လူ့ဘောင်အဖွဲ့အစည်းဆီသို့' ခေါင်းစဉ်ဖြင့် မြစ်ကြီးနားမြို့ မနောကွင်းရှိ မဏ္ဍယ်ခန်းမတွင် စက်တင်ဘာလ ၂၁ ရက်နေ့က ကျင်းပခဲ့သည်။

"အခုလက်ရှိအစိုးရ လက်ထက်မှာ တိုးတက်ပြောင်းလဲတာတော့ရှိပါတယ်။ နည်းနည်းလေးပဲပေါ့။ ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ အမျိုးသမီးပါဝင်မှုက နည်းနည်းပေါ့။ ၁၇ ရာခိုင်နှုန်းလောက်တက်လာတယ်။ ကျွန်မတို့အနေနဲ့တော့ အပြည့်အဝ ပါဝင်ခွင့်ရချင်တယ်"ဟု ကချင်ပြည်နယ် အမျိုးသမီးများကွန်ရက်မှ ဆရာမ ဒေါ်ဆောင်ဝင်းက ပြောဆိုသည်။

စစ်ပွဲများဖြစ်ပွားမှုကြောင့် စစ်ဘေးရှောင်နေသူများအနေနှင့် ခြောက်နှစ်ကျော် စစ်ရှောင်စခန်းများတွင် နေထိုင်ရသည်မှာ စားဝတ်နေရေး ပိုမိုခက်ခဲလာရာ မိမိနေရပ်ဒေသကို သိက္ခာရှိရှိပြန်နေခွင့်ရရှိလိုကြောင်း ယင်းပွဲသို့ တက်ရောက်လာသည့် စစ်ရှောင်စခန်းနေထိုင်သူများက ပြောကြားသည်။

ကချင်ပြည်နယ်တွင် တပ်မတော်နှင့် ကချင်လက်နက်ကိုင်အဖွဲ့တို့အကြား တိုက်ပွဲဖြစ်ပွားနေသည်မှာ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် ဇွန်လအတွင်းမှဖြစ်ပြီး ယခု ခြောက်နှစ်ကျော်ကြာမြင့်လာပြီဖြစ်သော်လည်း စစ်ပွဲမှာမငြိမ်းသေးဘဲ ဒေသခံ သိန်းချီမှာ စစ်ဘေးရှောင်ဘဝသို့ ရောက်ရှိနေရကြောင်း ဒေသခံများထံမှ သိရသည်။

ငြိမ်းချမ်းရေးဖြစ်စဉ်တွင် နိုင်ငံတကာ စံနှုန်းများအရ အမျိုးသမီးများက ၃၀ ရာခိုင်နှုန်း ပါဝင်ရမည်ဖြစ်သည်။

ထို့ပြင်အမျိုးသမီးများသည် ယင်းစံနှုန်းများအတိုင်း မြန်မာငြိမ်းချမ်းရေးဖြစ်စဉ်တွင် ၃၀ ရာခိုင်နှုန်းအထိပါဝင်ရန် လိုကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေး ကိုယ်စားလှယ် မစ္စရန်ဟီးလီကလည်း တိုက်တွန်းပြောဆိုထားသည်။ ■R-06

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁




ဓာတ်ပုံ - ပေါ်ဦး

# ရေနံမြေ လုပ်ငန်းသက်တမ်းတိုးခြင်း ဒေသခံများ သဘောထားမှတ်ချက် တောင်းခံခြင်းမရှိ

**မကွေး၊ စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီးအတွင်းရှိရေနံချောင်းနှင့် ချောက်ရှိရေနံမြေများတွင် အစိုးရသစ်နှင့် GOLD PETROL ကုမ္ပဏီနှင့် လုပ်ငန်း သက်တမ်းတိုးစာချုပ်ခဲ့ခြင်းအပေါ် ဒေသခံများ၏ သဘောထားမှတ်ချက်ကိုတောင်းခံသင့်ကြောင်း မကွေးတိုင်းအခြေစိုက် ရေနံမြေအလုပ်သမားအဖွဲ့အစည်းများက ပြောကြားသည်။

အဆိုပါ ရေနံမြေများရှိ စီးပွားဖြစ်ထုတ်ယူနေသည့် GOLD PETROL ကုမ္ပဏီနှင့် အစိုးရဘက်တာဝန်ရှိသူတို့သည် ပြီးခဲ့သည့် စက်တင်ဘာ ၁၅ ရက်နေ့က လုပ်ငန်းသက်တမ်းတိုးစာချုပ်သစ်ကို နေပြည်တော်တွင် စာချုပ်ချုပ်ဆိုခဲ့ကြပြီး ယင်းစာချုပ်ပါ အချက်အလက်များသည် ပွင့်လင်းမြင်သာမှုနည်းပါးပြီး ဒေသခံများ၏သဘောထားကို လေးစားသင့်ကြောင်း ၎င်းတို့က ပြောဆိုသည်။

"ဒီကုမ္ပဏီဟာ ၁၉၉၇ ကနေ အခုထိအနှစ် ၂၀စာချုပ်သက်တမ်းကို ပထမအကြိမ်ချုပ်ဆိုလုပ်ကိုင်ခဲ့ပြီးပြီ။ အခုတစ်ခါ သက်တမ်းတိုးမယ့်အချိန်မှာ ဒေသခံပြည်သူတွေကို ပွင့်လင်းမြင်သာစွာချပြပြီး ပြည်သူတွေဆီက အမြင်သဘောထားတွေကို ဦးစွာရယူသင့်တယ်လို့ ပြောချင်ပါတယ်" ဟု မကွေးတိုင်း ရွှေရည်မြေလတ် ရေနံမြေအလုပ်သမားအဖွဲ့အစည်း ဥက္ကဋ္ဌ ဦးလေးနိုင်က ပြောဆိုသည်။

ယင်းသို့ စာချုပ်သစ်ချုပ်ဆိုမည့်အပေါ်တွင် ပြည်သူများရဲ့လိုလားချက်တွေ၊ ရေနံမြေအလုပ်သမားထု၏သဘောထားလိုအပ်ချက်များကို စစ်တမ်းတစ်ခုကောက်ယူပြီးမှသာ ဆောင်ရွက်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ GOLD PETROL ကုမ္ပဏီအနေနှင့် ယခုတစ်ကြိမ်တွင် ဒုတိယအကြိမ် လုပ်ငန်းစာချုပ်ချုပ်ဆိုခြင်းဖြစ်ပြီး ယခုစာချုပ်ပါ လုပ်ငန်းလုပ်ကိုင်ခွင့်သက်တမ်းမှာ ၁၁ နှစ် သက်တမ်းဖြစ်ကြောင်း ယင်းကုမ္ပဏီတာဝန်ရှိသူအချို့ထံမှ သိရသည်။

"ဒီမိုကရေစီရဲ့ သဘောအတိုင်း အခုစာချုပ်ကိုလည်း ပွင့်လင်းမြင်သာရှိဖို့လိုမယ်။ ရေနံချောင်းက ရေနံသာထွက်နေတာ အများပြည်သူ အကျိုးစီးပွားအတွက် တိုက်ရိုက်အကျိုးမပြုသလိုဖြစ်နေတယ်" ဟု ရေနံချောင်းမြို့မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်က ဆိုသည်။

အဆိုပါ ကိစ္စရပ်နှင့် ပတ်သက်၍ ရေနံချောင်းမြို့ရှိ GOLD PETROL ကုမ္ပဏီရုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရန် ကြိုးစားခဲ့သော်လည်း တွေ့ဆုံခွင့်မရရှိခဲ့ဘဲ ဖြေကြားခွင့်မရှိဟုသာ ယင်းရုံးမှ ဝန်ထမ်းအချို့က ပြောကြားသည်။ ■

R-02

# ရွှေဘိုကြက်မွေးမြူသူများ အရှုံးပေါ်

**ရွှေဘို၊ စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်တွင် ကြက်သားအရောင်းအဝယ်မြင့်တက်လာသော်လည်း ကြက်မွေးမြူသူများမှာ အရှုံးပေါ်နေကြောင်း အသားတိုးကြက်မွေးမြူရေး ခြံရှင်များထံမှ စုံစမ်းသိရှိရသည်။

ပြီးခဲ့သည့်လများအတွင်းက H5N1 ဂယက်ကြောင့် ကြက်သားစားအား ကျဆင်းခဲ့ပြီး အရောင်းလုံးဝရပ်တန့်သွားခဲ့ရာ ကြက်သားဈေး အနိမ့်ဆုံးဈေးအထိ ထိုးကျသွားခဲ့ကြောင်း၊ ဝယ်လိုအားမရှိသည့်အတွက် ၄၅ရက် ကြက်ထုတ်ရမည့် အစား ရက်၆၀ ရက်၇၀ အထိကြက်စာကျွေးထားရခြင်းကြောင့် အရှုံးပေါ်အရှုံးဆင့်ခဲ့ကြောင်း တစ်ပိုင်တစ်နိုင်မွေးမြူရေးသမားများက ပြောကြားသည်။

မွေးမြူရေးခြံတစ်ခြံလျှင် ကြက်အနည်းအများပေါ်မူတည်၍ ကျပ် ၁၅ သိန်းမှ ၂၅သိန်းအထိ အရှုံးပေါ်ခဲ့ပြီး ကြက်မွေးမြူရေးလုပ်ကိုင်ရန် ငွေကြေးအခက်အခဲဖြစ်နေကာ ဆက်လက်လုပ်ကိုင်ရန်လည်း အရင်းအနှီးမတတ်နိုင်သည့် အနေအထားဖြစ်နေ၍ လုပ်ငန်းရပ်ဆိုင်းထားရကြောင်း တစ်ပိုင်တစ်နိုင် ကြက်မွေးမြူသူတစ်ဦးက ပြောဆိုသည်။

ရွှေဘိုမြို့နယ်တွင် တစ်နိုင်တစ်ပိုင်မွေးမြူသူများအပါအဝင် ကုမ္ပဏီပိုင်မွေးမြူရေး ကြက်ကောင်ရေ ၅၀၀ မှ ကြက်ကောင်ရေ ၃၀၀၀အထိ မွေးမြူကြသည့် ကြက်ခြံပေါင်း ၃၀၀ နီးပါးရှိကြောင်း ကြက်မွေးမြူရေးအသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။

■ R-09

# ပုသိမ်စက်မှု မြို့တော်နှင့် အဆင့်မြင့် ပင်လယ်သဘော်ဆိပ်ကမ်း စီမံကိန်း ၂၅ ရာခိုင်နှုန်း ပြီးစီး

**ပုသိမ်၊ စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် အကောင်အထည်ဖော်နေသော ပုသိမ်စက်မှု မြို့တော်နှင့် အဆင့်မြင့် ပင်လယ်သဘော်ဆိပ်ကမ်း စီမံကိန်းလုပ်ငန်း၏ ၂၅ ရာခိုင်နှုန်းကို ဆောင်ရွက်ပြီးစီးနေကြောင်း စီမံကိန်းဖော်ဆောင်နေသော ဧရာဝတီဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် (Ayeyarwaddy Development Public Company Limited) ထံမှ သိရသည်။

အဆိုပါ စီမံကိန်းကို ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၀ရက်မှစတင်ကာ အကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်း ဧရိယာအတွင်း၌ ဇုန်A နှင့် ဇုန်B ခွဲခြားသတ်မှတ်ကာ လမ်းများ ဖောက်လုပ်ခြင်းနှင့် စီမံကိန်းဧရိယာတစ်ခုလုံးအား ရေတားတမံများ တည်ဆောက်ခြင်းကို ဧက ၄၀၀ ကျော် လုပ်ဆောင်ပြီးစီးကြောင်း၊ မိုးများဒေသ ဖြစ်သောကြောင့် ပွင့်လင်းရာသီတွင် လုပ်ငန်းလုပ်ဆောင်ချိန် သုံးလသာရှိခြင်း၊ အရည်အသွေးမီပစ္စည်း ရရှိရန် ဝယ်ယူရာတွင် ခက်ခဲခြင်းတို့ကြောင့် တည်ဆောက်ရေး လုပ်ငန်းများ နှောင့်နှေးမှုရှိကြောင်း ယင်းကုမ္ပဏီ၏ စီမံရေးရာ အရာရှိ ဦးမျိုးမျိုးအောင် ကပြောကြားသည်။

"လက်ရှိ အခြေအနေမှာ အဓိက အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နေတာက တန်ချိန် ငါးထောင်ကနေနှစ်သောင်းအထိရှိတဲ့ ပင်လယ်ကူးကုန်တင်သဘော်တွေ ဝင်ထွက်ဆိုက်ကပ်နိုင်တဲ့ အဆင့်မြင့် သဘော်ဆိပ်ကမ်းပါ" ဟု ၎င်းက ရှင်းပြသည်။

စီမံကိန်းကို အများပိုင် ကုမ္ပဏီလုပ်ငန်းအဖြစ် ပီပြင်စေရန် အစုရှယ်ယာတွေ ခေါ်ယူရောင်းချပြီး ၅ နှစ်တာကာလအတွင်း အပြီး တည်ဆောက်မည်ဖြစ်ကြောင်း၊ ဒေါ်လာ သန်း ၁၀၀ ကျော် ရင်းနှီးမြှုပ်နှံထားကာ လက်ရှိတွင် ဒေါ်လာ၁၀သန်းအသုံးပြုထားကြောင်း၊ ရှယ်ယာတစ်ခုလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ရောင်းချမည် ဖြစ်ကြောင်း၊ ပုသိမ် စက်မှုမြို့တော် တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောဆိုသည်။

စက်မှုမြို့တော်တည်ဆောက်မှုကို ထိုင်းနိုင်ငံမှ Team Group က ဒီဇိုင်းရေးဆွဲထားပြီး စင်ကာပူနိုင်ငံ Bok Seng Logistics Private Limited ကုမ္ပဏီက ယင်းစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများ၏ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများအတွက် နှစ်ဦးနှစ်ဖက် အကျိုးတူ လုပ်ငန်းများ လုပ်ဆောင်ရေးအတွက် ပုသိမ်ဟိုတယ် ပတ္တမြားခန်းမတွင် ဖေဖော်ဝါရီလ ၂၈ ရက်က နားလည်မှု စာချွန်လွှာ ရေးထိုးထားသည်။

"ဒီနားဝန်းကျင်က လယ်တွေအတော်များများရောင်း ပြီးပါပြီ၊ စက်ရုံတွေ အမြန်ရှိလာစေချင်တယ်၊ ဒါမှ လယ်ယာမရှိတော့တဲ့ ကျွန်တော်တို့ရဲ့ သားသမီးတွေ အလုပ်အကိုင် အဆင်ပြေမှာပါ။ အခုနှစ်မိုးစပါးကတော့ သူတို့ကုမ္ပဏီက စက်ရုံတွေ တည်ဆောက်မှုတွေမစသေးတော့ ကျွန်တော်တို့ကို သီးစားခနဲ့ ပြန်လုပ်ခွင့်ပေးထားတယ်" ဟု ချောင်းစောက်ကျေးရွာ မှရပ်မိရပ်ဖ ဦးသာထူးကဆိုသည်။

ပုသိမ်စက်မှုမြို့တော်နှင့် အဆင့်မြင့် ပင်လယ်ကူးသဘော်ဆိပ်ကမ်း စီမံကိန်းကို ပုသိမ်နှင့် ကန်ကြီးထောင့်မြို့နယ်အကြား၊ ပုသိမ်မြစ် (ငဝန်မြစ်) အရှေ့ဘက် ကမ်းငဝန်မြစ်နှင့် ပုသိမ်-ငပုတော ကားလမ်းအကြားရှိ မြေဧက ၂၇၀၀ အတွင်း တည်ရှိကြောင်း၊ စီမံကိန်း ဧရိယာတွင် ပုသိမ်မြို့၏ တောင်ဘက်(၅)မိုင်ခန့်အကွာ ငဝန်မြစ်ကမ်းဘေးရှိ အမှတ်(၈)ရပ်ကွက်၊ အမှတ်(၁၂)ရပ်ကွက်နှင့် ကန်ကြီးထောင့်မြို့နယ်ရှိ ချောင်းစောက်ကျေးရွာနှင့် ဆင်ခေါင်းကြီး ကျေးရွာတို့ရှိ မြေနေရာများ ပါဝင်ကြောင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ထုတ်ပြန်သည်။

■ R-12

# ကျိုင်းတုံတွင် ပုဂ္ဂလိက စက်မှုလယ်ယာ ဝန်ဆောင်အသင်း ဖွဲ့စည်းမည်

**ကျိုင်းတုံ၊ စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် ယခုလအတွင်း ပုဂ္ဂလိက စက်မှုလယ်ယာဝန်ဆောင်မှုဆောင်ရွက်သူများ အသင်း ဖွဲ့စည်းမည်ဖြစ်ကြောင်း ယင်းပြည်နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကိုကိုလေးက ပြောကြားသည်။

"ကုမ္ပဏီတွေထံကနေ ထွန်စက်ကြီး၊ လက်တွန်းထွန်စက်၊ လက်တွန်းစပါးရိတ်စက်နဲ့ ရိတ်သိမ်းခြွေလှေ့စက်တွေ ဝယ်ယူထားတဲ့ တောင်သူတွေကို စက်ပြင်ဆင်တာအပါအဝင် သင်တန်းတွေ ချိတ်ဆက်ကူညီဆောင်ရွက်ပေးနိုင်ဖို့နဲ့ အပိုစက်ပစ္စည်းတွေအချိန်မီမရောက်ရှိတဲ့ အခက်အခဲတွေကို ဖြေရှင်းပေးနိုင်ဖို့ ဖွဲ့စည်းပေးမှာပါ" ဟု ၎င်းက ဆိုသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မြို့နယ်ကိုးခုတွင် ကုမ္ပဏီများနှင့် ချိတ်ဆက်ဝယ်ယူထားသည့် ထွန်စက်ကြီး ၃၀၀ ခန့်၊ လက်တွန်းထွန်စက် ၁၃၀၀ ခန့်နှင့် လက်တွန်းစပါးရိတ်စက် ၂၅၀ကျော်ရှိပြီး ကျိုင်းတုံမြို့တွင် ပထမဆုံးပုဂ္ဂလိက စက်မှုလယ်ယာဝန်ဆောင်မှုဆောင်ရွက်သူများ အသင်း စတင်ဖွဲ့စည်းနိုင်ရန်ဆောင်ရွက်နေကြောင်း စီစဉ်ဆောင်ရွက်သူများထံမှ သိရသည်။

■ R-16

## ဟိုတယ်ပေါ်မှနေ၍ ဒုံးကျည် ဖြတ်ပျံသွားသည်ကို ဘင်ဂါလူရူ အသင်းသားများ မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရ

**ပြုံးယမ်း၊ စက်တင်ဘာ ၂၁**

အိန္ဒိယဘောလုံးကလပ် ဘင်ဂါလူရူအသင်းတွင် ပါဝင်ကစားနေသည့် ဩစတြေးလျဘောလုံးကစားသမား ပါးတာလူးသည် မြောက်ကိုရီးယားနိုင်ငံသို့ အေအက်ဖ်စီဖလားပွဲစဉ် ယှဉ်ပြိုင်ကစားရန် သွားရောက်ရာတွင် ၎င်းတို့၏အသင်းတည်းခိုနေသည့် ဟိုတယ်ထက်မှနေ၍ ဒုံးကျည်ဖြတ်ပျံသွားခဲ့သည်ကို အသင်းသားများအားလုံး မျက်ဝါးထင်ထင် မြင်တွေ့ခွင့်ရခဲ့ကြောင်း ဖွင့်ဟအသိပေးသွားခဲ့သည်ဟု BBC က ဖော်ပြထားသည်။

ဘင်ဂါလူရူသည် မြောက်ကိုရီးယားကလပ် ဧပြီ ၂၅ နှင့် အေအက်ဖ်စီဖလားဆီမီးဖိုင်နယ်ပွဲစဉ် ဒုတိယအကျော့ကို ယှဉ်ပြိုင်ကစားရန်အတွက် မြောက်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ယင်းအချိန်တွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကို ဆောင်ရွက်လိုက်ခြင်းဖြစ်သည်။

ပါးတာလူးသည် ယင်းဒုံးကျည်မှာ ပြုံးယမ်းမြို့ရှိ လေဆိပ်ရှိရာအရပ်ဘက်မှနေ၍ လေထုထဲသို့ပျံတက်လာခဲ့ခြင်းဖြစ်ပြီး နံနက်ခြောက်နာရီကျော်တွင် ၎င်းတို့၏ဟိုတယ်ထက်မှနေ၍ ဖြတ်ပျံသွားခဲ့ခြင်းဖြစ်သည်ဟု ပါးတာလူးက ဖွင့်ဟအသိပေးထားသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ပါးတာလူးက "အသင်းအခြေစိုက်ရာ အိန္ဒိယနိုင်ငံဆီကို ပြန်ဖို့အတွက် ဟိုတယ်ကနေ ထွက်ခွာတော့မယ့်အချိန်မှာ ဟိုတယ်မှာရှိတဲ့ကောင်လေးတစ်ယောက်က ဒုံးကျည်လွှတ်တာ မြင်ဖူးလား၊ မမြင်ဖူးရင် စောင့်ကြည့်လိုက်၊ သိပ်မကြာခင်တွေ့ရလိမ့်မယ်လို့ လာပြောခဲ့ပါတယ်။ ကျွန်တော်တို့တွေအားလုံး ဟိုတယ်အပြင်ဘက်ကို ထွက်လာချိန်မှာ မနက်ခြောက်နာရီရှိနေပါပြီ။ သိပ်မကြာခင်မှာပဲ လေဆိပ်ဘက်က ဒုံးကျည်တက်လာပြီး ဟိုတယ်ပေါ်ကနေ ဖြတ်ပျံသွားခဲ့ပါတယ်။ အရမ်းကို အံ့သြစရာကောင်းတဲ့ မြင်ကွင်းတစ်ခုပါပဲ"ဟု ပြောကြားသွားခဲ့သည်။

ဘင်ဂါလူရူသည် ဧပြီ ၂၅ ကိုမြောက်ကိုရီးယားမြေတွင် ဂိုးမရှိသရေသာ ကစားနိုင်ခဲ့သော်လည်း ၎င်းတို့၏အိမ်ကွင်းတွင် သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရထားပြီးဖြစ်သည့်အတွက် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး ဂိုးမရှိဖြင့် အောင်ပွဲခံကာ ဗိုလ်လုပွဲသို့ တက်လှမ်းသွားနိုင်ခဲ့သည်။ ■ E-11



AP

## မသန်စွမ်းအားကစားပြိုင်ပွဲဝင် မြန်မာပြေးခုန်ပစ်အဖွဲ့ ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်နှစ်ခုထပ်မံဆွတ်ခူး

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် နဝမအကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာပြေးခုန်ပစ် အားကစားအဖွဲ့က ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်နှစ်ခု ထပ်မံဆွတ်ခူးနိုင်ခဲ့သည်။

စက်တင်ဘာ ၂၁ ရက်နေ့ကကျင်းပသည့်ပြိုင်ပွဲများအနက် တစ်ခုတည်းသောရွှေတံဆိပ်ကို အမျိုးသားသံလုံးပစ် ပြိုင်ပွဲမှ မြင့်ဆွေက ရယူပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါရွှေတံဆိပ်သည် မြန်မာမသန်စွမ်း ပြေးခုန်ပစ် အားကစားအဖွဲ့အတွက် တတိယမြောက် ရွှေတံဆိပ်ဆုဖြစ်လာခဲ့သည်။

ငွေတံဆိပ်ဆုများကို အမျိုးသမီးမီတာ ၄၀၀ အပြေးပြိုင်ပွဲမှ နန္ဒာလင်း၊ အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲဝင် ထက်ထက်အေးတို့က ရယူပေးခဲ့သည်။

ယင်းနေ့ကကျင်းပသည့်အားကစားနည်းများအနက် ရေကူးအားကစားနည်း၏ အမျိုးသားမီတာ ၅၀ စိတ်ကြိုက်ကူးပြိုင်ပွဲမှ အောင်ဖုန်းကလည်း ငွေတံဆိပ်တစ်ခု ရယူပေးခဲ့သေးသည်။

လက်ရှိအချိန်တွင် မြန်မာအားကစားအဖွဲ့သည် ရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၀ ခုအထိ ရယူထားနိုင်ခဲ့ပြီး နိုင်ငံအလိုက် အဆင့်ခြောက်နေရာတွင် ရပ်တည်လျက်ရှိသည်။

မြန်မာအားကစားအဖွဲ့အတွက် ဆုတံဆိပ်များကို ရေကူးအဖွဲ့က အများဆုံးရယူပေးထားခြင်းဖြစ်ပြီး ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ်ငါးခု၊ ပြေးခုန်ပစ်အဖွဲ့က ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ်လေးခု၊ စစ်တုရင်အဖွဲ့က ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခု၊ အလေးမအဖွဲ့က ငွေတံဆိပ်တစ်ခု ရယူပေးထားသည်။

နဝမအကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲကို စက်တင်ဘာလ ၂၂ ရက်နေ့တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ ■ J-04



Marca

## လာလီဂါတွင် လုပ်ခလစာပေးချေရမှု အများဆုံးအသင်းအဖြစ် ဘာစီလိုနာ ရပ်တည်

**ဘာစီလိုနာ၊ စက်တင်ဘာ ၂၁**

ဘာစီလိုနာအသင်းသည် လာလီဂါပြိုင်ပွဲတွင် လုပ်ခလစာပေးချေရမှု အများဆုံးအသင်းအဖြစ် ရီးရဲလ်မက်ဒရစ်ကို ကျော်ဖြတ်၍ ထိပ်ဆုံးနေရာတွင် တက်ရောက် ရပ်တည်သွားခဲ့ပြီဖြစ်ကြောင်း Marca က ဖော်ပြထားသည်။

ဘာစီလိုနာသည် လက်ရှိဘောလုံးရာသီတွင် ကစားသမားများကို လုပ်ခလစာပေးချေရန်အတွက် တစ်နှစ်အသုံးစရိတ် ပေါင် ၄၄၈ သန်း သုံးစွဲရတော့မည်ဖြစ်ပြီး ရီးရဲလ်မက်ဒရစ်၏ကစားသမားလုပ်ခလစာပေးချေမှု အသုံးစရိတ်မှာ ပေါင် ၄၄၂ သန်းသာရှိသည့်အတွက် ဘာစီလိုနာက ထိပ်ဆုံးနေရာသို့ တက်လှမ်းရောက်ရှိသွားခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာနှင့် ရီးရဲလ်မက်ဒရစ်တို့၏နောက်တွင် အက်သလက်တီကိုက တတိယမြောက် လုပ်ခလစာပေးချေရမှု အများဆုံးအသင်းအဖြစ် ရပ်တည်နေပြီး အက်သလက်တီကို၏တစ်နှစ်လုပ်ခလစာအသုံးစရိတ်မှာ ပေါင်သန်း ၂၁၀ ရှိသည်ဟု လာလီဂါ ဘဏ္ဍာရေးကော်မတီက ထုတ်ပြန်အတည်ပြုထားသည်။

လာလီဂါပြိုင်ပွဲတွင် ကစားသမားများအတွက် တစ်နှစ်လုပ်ခလစာပေးချေရမှု အနည်းဆုံးအသင်းမှာ ဂီတာဖေးဖြစ်ပြီး ဂီတာဖေး၏တစ်နှစ်လုပ်ခလစာအသုံးစရိတ်မှာ ပေါင် ၂၅ သန်းသာရှိကြောင်း ယင်းစစ်တမ်းတွင် ဖော်ပြပါရှိသည်။

**လာလီဂါပြိုင်ပွဲဝင်အသင်းများ၏ တစ်နှစ်တာလုပ်ခလစာပေးချေရမှု စာရင်းမှတ်တမ်း**

၁။ ဘာစီလိုနာ(ပေါင် ၄၄၈ သန်း)
၂။ ရီးရဲလ်မက်ဒရစ်(၄၄၂ သန်း)
၃။ အက်သလက်တီကို(ပေါင်သန်း ၂၁၀)
၄။ ဆီဗီလာ(ပေါင် ၁၄၁ သန်း)
၅။ ဗလင်စီယာ(ပေါင်သန်း ၁၀၀)
၆။ ဗီလာရီးရဲလ်(ပေါင် ၇၈ သန်း)
၇။ ဘီလ်ဘာအို(ပေါင်သန်း ၆၀)
၈။ ဘက်တစ်(ပေါင် ၅၈ သန်း)
၉။ ဆိုစီဒက်(ပေါင် ၅၇ သန်း)
၁၀။ အက်စ်ပန်ညို(ပေါင် ၅၄ သန်း)
၁၁။ မာလာဂါ(ပေါင် ၄၇ သန်း)
၁၂။ ဆဲလ်တာဗီဂို(ပေါင် ၃၆ သန်း)
၁၃။ ဒီပို့တီဗို(ပေါင် ၃၆ သန်း)
၁၄။ အလာဗက်စ်(ပေါင် ၃၃ သန်း)
၁၅။ လီဂါနက်စ်(ပေါင်သန်း ၃၀)
၁၆။ အိုင်ဘား(ပေါင် ၂၉ သန်း)၊
၁၇။ လီဗန်တေး(ပေါင် ၂၈ သန်း)
၁၈။ ဂျီရိုနာ(ပေါင် ၂၇ သန်း)
၁၉။ လားစ်ပါးလ်မားစ်(ပေါင် ၂၆ သန်း)
၂၀။ ဂီတာဖေး(ပေါင် ၂၅ သန်း)

■ E-11

## ခရာဘောင်းဖလား စတုတ္ထအဆင့်ပွဲစဉ်များ မဲခွဲထုတ်ပြန်



Daily Star

**လန်ဒန်၊ စက်တင်ဘာ ၂၂**

ခရာဘောင်းဖလား(လိဂ်ဖလား) ပြိုင်ပွဲ ကျင်းပရေးကော်မတီသည် ခရာဘောင်းဖလား စတုတ္ထအဆင့်ပွဲစဉ်များကို မဲခွဲထုတ်ပြန်လိုက်ပြီဖြစ်ရာ ယခုအဆင့်တွင် လက်ရှိချန်ပီယံ မန်ယူ၊ ချယ်လ်ဆီးနှင့် စပါးတို့မှာ ပရီးမီးယားလိဂ်ပြိုင်ဘက်များနှင့် ပွဲကျပ်များ အသီးသီး ကစားကြရတော့မည်ဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။

မန်ယူသည် ခရာဘောင်းဖလား စတုတ္ထအဆင့်ပွဲစဉ်အဖြစ် ဆွမ်ဆီးအသင်းနှင့် အဝေးကွင်းပွဲစဉ်ယှဉ်ပြိုင်ရလိမ့်မည်ဖြစ်ပြီး များမကြာမီက ပရီးမီးယားလိဂ်တွင် ဆွမ်ဆီးအသင်းပိုင် လေဘာတီကွင်း၌ မန်ယူနှင့် ဆွမ်ဆီးတို့ ထိပ်တိုက်တွေ့ခဲ့ကြသည့်ပွဲစဉ်တွင် မန်ယူက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရထားသည်။

ချယ်လ်ဆီးနှင့် စပါးတို့သည် ခရာဘောင်းဖလား စတုတ္ထအဆင့်ကို အိမ်ကွင်းပွဲစဉ်များအဖြစ် လက်ခံကစားကြရလိမ့်မည်ဖြစ်ပြီး ချယ်လ်ဆီးမှာ အဲဗာတန်နှင့်လည်းကောင်း၊ စပါးမှာ ဝက်စ်ဟမ်းနှင့်လည်းကောင်း အသီးသီး မဲကျသွားခဲ့သည်ဟု ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ကြေညာထားသည်။

တတိယအဆင့်တွင် ဒွန်ကက်စတာကို တိုက်စစ်တောင်ပံကစားသမား ဝဲလ်ကော့တ်၏တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ယူကျော်ဖြတ်လာခဲ့သည့် အာဆင်နယ်သည် စတုတ္ထအဆင့်တွင် ချန်ပီယံရှစ်ကလပ် နော့ဝစ်ချ်အသင်းကို အိမ်ကွင်းပွဲစဉ်အဖြစ် လက်ခံကစားရလိမ့်မည်ဖြစ်ပြီး ယင်းခရာဘောင်းဖလား စတုတ္ထအဆင့် ပွဲစဉ်များကို လာမည့် အောက်တိုဘာလ ၂၃ ရက်နှင့် ၂၄ ရက်နေ့များတွင် ကျင်းပသွားမည်ဖြစ်ကြောင်းလည်း ပြိုင်ပွဲကျင်းပရေးကော်မတီက ရက်သတ်မှတ်ပေးထားပြီဖြစ်သည်။ ■ E-11

**ခရာဘောင်းဖလား စတုတ္ထအဆင့်ပွဲစဉ်များ (၂၃-၂၄-၁၀-၂၀၁၇)**

စပါး - ဝက်စ်ဟမ်း
ဘရစ္စတိုးစီးတီး - ခရစ္စတယ်ပဲလေ့စ်
ဆွမ်ဆီး - မန်ယူ
အာဆင်နယ် - နော့ဝစ်ချ်
ချယ်လ်ဆီး - အဲဗာတန်
မန်စီးတီး - ဝုလ်ဗာဟမ်တန်
လက်စတာ - လိဒ်စ်ယူနိုက်တက်
ဘုန်းမောက် - မစ်ဒယ်ဘရော့



# ရူနီကို တပ်ရိုက်လိုက်သည့် ဒဏ်ကြေးငွေများကို အသင်းလူမှုရေးအဖွဲ့ထံသို့ အဲဗာတန် လှူဒါန်းမည်

**လီဗာပူး၊ စက်တင်ဘာ ၂၁**

အဲဗာတန်အသင်းသည် တိုက်စစ်မှူး ရူနီကို အရက်သောက်၍ ကားမောင်းနှင်သည့်ပြစ်မှုကျူးလွန်ခဲ့ခြင်းအတွက် တပ်ရိုက်လိုက်သည့် ဒဏ်ငွေပမာဏ ပေါင်သုံးသိန်းကို အသင်းလူမှုရေးအဖွဲ့ထံသို့ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်ပြီဖြစ်သည်ဟု Daily Star က ဖော်ပြထားသည်။

ရူနီသည် လွန်ခဲ့သည့် ရက်အနည်းငယ်ခန့်က ယင်းပြစ်မှုအတွက် စတော့ခ်ပို့တ်တရားရုံးတွင် အမှုရင်ဆိုင်ခဲ့ရပြီး ဂျူရီတရားသူကြီးများက ၎င်းကို ယာဉ်မောင်းခွင့် ၂ နှစ်ပိတ်ပင် ပြစ်ဒဏ်နှင့်အတူ ဒဏ်ကြေးငွေ ပေါင် ၁၂၀,၀၀၀၊ လူမှုရေးလုပ်ငန်းများ နာရီ ၁၀၀ ဆောင်ရွက်ရန် ပူးတွဲပြစ်ဒဏ်များ ချမှတ်သွားခဲ့သည်။

အဲဗာတန်သည် ရူနီကို နှစ်ပတ်လုပ်ခလစာအား ဒဏ်ကြေးအဖြစ် ပေးဆောင်စေရန် အသင်းတွင်း အရေးယူမှု လုပ်ဆောင်လိုက်ခြင်းဖြစ်ပြီး ရူနီပေးဆောင်မည့် ဒဏ်ကြေးငွေများကို အဲဗာတန်လူမှုအဖွဲ့အစည်းကွန်ရက်၏ကဏ္ဍာရပ် ၄၀ တွင် မျှဝေသုံးစွဲသွားမည်ဖြစ်ကြောင်း အဲဗာတန်အသင်း တာဝန်ရှိသူတစ်ဦးကလည်း ရှင်းပြသွားခဲ့သည်။

အဲဗာတန်လူမှုအဖွဲ့အစည်းကွန်ရက်သည် စိတ်ရောဂါဝေဒနာသည်များ၊ လူငယ်များ၏ပညာရေးနှင့် ကျန်းမာရေး အစရှိသည်တို့ကို ထောက်ပံ့ကူညီပေးလျက်ရှိပြီးဖြစ်ပျက်ခဲ့သည့်ကိစ္စများအတွက် ရူနီက အသင်းတာဝန်ရှိသူများကို ဝန်ချတောင်းပန်ခဲ့ပြီးပြီဖြစ်ကြောင်းလည်း အဲဗာတန်က သတင်းထုတ်ပြန်ထားသည်။

■ E-11

# ပရိသတ်ဝင်ရောက်မှု အနည်းဆုံးစံချိန်ကို အာဆင်နယ် ရင်ဆိုင်ခဲ့ရ

**လန်ဒန်၊ စက်တင်ဘာ ၂၁**

အာဆင်နယ်အသင်းသည် ဒွန်ကက်စတာကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ခရာဘောင်းဖလား တတိယအဆင့်ပွဲစဉ်တွင် အသင်းသမိုင်းကြောင်းတစ်လျှောက် ကွင်းဝင်ပရိသတ်အနည်းဆုံးစံချိန်ဖြင့် ရင်ဆိုင်ကြုံဆုံလိုက်ရကြောင်း Daily Mail က ဖော်ပြထားသည်။



အာဆင်နယ်နှင့် ဒွန်ကက်စတာတို့ ယှဉ်ပြိုင်ခဲ့ကြသည့် ခရာဘောင်းဖလားပွဲစဉ်ကို အာဆင်နယ်အသင်းပိုင် အမ်းမရိတ်စ်ဘောလုံးကွင်းသို့ ပရိသတ်အရေအတွက် ၄၄,၀၆၄ ယောက်သာ လာရောက်ကြည့်ရှုခဲ့ပြီး အာဆင်နယ်အသင်းကမှု လက်မှတ်ဝယ်ယူထားသည့် ပရိသတ်အရေအတွက်မှာ အများအပြားရှိခဲ့သော်လည်း အမှန်တကယ် ပွဲလာရောက်ကြည့်ရှုသူနည်းပါးသည့်အတွက် ကွင်းဝင်ပရိသတ်ကျဆင်းသည်ဟု ထင်မှတ်လိုက်ရခြင်းဖြစ်ကြောင်း ကာကွယ်ပြောဆိုသွားခဲ့သည်။

ယခုမတိုင်မီတွင် အာဆင်နယ်အတွက် ကွင်းဝင်ပရိသတ်အနည်းဆုံးစံချိန်ကို ရင်ဆိုင်ခဲ့ရသည်မှာ ၂၀၁၁ ခုနှစ်တွင် ရှရူးဘူရီနှင့်ယှဉ်ပြိုင်ခဲ့သော လိဂ်ဖလားပွဲစဉ်ဖြစ်ပြီး ယင်းပွဲစဉ်ကို လာရောက်ကြည့်ရှုခဲ့သည့် ပရိသတ်အရေအတွက်မှာ ၄၆,၅၃၉ ယောက်ရှိခဲ့ကြောင်း သမိုင်းအထောက်အထားများက ပြဆိုလျက်ရှိသည်။

အာဆင်နယ်နှင့် ဒွန်ကက်စတာတို့ ယှဉ်ပြိုင်ခဲ့ကြသည့် ခရာဘောင်းဖလား တတိယအဆင့်ပွဲစဉ်ကို လာရောက်ကြည့်ရှုအားပေးခဲ့ကြသူများအနက်တွင် မန်ယူဂန္ထဝင်နည်းပြကြီး ဖာဂူဆန်လည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့ပြီး ဖာဂူဆန်မှာ ဒွန်ကက်စတာအသင်းကို တာဝန်ယူကိုင်တွယ်နေသော ၎င်း၏သား ဒါရင်းဖာဂူဆန်၏အရည်အသွေးကို လာရောက်အကဲခတ်ခြင်းဖြစ်ဖွယ်ရှိသည်ဟု သတင်းမီဒီယာများက သုံးသပ်ထားသည်။

■ E-11

# အာရှရုံတွင်း အားကစားပြိုင်ပွဲဝင် မြန်မာဘိလိယက်နှင့်စနူကာအဖွဲ့ တစ်ဦးချင်းပြိုင်ပွဲတွင် ရှုံးထွက်အဆင့်ကထွက်ရ

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

အာရှအိုလံပစ်ကောင်စီက ဦးဆောင်ကျင်းပနေသည့် ပဉ္စမအကြိမ်မြောက် အာရှရုံတွင်း အားကစားပြိုင်ပွဲဝင် မြန်မာဘိလိယက်နှင့် စနူကာ အားကစားအဖွဲ့အနေနှင့် တစ်ဦးချင်းပြိုင်ပွဲများတွင် ရှုံးထွက်အဆင့်ကပင် ထွက်ခဲ့ရသည်။

တပ်ခ်မင်နစ္စတန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံက ဘိလိယက်၊ စနူကာ အားကစားနည်းတို့ ယှဉ်ပြိုင်နေခြင်းဖြစ်သည်။

အမျိုးသားတစ်ဦးချင်း စနူကာ (6 Red) အမျိုးအစားပြိုင်ပွဲတွင် ကိုထက်က ၃၂ ဦး ရှုံးထွက်အဆင့်တွင် ထိုင်းကစားသမား PHONBUN Phaithoon ကို ၅-၄ ဖြင့် အနိုင်ရခဲ့သော်လည်း ၁၆ ဦးအဆင့် ရှုံးထွက်ပြိုင်ပွဲတွင် အိန္ဒိယကစားသမားကို ၅-၂ ဖြင့် ရှုံးနိမ့်ခဲ့သည်။

ယင်းအပြင် အမျိုးသားတစ်ဦးချင်း 9 Ball Pool အမျိုးအစားပြိုင်ပွဲတွင် အောင်မိုးသူသည် ထိုင်းကစားသမား CHOTIPONG Amnuayporn ကို ၉-၁ ဖြင့်ရှုံးကာ ၃၂ ဦးအဆင့် ရှုံးထွက်ပြိုင်ပွဲကပင် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲများတွင် ရှုံးနိမ့်ခဲ့သော်လည်း မြန်မာဘိလိယက်နှင့်စနူကာအားကစားအဖွဲ့သည် စက်တင်ဘာလ ၂၂ ရက်တွင် အမျိုးသားအသင်းလိုက် စနူကာပြိုင်ပွဲအဖြစ် ပါကစ္စတန်အသင်း၊ စက်တင်ဘာလ ၂၃ ရက်တွင် 9 Ball Pool Scotch Doubles ပြိုင်ပွဲကို ဟောင်ကောင်အသင်း၊ စက်တင်ဘာလ ၂၄ ရက်တွင် အမျိုးသားတစ်ဦးချင်း စနူကာပြိုင်ပွဲတို့ ယှဉ်ပြိုင်ရန် ကျန်ရှိနေသေးသည်။

အဆိုပါ အားကစားပြိုင်ပွဲကို တပ်ခ်မင်နစ္စတန်နိုင်ငံ အက်ရှ်ဂါဘတ်မြို့၌ စက်တင်ဘာ ၁၇ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကာ အားကစားနည်း ၂၁ မျိုးကို နိုင်ငံပေါင်း ၆၂ နိုင်ငံမှ ကစားသမား ၆၀၀၀ ခန့် ယှဉ်ပြိုင်လျက်ရှိသည်။

မြန်မာအားကစားအဖွဲ့များသည် အာရှရုံတွင်းအားကစားပြိုင်ပွဲများ စတင်ကျင်းပခဲ့သည့် ၂၀၀၅ ခုနှစ်ကစ၍ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ရာ ပြိုင်ပွဲတစ်လျှောက် ရွှေတံဆိပ်ဆု ရယူနိုင်ခြင်းမရှိသေးဘဲ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်လေးခု ရရှိထားသည်။

■ J-04

# THE VOICE FRIDAY SPORTS NEWS

- ဝက်ဖို့ဒ်အသင်းသည် အသင်းနောက်ခံကစားသမား ပရိုဒယ်လ်ကို လေးနှစ်သက်တမ်း စာချုပ်သစ်တစ်ရပ် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ပြီး ယင်းစာချုပ်သစ်အရ ပရိုဒယ်လ်မှာ ၂၀၂၁ ခုနှစ် ဇွန်လတိုင်သည်အထိ ဝက်ဖို့ဒ်ထံတွင် ဆက်ရှိသွားတော့မည်ဖြစ်ကြောင်း Sportmail က ဖော်ပြထားသည်။
- ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)သည် ၂၀၁၉ ခုနှစ် ချန်ပီယံလိဂ်ဖိုင်နယ်ပွဲနှင့် ယူရိုပါလိဂ်ဖိုင်နယ်ပွဲတို့ ကျင်းပမည့် ဘောလုံးကွင်းများကို ရွေးချယ်လိုက်ပြီဖြစ်ရာ ချန်ပီယံလိဂ်ဖိုင်နယ်ပွဲအတွက် အက်သလက်တီကိုအသင်းပိုင် ဝန်ဒါ မက်ထရိုပိုလီတာနိုဘောလုံးကွင်းကိုလည်းကောင်း၊ ယူရိုပါလိဂ်ဖိုင်နယ်ပွဲအတွက် အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့ရှိ အိုလံပစ်ဘောလုံးကွင်းကိုလည်းကောင်း ယူအီးအက်ဖ်အေက ရွေးချယ်လိုက်သည်ဟု The Sun က ဖော်ပြထားသည်။
- ဘရိုက်တန်အသင်းသည် အငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် နယူးကာဆယ်ဂိုးသမား တင်မ်ကားလ်ကို အပြီးသတ်စာချုပ်တစ်ရပ် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။ တင်မ်ကားလ်သည် ဘရိုက်တန်ထံသို့ အပြောင်းအရွှေ့ဈေးကွက် ပိတ်သိမ်းရန် သီတင်းပတ်အနည်းငယ်ခန့်အလိုတွင် အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာခဲ့ပြီး ၎င်း၏စွမ်းဆောင်ရည်ကို နှစ်ခြိုက်သဘောကျသည့်အတွက် အငှားစာချုပ်ကို အပြီးသတ်ခေါ်ယူမှု စာချုပ်အဖြစ် ဘရိုက်တန်က ချက်ချင်းပင် ပြောင်းလဲလိုက်ခြင်းဖြစ်သည်။
- ချယ်လ်ဆီးနှင့် အဲဗာတန်တို့သည် နေမာနှင့်ပုဂ္ဂိုလ်ရေး အဆင်မပြေမှုများကြောင့် ပီအက်စ်ဂျီကို စွန့်ခွာရဖွယ်ရှိနေသည့် တိုက်စစ်မှူး ကာဗာနီကိုခေါ်ယူရန် စောင့်ကြည့်မှုများရှိနေပြီဖြစ်ကြောင်း Sky Sports က ဖော်ပြထားသည်။
- မန်ယူအသင်းသည် နှစ်ပတ်လည်ဘဏ္ဍာရေးစာရင်းရှင်းတမ်းတစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ရာ ယင်းစာရင်းရှင်းတမ်းအရ ကုန်လွန်ခဲ့သည့် ၂၀၁၆-၁၇ ဘောလုံးရာသီအတွင်း မန်ယူမှာ ကဏ္ဍာအရပ်ရပ်မှနေ၍ ဝင်ငွေပမာဏ ပေါင် ၅၈၁ ဒသမ ၂ သန်း ရရှိခဲ့ပြီး အမြတ်ငွေသီးသန့် ပေါင် ၈၀ ဒသမ ၈ သန်း ပိုင်ဆိုင်ခွင့်ရသွားခဲ့ကြောင်း Daily Star က ဖော်ပြထားသည်။ မန်ယူ၏အကြွေးငွေပမာဏသည်လည်း ပေါင် ၂၆၀ ဒသမ ၉ သန်းမှနေ၍ ပေါင် ၂၁၃ ဒသမ ၃ သန်းသို့ လျော့ကျသွားခဲ့ပြီဖြစ်သည်။
- မန်စီးတီးက ဝက်စ်ဘရွန်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ခရာဘောင်းဖလား တတိယအဆင့်ပွဲစဉ်တွင် မန်စီးတီးကွင်းလယ်ကစားသမား ဂန်ဒိုဂန်သည် ဒဏ်ရာပြန်လည်ရရှိသွားခဲ့ပြီး ဂန်ဒိုဂန်၏ဒဏ်ရာဆိုးရွားပြင်းထန်မည်ကို နည်းပြဂွါဒီယိုလာက လွန်စွာစိုးရိမ်ပူပန်နေကြောင်း Daily Mail က ဖော်ပြထားသည်။ မန်စီးတီးအသင်းဆေးအဖွဲ့သည် လက်ရှိတွင် ဂန်ဒိုဂန်၏ဒဏ်ရာကို ပထမအဆင့်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီးပြီဖြစ်ကာ ဒဏ်ရာမှာ ထင်မှတ်ထားသကဲ့သို့ ပြင်းထန်မည်မဟုတ်ဟု ၎င်းတို့က အကောင်းမြင်ထားကြသည်။
- ဘန်လေအသင်းသည် ပခုံးအဆစ်လွဲချော်သွားခဲ့သည့်အတွက် ကာလအတန်ကြာ အနားပေးရတော့မည်ဖြစ်သော ဂိုးသမား တွမ်ဟီတန်၏ကွက်လပ်ကို အစားဖြည့်ရန်အတွက် မန်ယူဂိုးသမားဟောင်း လင်ဒီဂတ်ဒ်ကို လက်ရှိဘော လုံးရာသီပြီးဆုံးချိန်တိုင်အထိ သက်တမ်းရှိသော ကာလတိုစာချုပ်တစ်ရပ်ဖြင့် လက်မှတ်ရေးထိုးခေါ်ယူလိုက်ပြီဖြစ်ကြောင်း The Guardian က ဖော်ပြထားသည်။
- မန်စီးတီးအသင်းသည် အသက် ၃၂ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဖာနန်ဒင်ညိုကို စာချုပ်သစ်ချုပ်ဆိုရန်အတွက် ဆွေးနွေးညှိနှိုင်းနေပြီဖြစ်ပြီး နှစ်ဦးနှစ်ဖက်အကြားတွင် များမကြာမီအချိန်အတွင်း အပြီးသတ်သဘောတူညီမှုတစ်ခု ရရှိနိုင်လိမ့်မည်ဟု ၎င်းတို့အနေနှင့် မျှော်လင့်ထားကြောင်း မန်စီးတီးအသင်းတာဝန်ရှိသူတစ်ဦးက ဖွင့်ဟပြောကြားထားပြီဖြစ်သည်ဟု The Mirror က ဖော်ပြထားသည်။ မန်စီးတီးနှင့် ဖာနန်ဒင်ညိုတို့အကြားရှိ စာချုပ်သည် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်၍ ၎င်းကို စာချုပ်သစ်ချုပ်ရန် မန်စီးတီးက ယခုကဲ့သို့ ဆွေးနွေးလိုက်ခြင်းဖြစ်သည်။
- အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)သည် အင်္ဂလန်အမျိုးသမီးလက်ရွေးစင်အသင်းနည်းပြ မာ့ခ်ဆမ့်ဆင်ကို ဘရစ္စတိုးလူငယ်အကယ်ဒမီတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်ကာလအတွင်း အမျိုးသမီးဘောလုံးကစားသမားများအပေါ် မှုမမှန်သည့်ဆက်ဆံပြုမူမှုများရှိခဲ့ကြောင်း စစ်ဆေးတွေ့ရှိသည့်အတွက် ရာထူးက ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း BBC က ဖော်ပြထားသည်။
- မန်ယူအသင်းအားပေးသူများသည် တိုက်စစ်မှူး လုကာကုကို ဂုဏ်ပြုရန် ရည်ရွယ်ချက်ဖြင့် ၎င်းတို့ သီဆိုနေသည့်သီချင်းတွင် လူမျိုးရေးခွဲခြားသည့် စာသားများပါရှိသည်ဟု အကြောင်းပြ၍ ယင်းသီချင်းကို မသီဆိုရန် တားမြစ်ကန့်ကွက်နေသည့် လူမျိုးရေးခွဲခြားမှုပပျောက်ရေးဆိုင်ရာ လူမှုအဖွဲ့အစည်း Kick It Out ၏တောင်းဆိုချက်ကို လက်ခံမည်မဟုတ်ဘဲ ဆက်လက်သီဆိုသွားမည်သာဖြစ်သည်ဟု တုံ့ပြန်လိုက်ပြီဖြစ်ကြောင်း Sky Sports က ဖော်ပြထားသည်။ မန်ယူအသင်းပရိသတ်များသည် တိုက်စစ်မှူး လုကာကုက ယင်းသီချင်းဖြင့် ၎င်းကို ဂုဏ်ပြုသည်အား သဘောမကျသည့်အတွက် နောက်နောင်တွင် မသီဆိုကြရန် တောင်းဆိုလာမှသာ သီချင်းသစ်တစ်ပုဒ် ပြောင်းလဲသီဆိုသွားမည်ဟု စိတ်ပိုင်းဖြတ်ထားကြသည်။
- ချယ်လ်ဆီးနည်းပြ ဒီယေဂိုကော်စတာသည် ၎င်း၏အသင်းဟောင်း အက်သလက်တီကိုထံသို့ ပြန်လည်ပြောင်းရွှေ့နိုင်ရန် လွန်စွာနီးစပ်သွားခဲ့ပြီဖြစ်ပြီး အက်သလက်တီကိုနှင့် ဒီယေဂိုကော်စတာတို့အကြားတွင် အပြောင်းအရွှေ့နှင့်သက်ဆိုင်သည့် ဆေးစစ်မှုများကို များမကြာမီအချိန်အတွင်း ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း AS က ဖော်ပြထားသည်။

■ E-11

# ရီးရဲလ်မက်ဒရစ်၏ ၇၃ ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်သည့်စံချိန် ကျိုးပျက်

**မက်ဒရစ်၊ စက်တင်ဘာ ၂၁**

ရီးရဲလ်မက်ဒရစ်အသင်းသည် ဘက်တစ်ကို တစ်ဂိုး ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့ရသည့် လာလီဂါပွဲစဉ်အပြီးတွင် ပြိုင်ပွဲအရပ်ရပ်၌ ပွဲစဉ် ၇၃ ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့သည့် စံချိန်ကောင်းတစ်ခု ကျိုးပျက်သွားခဲ့ရကြောင်း Daily Mail က ဖော်ပြထားသည်။

ဘက်တစ်သည် အသင်း၏နောက်ဆုံး ၁၉ နှစ်တာကာလဖြတ်သန်းမှုအတွင်း ရီးရဲလ်မက်ဒရစ်အသင်းပိုင် ဘာနေဗျူးဘောလုံးကွင်းတွင် ပထမဆုံးအကြိမ်အဖြစ် နိုင်ပွဲတစ်ပွဲ ပြန်လည်ရှာဖွေရရှိခြင်းဖြစ်ပြီး ဘက်တစ်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲကစားချိန် ၉၄ မိနစ်သို့ အရောက်တွင် ဆာနာဘရီးယားက သွင်းယူပေးသွားခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်သည် လက်ရှိတွင် အိမ်ကွင်း၌ယှဉ်ပြိုင်ကစားရသည့် လာလီဂါပွဲစဉ် သုံးပွဲဆက်တိုက် နိုင်ပွဲပျောက်ခဲ့ရပြီဖြစ်ကာ ရီးရဲလ်မက်ဒရစ်အသင်းသမိုင်းကြောင်းတစ်လျှောက်တွင် အိမ်ကွင်း၌ အမှတ်ပေးပွဲစဉ် သုံးပွဲဆက်တိုက် နိုင်ပွဲပျောက်သည့်အခြေအနေမှာ တတိယအကြိမ်မြောက်အဖြစ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်နှင့် ဘက်တစ်တို့သည် ပွဲမစတင်မီတွင် မက္ကဆီကိုနိုင်ငံ၌ လှုပ်ခတ်သွားခဲ့သည့် ရစ်ချ်တာစကေး ၇ ဒသမ ၁ ပြင်းအားရှိသည့်ငလျင်ကြီးကြောင့် အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးခဲ့ကြရသူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ်ငြိမ်သက် ရပ်တန့်ခဲ့ပြီး ယင်းငလျင်သဘာဝဘေးတွင် အသက်ဆုံးရှုံးခဲ့ရသူအရေအတွက်မှာ ၂၂၉ ဦးရှိကြောင်း မက္ကဆီကိုအစိုးရက သတင်းထုတ်ပြန်ထားပြီဖြစ်သည်။ ■ E-11


AP

# မန္တလေးတွင်ကျင်းပမည့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ မြဝတီရုပ်သံက တိုက်ရိုက်ပြမည်

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

မန္တလေးမြို့တွင်ကျင်းပမည့် ရိုးရာကျားတို့အားပြိုင်ပွဲ-၅ ဟုအမည်ပေးထားသော ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို မြဝတီရုပ်သံနှင့် For Sports ရုပ်သံတို့တွင် တိုက်ရိုက်ပြမည်ဖြစ်ကြောင်း ယင်းပွဲစီစဉ်သူများထံမှ သိရသည်။

ယင်းလက်ဝှေ့စိန်ခေါ်ပွဲကို အောက်တိုဘာလ ၈ ရက်နေ့ညနေ ခြောက်နာရီတွင် မန္တလေးမြို့ရှိ မန္တလာသီရိ အားကစားရုံသစ်တွင် ကျင်းပမည် ဖြစ်ကြောင်း ပွဲစီစဉ်သူ ဦးလေးကျားက ပြောကြားသည်။

"ဒီပွဲမှာ ဖျော်ဖြေရေးပိုင်းတွေလည်း အများကြီးထည့်ထားတယ်။ ဝင်ကြေးလည်း လျှော့ထားတယ်။ ပရိသတ်များများ လာကြည့်စေချင်တဲ့အတွက်ပါ။ ကျွန်တော်တို့စီစဉ်ထားတာတွေကို ပရိသတ်တွေ ကျေနပ်စေရမယ်ဆိုတာ ယုံကြည်ပါတယ်"ဟု ၎င်းကဆိုသည်။

ယင်းပွဲတွင် အဓိကတွဲဆိုင်းအဖြစ် စောဂေါ်မူဒို(သတ္တိ) နှင့် သွေးသစ်ဝင်းလှိုင် (အဇန်းချား)တို့ ထိုးသတ်မည်ဖြစ်ပြီး အနိုင်ရရှိသူသည် အပိုဆုကြေး ကျပ်ဆယ်သိန်း၊ ဖိုးလပြည့်(ရွှေဖူး)နှင့်စောဘဦး (တောင်ကလေး)တို့ တွဲဆိုင်းမှ အနိုင်ရသူသည် အပိုဆုကြေး ကျပ်ခုနစ်သိန်း ရမည်ဖြစ်ကြောင်း ပွဲစီစဉ်သူများက ပြောဆိုသည်။

မိုက်ရိုင်း(ရွှေဖူး)နှင့် ရန်နိုင်ထွန်း (သုံးပန်လှ)၊ ထွန်းလွင်မိုး(နဂါးမာန်) နှင့် စောမင်းမင်း(T&T)၊ ဗထူးမောင် (ဗမာ့သွေး)နှင့် ထွန်းနိုင်ဦး (STL)၊ စောထူးဇော် (သုံးပန်လှ) နှင့် ပတ်ကျော်လင်းနိုင် (တိုက်ဂါး)၊ စိန်လုံးချော (ဗမာ့သွေး) နှင့် လွမ်ချိုင်း(အဇန်းချား) တို့တွဲဆိုင်းများမှ အနိုင်ရသူများကိုလည်း အပိုဆုကြေး ကျပ်ငါးသိန်းစီ ချီးမြှင့်မည်ဖြစ်သည်။

ရဲမာန်ဟိန်း (ထွန်းထွန်းမင်း) နှင့် စောဒါဝိတ်(တောင်ကလေး)၊ ဒေါင်းဖြူလေး (အဇန်ချား) နှင့် ဖွဲ့ရွှေကို( T&T)၊ သပြေအောင်( သုံးပန်လှ) နှင့် သိန်းစိုး (အဖြူရောင်သွေးသစ်) တွဲဆိုင်းများအနေနှင့် အပိုဆုကြေး ကျပ်သုံးသိန်းစီ ရရှိမည်ဖြစ်သည်။

ကစားသမားများ၏ ထိုးသတ်ကြေးများ စုစုပေါင်းတန်ဖိုးသည် ကျပ်သိန်း ၂၄၀ ဝန်းကျင်ရှိသောကြောင့် အဆိုပါ လက်ဝှေ့စိန်ခေါ်ပွဲအတွက် ကုန်ကျစရိတ်သည် ကျပ်သိန်းငါးရာခန့် ကုန်ကျနိုင်သည်ဟု ခန့်မှန်းထားကြောင်း ပွဲစီစဉ်သူများက ပြောဆိုသည်။ ■ J-04



Daily Star

# ခရာဘောင်းဖလားကဲ့သို့သော ပြိုင်ပွဲမျိုးကို ဖျက်သိမ်းပစ်လိုက်သင့်သည်ဟု မော်ရင်ညို သုံးသပ်

**မန်ချက်စတာ၊ စက်တင်ဘာ ၂၁**

မန်ယူနည်းပြ မော်ရင်ညိုသည် ဥရောပပြိုင်ပွဲများတွင် အင်္ဂလိပ်ကလပ်အသင်းများ ရလဒ်ကောင်းများရယူနိုင်ရန်အတွက် ခရာဘောင်းဖလား(လိဂ်ဖလား)ကဲ့သို့သော ပြိုင်ပွဲမျိုးကို ဖျက်သိမ်းပစ်လိုက်သင့်သည်ဟု သုံးသပ်ပြောကြားသွားခဲ့ကြောင်း Daily Star က ဖော်ပြထားသည်။

မော်ရင်ညိုသည် အင်္ဂလိပ်ကလပ်အသင်းများမှာ ခရာဘောင်းဖလားပြိုင်ပွဲကြောင့် မလိုအပ်ဘဲနှင့် ပွဲစဉ်အပိုများ ကစားရသကဲ့သို့ဖြစ်နေသည်ဟု ထောက်ပြသွားခဲ့ပြီး ယင်းသို့ ပွဲဆက်များမှု၏ရိုက်ခတ်ခြင်းဒဏ်ကို ဥရောပပွဲစဉ်များ ယှဉ်ပြိုင်ချိန်တွင် အင်္ဂလိပ်အသင်းအသင်းများက အလူးအလဲ ခံစားကြရလေ့ရှိကြောင်း မော်ရင်ညိုက ဆက်လက်အသိပေးသွားခဲ့သေးသည်။

မော်ရင်ညိုသည် မန်ယူက ဘာတန်ကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ခရာဘောင်းဖလား တတိယအဆင့်ပွဲစဉ်တွင် အဲဗာတန်ကို အနိုင်ရခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်မှ ပွဲထွက်လူစာရင်းကို နေရာကိုးနေရာ အပြောင်းအလဲလုပ်၍ အသင်းကို အထိုင်ချသွားခဲ့ပြီး ၎င်းတို့နှင့်ယှဉ်ပြိုင်ခဲ့သည့် ဘာတန်မှာလည်း နောက်ဆုံးကစားခဲ့သည့် အမှတ်ပေးပွဲစဉ်မှ ပွဲထွက်လူစာရင်းကို နေရာကိုးနေရာ အပြောင်းအလဲလုပ်၍ ခရာဘောင်းဖလားပွဲစဉ်ကို ကစားသွားခဲ့ခြင်းဖြစ်ကြောင်း မော်ရင်ညိုက ပြောကြားသွားခဲ့သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် မော်ရင်ညိုက "ကျွန်တော့်အမြင်ကို ပြောရရင် အင်္ဂလိပ်ကလပ်အသင်းတွေအတွက် ခရာဘောင်းဖလား(လိဂ်ဖလား) ပြိုင်ပွဲက ကြီးမားတဲ့ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုပါပဲ။ ဒီပြိုင်ပွဲရှိနေတာက အသင်းအားလုံးအပေါ်မှာ ရိုက်ခတ်မှုတွေ ရှိနေပါတယ်။ အထူးသဖြင့် ဥရောပပြိုင်ပွဲတွေ ပါဝင်ကစားနေရတဲ့အသင်းတွေအတွက် အခုလိုပွဲဆက်များတာက သိပ်ပြီး မကောင်းလှပါဘူး။ ဖြစ်နိုင်မယ်ဆိုရင် ခရာဘောင်းဖလား(လိဂ်ဖလား)လို ပြိုင်ပွဲမျိုးကို ဖျက်သိမ်းပစ်လိုက်သင့်ပါပြီ"ဟု အသိပေးသွားခဲ့သည်။

မော်ရင်ညိုသည် လိဂ်ဖလားပြိုင်ပွဲသမိုင်းကြောင်းတစ်လျှောက်တွင် အအောင်မြင်ဆုံးနည်းပြစာရင်း၌ ဖာဂူဆန်၊ ဘရိုင်ယန်ကလောက်ချ်တို့နှင့် ပူးတွဲရပ်တည်လျက်ရှိပြီး ၎င်းတို့မှာ၎င်းတို့တာဝန်ယူသည့်အသင်းများနှင့်အတူ လိဂ်ဖလားကို လေးကြိမ်စီ ရရှိထားသူများဖြစ်ကြသည်။ ■ E-11

# မန်ယူ ၉၂ မျိုးဆက်များ တက္ကသိုလ်ဖွင့်မည်

**မန်ချက်စတာ၊ စက်တင်ဘာ ၂၁**

မန်ယူ ၉၂ မျိုးဆက် ကစားသမားများဖြစ်ကြသည့် ဂယ်ရီနဗီးလ်၊ ဖီးလ်နဗီးလ်၊ ရိုင်ယန်ဂစ်၊ ပေါလ်စခိုးနှင့် နီကီဘတ်တို့သည် တက္ကသိုလ်တစ်ခု တည်ထောင်ဖွင့်လှစ်ရန် စီစဉ်နေပြီဖြစ်ပြီး ယင်းတက္ကသိုလ်ကို မန်ယူအသင်းပိုင် အိုးလ်ထရက်ဖို့ဒ်ဘောလုံးကွင်း ပတ်ဝန်းကျင်တွင် တည်ဆောက်သွားမည်ဟုလည်း ၉၂ မျိုးဆက် ကစားသမားများက အတည်ပြုထားပြီဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။

မန်ယူ ၉၂ မျိုးဆက် ကစားသမားများသည် ၎င်းတို့တည်ထောင်မည့် တက္ကသိုလ်ကို University Academy 92(UA92) ဟု အမည်ပေးအပ် မှည့်ခေါ်သွားလိမ့်မည်ဖြစ်ပြီး ယင်းတက္ကသိုလ်ကို ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် စတင်ဖွင့်လှစ်ကာ ကျောင်းသားများ လက်ခံသွားမည်ဖြစ်ကြောင်း ဂယ်ရီနဗီးလ်က အသိပေးထားပြီဖြစ်သည်။

မန်ယူ ၉၂ မျိုးဆက် ကစားသမားများသည် လက်ရှိတွင် ဆဲလ်ဖို့ဒ်စီးတီးအသင်း၏ရှယ်ယာများကိုဝယ်ယူ၍ ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ထားပြီး အနာဂတ်ကာလတွင် ဂလေဇာမိသားစုထံမှနေ၍ မန်ယူကို လွှဲပြောင်းဝယ်ယူရန်လည်း ယင်းကစားသမားများတွင် စိတ်ကူးရှိကြောင်း ၎င်းတို့နှင့်ရင်းနှီးသူများက ဖွင့်ဟပြောကြားထားသည်။

University Academy 92 (UA92) တည်ထောင်မှုကို လန်ကက်ရှိုင်းယားတက္ကသိုလ်နှင့် ထရက်ဖို့ဒ်ကောင်စီတို့မှနေ၍ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပြီး ၂၀၂၈ ခုနှစ်တွင် ၎င်းတို့၏တက္ကသိုလ်၌ တက်ရောက်ပညာသင်ကြားသည့် ကျောင်းသားအရေအတွက်မှာ အနိမ့်ဆုံးအဖြစ် ၆,၅၀၀ ရှိနေရန်လည်း မန်ယူ ၉၂ မျိုးဆက် ကစားသမားများက ရည်မှန်းထားကြသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ဂယ်ရီနဗီးလ်က "ကျွန်တော်တို့ရဲ့တက္ကသိုလ်မှာ ပရော်ဖက်ရှင်နယ်ဆန်ဆန် အလုပ်လုပ်ကိုင်ခြင်း၊ ဖိအားများကို ရင်ဆိုင်ဖြေရှင်းခြင်း၊ ငွေရေးကြေးရေးနဲ့ ခေါင်းဆောင်ခြင်း အတတ်ပညာတွေကိုသင်ကြားပို့ချပေးသွားမှာပါ။ ဒီတက္ကသိုလ်ကထွက်တဲ့ကျောင်းသားတစ်ယောက်ဟာ စိတ်ပိုင်းဆိုင်ရာရော ရုပ်ပိုင်းဆိုင်ရာပါ ပြီးပြည့်စုံနေစေဖို့ ကျွန်တော်တို့ အလိုရှိပါတယ်"ဟု ပြောကြားသွားခဲ့သည်။ ■ E-11


Getty Images

# FOREIGN AFFAIRS




## ကုလသမဂ္ဂတွင်ပြောသော ထရမ့်၏မိန့်ခွန်းသည် ခွေးဟောင်သံဖြစ်သည်ဟု မြောက်ကိုရီးယား တုံ့ပြန်



**နယူးယောက်၊ စက်တင်ဘာ ၂၁**

ကုလသမဂ္ဂအထွေထွေညီလာခံတွင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ မိန့်ခွန်း ပြောဆိုမှုသည် ခွေးတစ်ကောင်၏ ဟောင်သံပင်ဖြစ်သည်ဟု မြောက်ကိုရီးယား ထိပ်တန်း သံတမန်တစ်ဦးက ဝေဖန်ပြောကြားလိုက်ကြောင်း BBC သတင်းဌာနက ရေးသားဖော်ပြသည်။

စက်တင်ဘာလ ၁၉ ရက်နေ့က နယူးယောက်မြို့တွင် ကျင်းပပြုလုပ်သော အထွေထွေညီလာခံ၌ ထရမ့်က အကယ်၍ မြောက်ကိုရီးယားသည် အမေရိကန်ပြည်ထောင်စုနှင့် မဟာမိတ်များကို အန္တရာယ်ပေးခြိမ်းခြောက်လာမည်ဆိုပါက ယင်းနိုင်ငံကို တိုက်ခိုက်ချေမှုန်းပစ်မည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့သည်။

အဆိုပါပြောဆိုမှုနှင့်ပတ်သက်၍ မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ရီယောင်ဟိုက ခွေးတစ်ကောင်၏ ဟောင်သံအဖြစ် တုံ့ပြန်ပြောဆိုလိုက်ခြင်းဖြစ်သည်။

နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်တွင် သတင်းထောက်များနှင့်တွေ့ဆုံရာ၌ မစ္စတာရီယောင်ဟိုက "ဟိုဆိုရိုးစကားထဲကအတိုင်းပါပဲ၊ ခွေးတွေဟောင်နေရင်တောင်၊ ချီတက်ပွဲကြီးကတော့ ရှေ့ဆက်နေမှာပဲ ဆိုတာမျိုးလေ။ တကယ်လို့ သူ(ထရမ့်)က ကျွန်တော်တို့တစ်တွေကို ခွေးဟောင်သံပေးပြီး ကျုပ်တို့ကို အံ့အားသင့်အောင်လုပ်ဖို့ စဉ်းစားမယ်ဆိုရင် သူဟာ လုံးလုံးလျားလျား အိပ်မက်မက်နေတာပဲဖြစ်မယ်" ဟု ပြောကြားသည်။

ထရမ့်က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် သူကိုယ်တိုင်ရော သူ၏ကွန်မြူနစ်အစိုးရကိုပါ သေကြောင်းကြံစည်နေသည့် ရော့ကက်လူသားဖြစ်သည်ဟု ဝေဖန်ပြောဆိုခဲ့သည်။

အဆိုပါရော့ကက်လူသားဟူသော အသုံးအနှုန်းနှင့်ပတ်သက်၍ မစ္စတာရီယောင်ဟိုက "ကျွန်တော်ကတော့ သူ(ထရမ့်)ရဲ့ တပည့်တွေအတွက် စိတ်မကောင်းဖြစ်မိတယ်" ဟု သုံးသပ်ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး မစ္စတာရီယောင်ဟိုသည် စက်တင်ဘာ ၂၂ ရက်(ယနေ့)တွင် ကုလသမဂ္ဂ၌ မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

လေ့လာစောင့်ကြည့်သူ လက်နက်ပညာရှင်များက မြောက်ကိုရီးယားနိုင်ငံ အနေနှင့် တာဝေးပစ်ဒုံးကျည်နှင့် နျူကလီးယားအစီအစဉ်များကို လျင်လျင်မြန်မြန်ပင် တိုးတက်ဖြစ်ထွန်းအောင် လုပ်ဆောင်နိုင်ခဲ့သည်မှာ အံ့အားသင့်စရာကောင်းလွန်းကြောင်း ပြောကြားသည်။

ပြီးခဲ့သည့် စက်တင်ဘာလ ၃ ရက်နေ့တွင် မြောက်ကိုရီးယားက ခြောက်ကြိမ်မြောက်နှင့် အကြီးမားဆုံး နျူကလီးယားစမ်းသပ်မှုကြီးကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ကြောင်း ကြေညာခဲ့သည်။

အဆိုပါစမ်းသပ်မှုကြောင့် မြောက်ကိုရီးယားနိုင်ငံအပေါ် ကုလသမဂ္ဂက ပိုမိုတင်းကျပ်သည့် ဒဏ်ခတ်အရေးယူမှုများ ထပ်မံပြဋ္ဌာန်းခဲ့သည်။ ယင်းဒဏ်ခတ်အရေးယူမှုအစီအစဉ်သစ်အရ မြောက်ကိုရီးယားသို့ လောင်စာရောင်းချမှုနှင့် ယင်းနိုင်ငံမှ အထည်ချုပ်လုပ်ငန်းထုတ်ကုန်များ တင်ပို့မှုတို့ကို ပိတ်ပင်တားမြစ်ထားသည်။ ■ F-01



## ALSO IN NEWS

### ဖလော်ရီဒါ ကိုလူချောရဲတွေရဲ့ Selfie ကြောင့် ပျိုမေတို့ သဲသဲလှုပ်

လူမှုကွန်ရက်မီဒီယာမှာတော့ အားလုံးသိကြတဲ့အတိုင်း ကိုလူချောတို့၊ မိန်းမချောတို့ကို ဝန်းရံချင်သူတွေ များပြားကြပါတယ်။ ဖလော်ရီဒါရဲတပ်ဖွဲ့က ရဲအရာရှိတွေက စုပြီးတော့ ဓာတ်ပုံရိုက် အင်တာနက်ပေါ်တင်ခဲ့ရာမှာ အမေရိကန်တစ်လွှားကပျိုမဒီတို့ ရာဇဝတ်မှုကျူးလွန်အောင် အားပေးလိုက်သလိုများ ဖြစ်သွားမလားလို့ သတင်းမီဒီယာတွေက ထေ့ငေါ့ရေးသားနေကြပါတယ်။ ဂိုင်နက်စ်ဗီလီရဲဌာနက အရာရှိသုံးဦးဟာ Facebook မှာ သူတို့သုံးယောက်ရဲ့ ဓာတ်ပုံကို Selfie ရိုက်တင်ခဲ့ပြီးတော့ ဘယ်လိုဘယ်ပုံ ချစ်စရာကောင်းတယ်လို့ ရေးကြသူများရဲ့ မှတ်ချက်တွေက တက်နေဆဲပါပဲ။ အရာရှိများဖြစ်ကြတဲ့ နေ့ဒ်မန်၊ ဟာမီလ်နဲ့ ရန်ဂရင်းတို့ ညဂျူတီဝင်ဖို့ အဆင်သင့်ဆိုပြီး ဓာတ်ပုံအောက်မှာ ရေးထားတာဖြစ်ပါတယ်။ သူတို့သာ အရောက်လာမယ်ဆိုရင် ဘဏ်ခါးပြတိုက်ပစ်မယ်လို့ လူမှုကွန်ရက်အသုံးပြုသူ အမျိုးသမီးတစ်ဦးက ပြောကြားခဲ့ပါတယ်။ ကောင်းပါတယ်၊ ယူနီဖောင်းဝတ် သန်မာအားကောင်းတဲ့အမျိုးသားတွေကို အမျိုးသမီးတွေ နှစ်သက်ကြတယ်ဆိုတော့ ရဲတပ်ဖွဲ့ကို ဝင်ချင်စိတ် လူငယ်တွေမှာ ရှိလာတာပေါ့။ ■ F-02



### ကမ္ဘာအနှံ့ ၇၈ ရက်အတွင်း စက်ဘီးစီးခဲ့သူ ဗြိတိန်သား

ရက်ပေါင်း ၈၀ အတွင်း ကမ္ဘာအနှံ့စက်ဘီးစီးတဲ့စံချိန်ကို ဗြိတိန်စက်ဘီးသမားတစ်ဦးက စံချိန်ချိုးခဲ့ပါတယ်။ မာ့ခ်ဗြူးမွန့်လို့ အမည်ရတဲ့ ဗြိတိန်စက်ဘီးသမားဟာ နိုင်ငံပေါင်း ၁၆ နိုင်ငံအတွင်းမှာ ၇၈ ရက် ၁၄ နာရီနဲ့ မိနစ် ၄၀ အတွင်း စက်ဘီးစီးခဲ့သူဖြစ်ပါတယ်။ ၎င်းဖြတ်သန်း စက်ဘီးစီးခဲ့တဲ့ မိုင်ပေါင်းဟာ တစ်သောင်းရှစ်ထောင်မိုင်ရှိပါသတဲ့။

"ကျွန်တော့်ခန္ဓာကိုယ်နဲ့စိတ်ဓာတ်အတွက် ဒါဟာ သံသယရှိစရာ မလိုလောက်အောင် ပြင်းထန်တဲ့ စိန်ခေါ်မှုဖြစ်ပါတယ်" လို့ ဗြူးမောင့်က ပြောကြားခဲ့ပါတယ်။

ဇူလိုင်လ ၂ ရက်နေ့မှာ ပြင်သစ်က စတင်ထွက်ခွာခဲ့ပြီး အအေးဒဏ် သုညဖြစ်နေတဲ့ ဩစတြေးလျ၊ နယူးဇီလန်ဒေသတို့ကို ဖြတ်ကျော်ခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုကို ဖြတ်သန်းစီးနင်းနေစဉ်မှာလည်း ဟာရီကိန်းအာမာ မိခဲ့ပြီးတော့ နောက်ဆုံးမှ ပြင်သစ်ကို ပြန်ရောက်လာတာဖြစ်ပါတယ်။ မာ့ခ်ဗြူးမွန့်ဟာ နယူးဇီလန်သား စက်ဘီးသမားတစ်ဦးရဲ့ ယခင်စံချိန်ကိုလည်း ချိုးခဲ့တာဖြစ်ပါတယ်။ ■ F-02

